
# ပုံပြင်ထဲမှာ လမ်းလျှောက်ခြင်း

## သစ္စာနီ




http://www.mmcybermedia.com

စာအုပ်စင် မန်ဘာများမှ စာရိုက် စာစစ်ပြီး အများဖတ်ရှုနိုင်ရန်
pdf အဖြစ်ပြုလုပ်ပေးပါသည်...

## အမှာစကား

စာကိုဖတ်တော့ အရယ်ရသား၊ လူကိုတွေ့တော့ ရယ်လည်းမရယ်ရဘူးဟု ပြောသူများနှင့် ကြုံဖူးပါသည်။ သူတို့သည် လူရှင်(လူပြက်)နှင့် ဟာသစာရေးဆရာကို မခွဲခြားတတ်သူများသာ ဖြစ်ပါသည်။ ကျွန်တော့်ကို ဘာကြောင့် ရယ်စရာတွေ ရေးနေတာလဲဟု မေးသူတိုင်းအား "လူတွေ ရယ်စေချင်လို့ပါ"ဟုသာ ကျွန်တော် ရိုးရိုးသားသား အဖြေပေးတတ်ပါသည်။ ထိုအဖြေမှာ ငှက်မွေးပုံသဏ္ဍာန် ထွင်းထုထားသည့် သံပန်းပုကဲ့သို့ ပေါ့ပေါ့ပါးပါးဟုထင်ရန်ရှိသော်လည်း လေးနက်ပါသည်။ လူတွေ ရယ်နေတာဟာ လူတွေ ငိုနေရတာထက် ပိုမကောင်းပေဘူးလား။ ကျွန်တော် ကူညီပါရစေ။

သို့သော် ကလိထိုးသလို စာမျိုးတော့ ကျွန်တော်မရေးတတ်တာ အမှန်ဖြစ်ကြောင်း ဝန်ခံရပါမည်။ ကျွန်တော့်စာများသည် ဝါးလုံးကွဲရယ်အောင် စွမ်းဆောင်နိုင်မည် မထင်ပါ။ တစေ့စေ့ ပြုံးကြရန်သာ ကျွန်တော်ရည်ရွယ်ပါသည်။

"ပုံပြင်ထဲမှာ လမ်းလျှောက်ခြင်း"မှာ ရယ်စရာသက်သက်မဟုတ်ပါ။ ပရိသတ်အများစု သိပြီး၊ ကြားဖူးပြီးသား ပုံပြင်များကိုပင် ခေတ်၊ အခြေအနေနှင့် လိုက်ဖက်အောင် အသွင်သစ် အမြင်သစ်ဖြစ်အောင် ဖန်တီး တင်ပြထားခြင်းဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ ထိုပုံပြင်များကပြောသော တွေးစရာအကြောင်း (ဒဿနဟုဆိုလျှင် ကြီးကျယ်ပေမည်)ကို စာဖတ်သူများ ခြေရာခံမိဖို့မျှသာ ဖြစ်ပါသည်။ ဆင့်ပွားအဓိပ္ပါယ်ကို ရှာဖွေရာတွင် လွယ်ကူမှု ရှိစေရန် လူသိများပြီးဖြစ်သော (အီစွတ်ပုံပြင်လို၊ ငါးရာ့ငါးဆယ်လို)ပုံပြင်များကိုပင် ဦးစားပေးရွေးချယ် ဖော်ပြထားပါသည်။ လူ့အဖွဲ့အစည်း၏ အမြီးအမောက် မတည့်မှုကို လှောင်ပြောင်ရင်း အသိပေးရန် ကြိုးစားထားပါသည်။ တချို့အပုဒ်များတွင် မူလစာရေးဆရာ၏ အာဘော်ကို ဆန့်ကျင်သော တင်ပြမှုမျိုးကို တွေ့ရသည်ရှိသော် ကျွန်တော့်ရည်ရွယ်ချက်ကို ငဲ့ကွက်၍ ခွင့်လွှတ်စေလိုပါသည်။ ကျွန်တော့်ရှေ့က ရေးခဲ့ဖူးသော ဆရာမြသန်းတင့်၏ "ကျွန်တော်ဆက်၍ ရေးချင်သော ဝတ္ထုများ"၏ တင်ပြပုံနှင့် ဆင်ကောင်းဆင်နေသည်ကိုလည်း နားလည်ပေးကြစေလိုပါသည်။

ပုံပြင်ထဲမှာ လမ်းလျှောက်ခြင်း တစ်မျိုးတည်း စုပေါင်းထုတ်ဝေရန် ရည်ရွယ်ခဲ့သော်လည်း စာအုပ်၏ စာမျက်နှာမှာ နည်းပါးနေသည့်အတွက် နောက်ဆက်တွဲအဖြစ် ကျွန်တော်ရယ်စရာမဂ္ဂဇင်းတွင် ရေးလက်စဖြစ်သော "ဇေ၀ံ မေ သုတံ"စာမူအချို့ကို ပူးတွဲဖော်ပြလိုက်ပါသည်။ မတူသော အရသာနှစ်ခုကို ပူးတွဲပေးလိုက်သည့်အတွက် နှစ်သက်ကြလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော်သည် စာအစုံရေးလေရာ (ဘာသာရေးစာပေ၊ နိုင်ငံရေးစာပေ၊ ကဗျာ၊ ဝတ္ထုတို၊ အနုပညာဆောင်းပါး စသဖြင့်) "ဟာသ"စာပေလည်းတစ်ခု အပါအဝင် ဖြစ်ပါသည်။ ကျွန်တော့် ဟာသစာပေကို လက်ခံဖတ်ရှု အားပေးနေသော ပရိသတ်အား ကျေးဇူးတင်မိကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည် ခင်ဗျား။

*သစ္စာနီ (၂၄ ဇွန် ၂၀၁၀)*

## မြေခွေးနှင့် ကျီးကန်း

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲမှာ လမ်းလျှောက်လာစဉ် တဲတစ်တဲ၏ ပြတင်းပေါက်ကနေ ဒိန်ခဲတစ်ခဲကို ကိုက်ချီကာ ပျံသန်းလာသော ကျီးကန်းတစ်ကောင်ကို တွေ့လိုက်ရလေသည်။ ထိုကျီးကန်းသည် ဒိန်ခဲကိုစားရန် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏ အကိုင်းတစ်ကိုင်းပေါ်တွင် နားလိုက်လေသည်။ ထိုအချိန်မှာပင် သစ်ပင်အောက်ကို မြေခွေးတစ်ကောင်သည် ရောက်ရှိလာကာ ကျီးကန်းကို မော့ကြည့်လိုက်လေသည်။

ယင်းကိုမြင်သည်နှင့် အီစွတ်ပုံပြင်ထဲမှ ပုံပြင်တစ်ပုဒ်နှင့် ကြုံတော့မည်ဟု ကျွန်ုပ်သိလိုက်သည်။ (ပုံပြင်ထဲတွင် ဤသို့ဖြစ်ခဲ့သည်။ မြေခွေးသည် ကျီးကန်းပါးစပ်ထဲမှ ဒိန်ခဲကိုစားလိုသဖြင့် သစ်ပင်အောက်တွင် ထိုင်ကာ ကျီးကန်းကို အမျိုးမျိုး မြှောက်ပင့်ပြောဆိုလေသည်။ နောက်ဆုံး ကျီးကန်း၏ အသံသာသာလေးကို ကြားလိုပါသည်ဆိုသဖြင့် ကျီးကန်းသည် သီချင်းဆိုလိုက်ရာ ကိုက်ချီထားသော ဒိန်ခဲသည် မြေခွေးပါးစပ်ထဲ လွတ်ကျသွားလေသည်ဆို၏) ကျွန်ုပ် ရပ်ကြည့်နားထောင်နေစဉ်မှာပင် မြေခွေးသည် ကျီးကန်းကို အမျိုးမျိုး မြှောက်ပင့်ပြောနေသည်ကို ကြားရ၏။

"မင်းရဲ့တစ်ကိုယ်လုံး နက်မှောင်လှပပြီး ကျော့ရှင်းနေတာပဲ။ ပွဲရတီ ရှန်ပိုနဲ့များ ရေချိုးထားသလားကွယ်။ သင်လှပသလိုပဲ သင့်ရဲ့အသံဟာ အင်မတန်လှပမယ်လို့ ငါထင်တယ်။ သင်သာ သီချင်းဆိုလိုက်ရင် ငှက်စုခင်ကတောင် အရှုံးပေးရလိမ့်မယ် ထင်တယ်။ မင်း ငါ့ကို သီချင်းတစ်ပုဒ်လောက် ဆိုပြပါလားကွယ်။ မင်းသာ သီချင်းဆိုပြရင် ငါလောက်ကံကောင်းတဲ့သူ ရှိမှာမဟုတ်ဘူး"

တကယ်လို့သာ ကျီးကသာ သီချင်းဆိုပြလိုက်ရင် သူကိုက်ထားတဲ့ ဒိန်ခဲဟာ ပါးစပ်ကထွက်ပြီး မြေခွေးစားဖို့ ဖြစ်သွားမှာကို သိလို့ မြေခွေးဟာ-

"ငါလောက်ကံကောင်းတဲ့သူ ရှိမှာမဟုတ်ဘူး"လို့ တွေးပြီးပြောတာ။ ကျီးကန်းက သီချင်းဆို ဝါသနာ ပါလေတော့ (သူတို့ရပ်ကွက်ထဲက ကာရာအိုကေဆိုင်မှာဆို သူက ဖောက်သည်ပဲတဲ့) မြေခွေးက သူ့အသံ ဘယ်လောက်ကောင်းလဲ သိရအောင် ဆိုလိုက်ချင်တယ်။ (တကယ်တော့ သူ့အသံက တပြဲပြဲတအဲအဲနဲ့မို့ အတော်ဆိုးဝါးပါတယ်) ဆိုပေမယ့်လည်း ဒီကျီးက 'အ'သုံးလုံးလောက်တော့ ကြေပုံစာတတ်ပုံရတယ်။ ပုံပြင်ထဲကကျီးလောက်တော့ မိုက်ပုံမရဘူး။ သူက သီချင်းမဆိုခင် ပါးစပ်ထဲက ဒိန်ခဲကို သစ်ကိုင်းပေါ်ချ အောက်ကျ မသွားအောင် သူ့ခြေထောက်နစ်ဘက်နဲ့ အသေအချာ ကုပ်ထားပြီးတော့မှ သီချင်း စဆိုတော့တယ်တဲ့။ သူ့အသံက တော်တော်ဆိုးပါတယ်။ မြေခွေးဟာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တော့ စိတ်ညစ်သွားတယ်။ ဒါပေမဲ့ ကောက်ကျစ်ပြီး ဉာဏ်များတဲ့သူပီပီ-

"ကျီးရယ်... မင်းအသံကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဆိုရုံဆိုပြီး ကိုယ်လက်လှုပ်ရှားမှုမပါတော့ ကြည့်လို့ မကောင်းပါဘူး။ ဂျနီဖာလိုပက်တို့ဆို သီချင်းလည်းဆို ကလည်းက... ဘယ်လောက် ကြည့်ကောင်း လိုက်သလဲ"

လို့ ထပ်ကွန့်တယ်။ ကျီးကလည်း မြေခွေး မြှောက်ပင့်ပြောတဲ့စကားကို အဟုတ်မှတ်သွားတယ်။ သူကလည်း ပေါ့သေးသေးမဟုတ်ဘူး။ ရုပ်ရှင်မင်းသမီး တင့်တင့်ထွန်းဖွင့်တဲ့ အကသင်တန်းကို တက်ခဲ့ဖူးသူဆိုတော့ အစ်ကိုကာလသားတွေ ရင်ဖိုသွားအောင် ဘော်ဒီရှိတ်ပြလိုက်ဦးမယ် တွေးပြီး-

သီချင်းဆိုရင်း အတောင်နှစ်ဘက်ကို ဖြန့်ပြီး ကပါလေရော။ အဲသလိုလည်း ကရော သစ်ကိုင်းကို ဒိန်ခဲနဲ့ ရောပြီးကုပ်ထားရတဲ့ ခြေထောက်ဟာ ဒိန်ခဲကြောင့်ချော်ပြီး ဟန်ချက်မထိန်းနိုင်ဘဲ အောက်ကို ပြုတ်ကျပါလေရော။ အဲသလို ပြုတ်ကျလာတုန်း အသင့်စောင့်နေတဲ့ မြေခွေးက ခုန်ဟပ်လိုက်တာနဲ့ ကျီးကန်းဟာ မြေခွေးပါးစပ်ထဲ ရောက်ပြီး ဇာတ်သိမ်းသွားပါလေရော။

တကယ့်အဖြစ်တွေဟာ ပုံပြင်တွေနဲ့ မတူဘူး။

ပုံပြင်တွေဟာလည်း လွဲတတ်တယ်လို့ သင်ခန်းစာယူပြီး ကျွန်ုပ်လည်း ပုံပြင်ထဲက လမ်းလျှောက် ပြန်ခဲ့ပါတော့တယ်။

*ဟဒယမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၆ခုနှစ်။*

## အဘွားအိုနှင့် အလုပ်သမားများ

တစ်နေ့သ၌ ကျွန်ုပ်သည် လမ်းလျှောက်သွားရင်း အဘွားအိုတစ်ဦး ပိုင်ဆိုင်သော ခြံတစ်ခြံသို့ ရောက်ရှိသွားသောအခါ ထိုင်မှိုင်နေသော အလုပ်သမားတစ်စုကို တွေ့ရလေသည်။ အကြောင်းစုံကို မေးကြည့်၍ သိရသောအခါ ကျွန်ုပ်သည်... 'အဘွားအိုနှင့် အလုပ်သမားများ' ပုံပြင်ထဲ ရောက်ရှိနေကြောင်း သဘောပေါက်၍ သွားလေတော့သည်။ ပုံပြင်ကား ဤသို့ဖြစ်၏။

တစ်ခါက အလုပ်ကို အင်မတန် မြတ်နိုးတဲ့ အဘွားအိုတစ်ယောက် ရှိတယ်။ သူက ကြက်တွန်တိုင်း အိပ်ရာက ထလေ့ရှိတယ်။ သူဟာ သူ့ခြံထဲက အလုပ်သမားတွေကိုလည်း သူ့လိုပဲ အလုပ်ကို မြတ်နိုးစေချင်တော့ လင်းကြက်တွန်သံကြားလို့ သူ့အိပ်ရာက ထလာတာနဲ့ အလုပ်သမားတွေကိုနှိုးပြီး အိပ်ရာကထခိုင်းတယ်။ နိုးလာရင် အလုပ်ခွင် ဝင်ခိုင်းလေ့ရှိတယ်။

ပျင်းရိတဲ့ အလုပ်သမားတွေက ဒီလို စောစော ထကြရတာကို မကျေနပ်ကြဘူး။ သူတို့က စောစောစီးစီးလည်း အလုပ်မလုပ်ချင်ကြဘူး။ ဒီတော့ ဘာလုပ်ရင်ကောင်းမလဲ တိုင်ပင်ကြတယ်။ (သူတို့ ဒီလိုစောစောထ အလုပ်လုပ်ရတာ ကြက်ဖကြောင့်ပဲ)လို့ သိကြတော့ ဒီကြက်ဖကို သတ်စားရရင် ဒီပြဿနာ မပေါ်နိုင်တော့ဘူးလို့ တွေးကြတယ်။ ဒီလိုနဲ့ တစ်ရက်မှာ အဘွားကြီးမသိအောင် ကြက်ကို ခိုးသတ်စားလိုက်ပြီး ကြက်မွေးတွေကို မြေမြှုပ်ပစ်လိုက်တယ်။ အဘွားအိုကတော့ သူ့ကြက်ဖ သာမန် အခိုးခံလိုက်ရပြီလို့ပဲ ထင်တယ်။

"ငါ့ကြက်ဖ အခိုးခံလိုက်ရတော့ ကြက်တွန်သံ မကြားနိုင်တော့ဘူး။ အဲဒါဆို မိုးလင်းပြီဆိုတာ ဘယ်လိုသိပြီး ငါဘယ်လိုလုပ်စားနိုင်တော့မှာလဲ"လို့ တွေးတောပူပန်တယ်။ ဒါကြောင့် သူဟာ ညဆို တစ်ရေးပဲအိပ်တယ်။ ဆက်အိပ်လိုက်ရင် အချိန်လွန်သွားမှာစိုးတဲ့အတွက် အရုဏ်မတက်ခင် မနက်အစောကြီးကတည်းက အိပ်ရာကထတယ်။ ပြီးတော့ အလုပ်သမားတွေကို အလုပ်လုပ်ဖို့ သွားနိုးတော့တာပဲ။ တစ်ခါတစ်လေ အလုပ်သမားတွေ အိပ်ရာဝင်ကာစ သန်းကောင်ကျော်ရုံပဲ ရှိသေးတယ်။ အဘွားအိုက လာနှိုးတော့ အလုပ်သမားတွေဟာ စောစောစီးစီးအိပ်ရာက ထပြီး အလုပ်ဝင်ကြရတော့တာပဲ။ အခုတော့ ကြက်ဖကြီးကို သတ်မိတာ သူတို့မှားတယ်လို့ မြင်လာကြပြီလေ။ ကျွန်ုပ်ကို အလုပ်သမားများက ဤသို့ ပြောလေသည်။

"ကြက်ဖတွန်လို့ နှိုးတုန်းကမှ အချိန်မှန်သေးတယ်။ အခုတော့ အဘွားအိုက သူနိုးတဲ့အချိန် ကျုပ်တို့ကို နှိုးတယ်။ တစ်ခါတလေ သန်းကောင်ကျော်ထပြီး ကျုပ်တို့အလုပ်လုပ်ကြရတယ်။ဒီဒုက္ခက လွတ်အောင် ဘယ်လိုလုပ်ရမလဲ"

ကျွန်ုပ်ဟာ အလုပ်ရှင်အဘွားအိုထံ သွားကာ ဆွေးနွေးရလေသည်။

"ဒီကိစ္စ ပြေလည်သွားအောင် နောက်ထပ်ကြက်ဖတစ်ကောင် အစားဝယ်လိုက်ပါ"

သို့သော် အဘွားအိုက လက်မခံ။

"ဟိုတစ်ကောင်တုန်းကတော့ ဘူးသီးနဲ့တွေ့သွားပြီ။ ဒီတစ်ကောင်လည်း အာလူးနဲ့တွေ့ဦးမှာပဲ"

သူ့ကြက်ကို အလုပ်သမားတွေ သတ်စားကြောင်း သူကောင်းကောင်းသိနေလေသည်။ (ပုံပြင်ထဲက အလုပ်ရှင်အဘွားအိုမှာ ဤကိစ္စကို မသိဆိုတဲ့အတွက် ယုတ္တိမရှိဟု ကျွန်ုပ်တွေ့သော အဘွားအိုက ဆိုလေသည်။)

"သူတို့ကို တမင် သင်ခန်းစာပေးချင်လို့ အခုလို မနက်မတိုင်မီ နိုးပြီး ခိုင်းနေတာပဲ"
ဟုဆိုသည်။ အဘွားအို၏လုပ်အား ခေါင်းပုံဖြတ်မှုကို မာ့က်စ်၏ 'အပိုတန်ဖိုး ထုတ်လုပ်မှု သီအိုရီ'ထဲတွင် ရှာမတွေ့ခဲ့ပါ။ အဘွားအိုက-
"မင်းမပူနဲ့ ငါလည်း ဒီလောက် သင်ခန်းစာပေးရတာ ကျေနပ်ပါပြီ။ မနက်ဖြန်ကစပြီး အချိန်မှန်ပါတော့မယ်"
"ခင်ဗျား ကြက်ဖတစ်ကောင်ဝယ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"
"ဟင့်အင်း... စားပွဲတင်နှိုးစက်နာရီတစ်လုံး ဝယ်လိုက်တာ"

မှန်ပါသည်။ စားပွဲတင်နာရီသည် အာလူးနှင့်သော်လည်းကောင်း၊ ဘူးသီးနှင့်သော်လည်းကောင်း တွေ့နိုင်ရန် အကြောင်းမရှိပါ။

*ဟာဒယမဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၆ခုနှစ်။*

## သိုးကျောင်းသားနှင့် ဝံပုလွေ

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲ၌ လမ်းလျှောက်ထွက်လာစဉ် တစ်ခုသော တောင်ခြေ၌ ဝံပုလွေတစ်ကောင်နှင့် တွေ့ရလေသည်။ ပုံပြင်ထဲတွင် တွေ့ရလေ့ရှိသော ဝံပုလွေများမှာ ရက်စက်ကောက်ကျစ်သော သတ္တဝါများသာ ဖြစ်သဖြင့် ကျွန်ုပ်လည်း မမြင်ချင်ယောင်ဆောင်ကာ သွားမယ်ပြုခိုက် ဝံပုလွေက လှမ်းကာ နှုတ်ဆက်သဖြင့် မလွှဲသာဘဲ စကားစမြည် ပြောဆိုရလေသည်။

"ကျုပ်ကတော့ ပုံပြင်ထဲမှာ လမ်းလျှောက်တဲ့သူပါ။ ကျုပ်တွေ့ရသလောက်တော့ တချို့ပုံပြင်တွေက သဘာဝမကျဘူး။ ယုတ္တိမရှိဘူး။ တချို့ပုံပြင်တွေကျတော့ ပေးတဲ့သင်ခန်းစာတွေက မှားယွင်းနေတယ်။ ကျွန်ုပ်အတွေ့အကြုံအရတော့ လူတွေဟာ ပုံပြင်တွေကို မယုံသင့်ကြဘူး။ ဒါထက်ခင်ဗျားရော ပုံပြင်တွေ ဖတ်သလား"
လို့ သူ့ကို မေးတော့ သူက-
"ဖတ်တာပေါ့။ သိပ်ဖတ်တာပေါ့။ ကျုပ်အကြိုက်ဆုံးကတော့ အီစွတ်ပုံပြင်ပဲ"လို့ဖြေတယ်။ ကျွန်ုပ်က-
"အခု ခင်ဗျား ဘယ်သွားမလို့လဲ မေးတော့ သူကရယ်ကျဲကျဲနဲ့ တောင်ပေါ်က သိုးကျောင်းသားကို သွားစားမလို့"
လို့ပြောပြီး ထွက်သွားတယ်။ သူထွက်သွားမှ သတိရတယ်။ ဒီပုံပြင်ကို ကျွန်ုပ်ဖတ်ဖူးတယ်။ ပုံပြင်က ဒီလိုပါ။

တစ်ခါတုန်းက နောက်ချွတ်ချွတ်နိုင်တဲ့ သိုးကျောင်းသား လူငယ်လေးတစ်ယောက်ရှိတယ်။ သူဟာ တောင်စောင်းမှာ နေ့စဉ် သိုးကျောင်းလေ့ရှိတယ်။ သူဟာ သိုးကျောင်းနေရတာ တစ်ယောက်တည်းမို့ ပျင်းလျှင် တောင်စောင်းကနေပြီး-
"ဝံပုလွေဗျို့… ဝံပုလွေ… လာကယ်ကြပါဦး"
လို့ နောက်ပြောင်အော်တယ်။ ဒီအသံကြားတော့ တောင်ခြေမှာ အလုပ်လုပ်နေတဲ့ လူတွေကလည်း ရရာလက်နက်ဆွဲပြီး တောင်ပေါ်ကို ပြေးတက်ကြတယ်။ တောင်ပေါ်ရောက်တော့မှ ဝံပုလွေ တကယ်မလာဘဲ ကောင်လေးက နောက်ပြောင်အော်တာလို့ သိကြရတယ်။ ကောင်လေးကတော့ အဲဒီလူတွေကို ကြည့်ပြီး ရယ်မောနေတာပေါ့။

ကောင်လေးဟာ ဒီလိုပဲ မကြာခဏ လှည့်စားနောက်ပြောင်တတ်တော့ နောက်ဆိုကောင်လေးရဲ့ 'ဝံပုလွေလာပြီ။ ဝံပုလွေလာပြီ'ဆိုတဲ့ အော်သံကြားပေမယ့် သူတို့ဟာ ရောက်မလာတော့ဘူးတဲ့။

"အလကားပါကွာ… ကောင်လေးဟာ ဝံပုလွေမလာဘဲ တို့ကိုနောက်ပြောင်ချင်လို့ အော်နေတာပါ"လို့ ပြောပြီး ကိုယ့်အလုပ်ပဲ ကိုယ်ဆက်လုပ်နေကြတော့တယ်တဲ့။

ဒီလိုနဲ့ တစ်နေ့တော့ ဝံပုလွေတစ်ကောင်ဟာ ကောင်လေးသိုးကျောင်းတဲ့ဆီကို ရောက်လာတယ်။ သိုးတွေကလည်း အလန့်တကြား ပြေးလွှားကြတယ်။ ကောင်လေးကလည်း-
"ဝံပုလွေ လာပြီ။ ဝံပုလွေ လာပြီ"

လို့ အသံကုန် အော်တယ်။ ဒါပေမဲ့ တောင်အောက်က လူတွေကတော့ ကောင်လေး အရင်ကလိုပဲ နောက်တယ်ထင်ပြီး တောင်ပေါ်တက်မလာကြဘူး။ ဝံပုလွေက ကောင်လေး အော်သံကြောင့် လူတွေရောက်လာမှာစိုးပြီး ကောင်လေးကိုအရင် ကိုက်သတ်လိုက်တယ်။ ပြီးတော့ သူကြိုက်တဲ့ သိုးတွေကို သတ်စားတယ်။ နောက်ဆုံးကျတော့ တောင်အောက်က လူတွေဟာ အဖြစ်မှန်ကို သိပြီး ဝမ်းနည်းသွားကြတယ်။

ပုံပြင်လေးကတော့ အဲဒါပါပဲ။

ကျွန်ုပ်လည်း ကောင်လေးမသေအောင် ကူညီမယ်ဆိုပြီး တောင်ခြေကလူတွေဆီ သွားပြောတယ်။ ကောင်လေးဆီကို ဝံပုလွေတစ်ကောင် သွားနေပြီ ဆိုတဲ့အကြောင်းပေါ့။ သူတို့က-
"မပူပါနဲ့ဗျာ။ ကောင်လေးသိုးကျောင်းတဲ့နေရာမှာ တယ်လီဗီးရှင်းကင်မရာ ကျွန်ုပ်တို့ ဆင်ထားပါတယ်။ ဒီဝံပုလွေလာတာနဲ့ ကျုပ်တို့သိမှာပဲ"
လို့ ပြောတယ်။ သူတို့ ပြောတဲ့အတိုင်းပဲ သူတို့မှာရှိတဲ့ ရုပ်မြင်သံကြားထဲမှာ ဝံပုလွေဟာ ပေါ်ပေါက်လာပါတယ်။ သူတို့လည်း လက်နက်တွေဆွဲပြီး တောင်ပေါ်တက်သွားကြတယ်။ နောက်ဆုံးတော့ ခေတ်ကြီး ပြောင်းလဲတိုးတက်နေတာကို မသိတဲ့ ဝံပုလွေဟာ သူတို့လက်ချက်နဲ့ သေဆုံးသွားရ ရှာပါတော့တယ်။

*ဟာဒယမဂ္ဂဇင်း၊ မေလ၊ ၂၀၀၆ခုနှစ်။*

## မြေခွေးနှင့် ကြက်ဖ

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲမှာ လမ်းလျှောက်လာစဉ် မြေခွေးတစ်ကောင်နှင့် ကြက်ဖတစ်ကောင်ကို တွေ့ရလေသည်။ ကြက်ဖသည် သစ်ပင်၏ အကိုင်းတစ်ကိုင်းပေါ်တွင် နားနေပြီး မြေခွေးက သစ်ပင်အောက်မှ ထိုင်ကာ စကားဆိုနေကြသည်။

မြေခွေးက-
"မင်္ဂလာပါ ကြက်ဖ… ခင်ဗျားရဲ့တွန်သံက တကယ်မင်္ဂလာနဲ့ ပြည့်စုံတာပဲ။ ကျုပ်ပြောမယ့်သတင်းက ဒီထက်ပိုပြီး မင်္ဂလာရှိသေးတယ်။ ခင်ဗျား အောက်ကိုဆင်းပြီး လာနားထောင်ပါလား"
လို့ဆိုတယ်။ The Fox and the cock (မြေခွေးနဲ့ ကြက်ဖ) ဆိုတဲ့ ပုံပြင်ကို ကျွန်ုပ်ဖတ်ပြီးပြီ။ ပုံပြင်ထဲက အတိုင်းဆိုရင်တော့ မြေခွေးက ကြက်ဖရဲ့အသားကို စားချင်လို့ ပရိယာယ်စကား ဆိုနေတာပဲ။ ကြက်ဖကလည်း ပါးနပ်တယ်။ မြေခွေးရဲ့အကြံကို ရိပ်မိတော့-
"မလာတော့ပါဘူး ကိုမြေခွေးရယ်… အဲဒီကသာ ပြောပါ။ ကျုပ်ကောင်းကောင်း ကြားနေရတာပဲ။ သတင်းက ဘာသတင်းများလဲ"
"ဒီလိုလေ… အရင်ကဆို ခင်ဗျားတို့ ကြက်ဖတွေဟာ ကျုပ်တို့မြေခွေးတွေကို ကြောက်ရွံ့နေတယ် မဟုတ်လား။ အခု ကြောက်စရာ မလိုတော့ဘူး။ ငှက်တွေ၊ ငါးတွေပါမကျန် တိရစ္ဆာန်တွေ အားလုံးဟာ မဟာမိတ်ဖွဲ့ဖို့ သဘောတူလိုက်ကြပြီ။ တစ်ယောက်ကို တစ်ယောက် မသတ်ဖြတ်ရတော့ဘူး။ နာကျင်အောင် မလုပ်တော့ဘူး"
"ဒီသတင်းက တကယ့်သတင်းမှန် ဟုတ်ရဲ့လား"
"အမှန်ပေါ့… ကိုကြက်ဖရယ်။ ဝံပုလွေကိုလည်း သိုးကကြောက်ဖို့ မလိုတော့ဘူး။ ကြွက်ကလည်း ကြောင်ကို ကြောက်ဖို့ မလိုတော့ဘူး။ သမင်တွေလည်း ခြင်္သေ့ကို ကြောက်ဖို့ မလိုတော့ဘူး။ အခုဆို ခင်ဗျားနဲ့ကျုပ်လည်း အတူတူကစားနိုင်ပြီ။ သစ်ပင်အောက်ကိုသာ ဆင်းခဲ့စမ်းပါ"

ဒါပေမဲ့ ကြက်ဖက ဆင်းမလာဘူး။
"ဒီသတင်းက တကယ်မှန်ရဲ့လား"
"မှန်ပါတယ်။ သတင်းစာထဲမှာတောင် ပါသေးတယ်"
"ကျုပ်ကစာမှ မဖတ်တတ်ဘဲ"
"ဒါဆိုရင်လည်း ကျုပ်ပြောတာကို ယုံစမ်းပါ။ ဒါထက် ခင်ဗျား ဘာကို မျှော်ကြည့်နေတာလဲ"

"ကျုပ်လား… ကျုပ်က အပင်ပေါ်ကဆိုတော့ ခပ်လှမ်းလှမ်းကို မြင်ရတယ်။ ဒီဘက်ကိုဆာလောင်နေတဲ့ ခွေးတစ်အုပ် ဆင်းလာနေတယ်။ ကျုပ်ကြည့်ရတာ သူတို့လည်း သတင်းစာဖတ်ရဦးမှာ မဟုတ်ဘူး။ ဒီတော့ တိရစ္ဆာန်တွေ မဟာမိတ်ဖွဲ့ကြတဲ့သတင်းကို သိကြပုံလည်း မရဘူး"

ဒီကြက်ဖ စကားကိုကြားတော့ မြေခွေးက ဟားတိုက် ရယ်တယ်။

"ကိုကြက်ဖ… ခင်ဗျား ဒီနည်းသုံးလို့ မရဘူး။ ကျုပ်က အဲ့စွတ်ပုံပြင်စာအုပ်ကို ဖတ်ပြီးသား။ ခင်ဗျားက ဒီလိုပဲ လိမ့်လိုက်ရော ပုံပြင်ထဲက မြေခွေးလည်း ကြောက်လန့်တကြားနဲ့ ထွက်ပြေးတာ မဟုတ်လား။ တကယ်တော့ ဘယ်ခွေးမှ မလာပါဘူး"

လို့ မြေခွေးဟာ ရယ်မောရင်း ပြောတယ်။ အနားရောက်နေတဲ့ ကျွန်ုပ်လည်း ကြက်ဖတော့ အခက်ကြုံနေပြီလို့ တွေးလိုက်မိတယ်။ သူက မြေခွေးကို လှည့်ဖျားလို့မှ မရတော့ဘဲကိုး။ ဒီတော့ ကြက်ဖက-

"အင်း… ခင်ဗျားက ကျုပ်အသား သိပ်စားချင်ပုံရတယ်။ ဒါဆိုရင်လည်း ကျုပ်ကျွေးပါ့မယ်။ တကယ်တော့ ကျုပ်ကလည်း သိပ်မျှော်လင့်ချက် မရှိတော့ဘူး။ ကျုပ် ရေရှည်အသက်ရှင် မနေနိုင်တော့ဘူး။ ကျုပ်မှာ အဆိုးဝါးဆုံး ကြက်ငှက်တုပ်ကွေးရောဂါ ရနေတာ ကြာပြီ။ ဒီတော့ ခင်ဗျား စားချင်လည်း စားတော့။ ခင်ဗျားအနားကို ကျုပ်လာခဲ့မယ်"

လို့ ပြောလိုက်တယ်။ ဒီစကားလည်း ကြားရော…

"မင်း ငါ့နားကို မလာနဲ့။ ငါ့နားကို မလာနဲ့"

လို့ပြောပြီး မြေခွေးဟာ သစ်ပင်အောက်က အမြန်ဆုံး ထွက်ပြေးသွားတော့တယ်။ ကျွန်ုပ်လည်း အမြန်ဆုံး အဲဒီနေရာက လစ်ပြေးခဲ့ရတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဆိုတာ ကုစရာ ဆေးနတ္ထိ၊ အင်မတန် ကြောက်စရာကောင်းတာကိုး။ အခုပဲကြည့်… ဒီရောဂါဟာ တစ်ကမ္ဘာလုံးတင်မကဘူး ပုံပြင်ထဲမှာတောင် ကူးစက်နေပြီ။

*ဟာဒယမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၆ခုနှစ်။*

## ဆားအိတ်တင်လာတဲ့ မြည်း

တစ်နေ့တော့ ကျွန်ုပ်ဟာ ပျင်းပျင်းရှိတာနဲ့ ပုံပြင်ထဲမှာ လမ်းလျှောက်လာရင်း ချောင်းတစ်ချောင်းနား ရောက်လာတယ်။ အဲဒီနေရာမှာ ချောင်းကို ဖြတ်ကူးဖို့ ဆောက်ထားတဲ့ တံတားလေးတစ်စင်းလည်း ရှိတယ်။ တံတားက ကျဉ်းလည်းကျဉ်း၊ အရံအတားလည်း မရှိဘူး။ အဲဒီနားမှာ မြည်းတစ်ကောင်နဲ့ မြည်းပိုင်ရှင် ကုန်သည်တစ်ယောက်ကလည်း တံတားကို ဖြတ်ကူးဖို့ ပြင်ဆင်နေတာ တွေ့ရတယ်။ မြည်းရဲ့ ကျောပေါ်မှာလည်း ဘယ်ရောညာပါ အိတ်ကြီးတွေနဲ့ ထည့်ထားတဲ့ ဘာမှန်းခွဲခြားမရတဲ့ ကုန်ပစ္စည်းတွေ တွေ့ရတယ်။ ကျွန်ုပ်က စပ်စပ်စုစု-

"မိတ်ဆွေ... ဘာပစ္စည်းတွေများ ရောင်းဝယ်ဖို့ တင်လာတာလဲ"

လို့ မေးကြည့်မိတယ်။ သူက ကျွန်ုပ်ကို လက်မောင်းဆွဲပြီး ဝန်တင်မြည်းနဲ့ ခပ်လှမ်းလှမ်းနေရာ ခေါ်သွားတယ်။

ကျုပ်တို့ပြောတဲ့စကားကို ဒီမြည်းမကြားစေချင်ဘူးလို့ ပြောတယ်။

"ဒီတိရစ္ဆာန်တွေဟာ ယုံရတာ မဟုတ်ဘူးဗျ။ ပုံပြင်တွေထဲမှာဆို သူတို့ဟာ လူစကား နားလည်တဲ့ သတ္တဝါတွေချည်းပဲ"

လို့ ခပ်တိုးတိုး ပြောသေးတယ်။ ပြီးတော့ သူကဆက်ပြောတယ်။

"ကျုပ်က ဆားကုန်သည်ပါ။ အရင်ကတော့ ပင်လယ်ကမ်းခြေက ဆားတွေကို ဝယ်ပြီး ကျုပ်တို့အရပ်မှာ ပြောင်းရောင်းတာပေါ့"

လို့ ပြောတယ်။ ဒီတော့မှ ကျုပ်လည်း ကျုပ်ဟာ The Ass with the Load of Salt ပုံပြင်ထဲ ရောက်နေမှန်း သဘောပေါက်သွားတယ်။

ပုံပြင်က ဒီလိုပါ။

တစ်ခါက ပင်လယ်ကနေ မြည်းနဲ့ ဆားA ိတ်တင်ပြီး ပြန်လာတဲ့ ကုန်သည်တစ်ယောက်ဟာ ချောင်းကို ဖြတ်ထိုးထားတဲ့ တံတားကျဉ်းလေးတစ်ခုကို ကူးရင်း သူ့မြည်းဟာ ခြေချော်ပြီး ရေထဲ ကျသွားတယ်တဲ့။ မြည်းဟာ ရုန်းကန်ပြီး ခက်ခက်ခဲခဲနဲ့ ကုန်းပေါ် ပြန်တက်နိုင်ပေမယ့် A ိတ်ထဲက ဆားတွေကတော့ ချောင်းရေနဲ့ တွေ့ထိတုန်း A တော်များများ A ရည်ပျော်သွားတယ်တဲ့။ A ဲဒီမှာ သူ သယ်ရတဲ့ ဝန်ထုပ်ဝန်ပိုး တော်တော်ပေါ့ပါးသွားတာ မြင်တော့ မြည်းဟာ A ငံမတန် သဘောကျသွားတယ်။ ကုန်သည်ကတော့ ဆားတွေ ဆုံးရှုံးကုန်တာပေါ့။

နောက်တစ်ကြိမ် ကျတော့လည်း ဒီလိုပဲ။ မြည်းဟာ တော်တော်ပါးနပ်နေပြီ။ သူပထမ ပြုတ်ကျခဲ့တဲ့ ဒီတံတားပေါ် ရောက်တော့ မတော်တဆ ခြေချော်သလိုနဲ့ ရေထဲကို ဟန်ဆောင် ပြုတ်ကျပြန်တယ်တဲ့။ ဒီတစ်ခါလည်း ချောင်းရေနဲ့တွေ့ပြီး ဆားတွေ A တော်များများ A ရည်ပျော်ကုန်တယ်။ မြည်းဟာ ရုန်းကန်ပြီး ကုန်းပေါ်ပြန်ရောက်တော့ ဝန်ထုပ်ဝန်ပိုး ပေါ့သွားတာ တွေ့ရတယ်။ ငါ တယ်ဟုတ်ပါလားလို့ သူလည်း

ကိုယ်ကိုကိုယ် အထင်ကြီးသွားတာပေါ့လေ။ မြည်းရှင်ကတော့ တော်တော်ဒေါသထွက်နေတယ်။ သူ့မြည်းဟာ ဒီတစ်ခါတော့ ရေထဲကို ပြုတ်ကျချင်ယောင် တမင်တကာဆောင်တာ ဖြစ်ကြောင်း ရိပ်မိသွားတယ်။ ဒီမြည်းရဲ့ မကောင်းတဲ့အကျင့်ကိုတော့ ပညာပေးပြီး ဖျောက်ပစ်မှ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

နောက်တစ်ခါ ပင်လယ်ကို ကုန်ဝယ်ထွက်တဲ့အခါမှာတော့ မြည်းရှင်ဟာ ခါတိုင်းလို ဆားတွေ မဝယ်ဘဲ ရေမြှုပ်တွေ ဝယ်ပြီး မြည်းကိုအသယ်ခိုင်းတယ်။ ဒီလိုနဲ့ အဲဒီချောင်းကို ဖြတ်တဲ့တံတားပေါ် လည်းရောက်ရော မြည်းဟာ အရင်ကလိုပဲ ခြေချော်ဟန်ဆောင်ပြီး ရေထဲကို ပြုတ်ကျပါလေရော။ ဒီတစ်ခါတော့ သူကံဆိုးတယ်လို့ ဆိုရမယ်။ သူ့ကျောပေါ်မှာ အိတ်နဲ့ ထည့်လာတဲ့ ရေမြှုပ်တွေဟာ ရေနဲ့ တွေ့တော့ ဆားတွေလို အရည်ပျော်သွားမယ့်အစား ချောင်းရေတွေကို ရနိုင်သလောက် စုပ်ယူရင်း ပြည့်တင်းလာတာပေါ့။ မြည်းဟာ ရုန်းကန်ပြီး ကုန်းပေါ်ပြန်တက်တော့ သူသယ်ရတဲ့ ဝန်ထုပ်ဟာ အရင်ကထက် ပိုပြီး လေးလံနေတာ တွေ့ရတယ်။ သူဟာ အဲဒီကတည်းက သင်ခန်းစာ ရသွားတော့တယ်။ နောက်တစ်ကြိမ်တွေမှာ ဘာပစ္စည်းတွေပဲ တင်လာတင်လာ ဒီတံတားပေါ်ရောက်ပေမယ့် မတော်တဆ ပြုတ်မကျတော့ဘူးတဲ့။ ပုံပြင်ကတော့ အဲဒါပါပဲ။

ကျွန်ုပ်က ကုန်သည်ကို သူ့စကား မဆုံးခင်-
"ဒီတစ်ခါ ခင်ဗျား မြည်း ကျောပေါ်တင်လာတာ ရေမြှုပ်တွေပေါ့"
လို့ ပြောလိုက်တယ်။ ကုန်သည်က ကျွန်ုပ်ကို အံ့သြသလို ကြည့်ပြီး-
"ခင်ဗျားလည်း ဒီပုံပြင်ကို ဖတ်ဖူးသလား"
လို့ မေးတယ်။

"ကဲ ကြံတုန်း ဒီလို မိုက်မဲတဲ့ ကောက်ကျစ်တဲ့ မြည်းတစ်ကောင်ကို ကျုပ်ပညာပေးတာ ခင်ဗျားလည်း ကြည့်သွားပါဦး"
လို့ ဖိတ်ခေါ်တယ်။

ဒီလိုနဲ့ သူနဲ့ သူ့မြည်းဟာ တံတားကို ဖြတ်ကူးတယ်။ ပုံပြင်ထဲကအတိုင်းပဲ မြည်းဟာ ရေထဲ ချော်ကျတယ်။ ရေမြှုပ်တွေက လေးလံလွန်းလို့ မြည်းဟာ ကုန်းပေါ် ရုန်းမတက်နိုင်ဘူး။ သူနဲ့ ကူပြီး ကျွန်ုပ်ပါ ရေထဲကနေ ကုန်းပေါ် ဆွဲတင်ပေးပါတယ်။ ဒါပေမဲ့ ဝန်ထုပ်ဝန်ပိုးတွေက လေးလွန်းလို့ အဲဒီမြည်းဟာ ခါးကျိုးပြီး သေရှာပါလေရော။ ဒီတော့ မြည်းရှင်ဟာ မြည်းတစ်ကောင်လုံး ဆုံးပါပြီဆိုပြီး ချောင်းဘေးမှ ထိုင်ငိုနေလေရဲ့။

ကျွန်ုပ်သိတာကတော့ ပုံပြင်တွေမှာလည်း အချိန်အဆဆိုတာ ရှိတယ်။ အချိန်အဆ လွန်ကဲရင် ဘယ်ဟာမှ မကောင်းဘူးဆိုတာပါပဲ။

*ဟာဒယမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၆ခုနှစ်။*

## နွားစာခွက်ထဲက ခွေး

တစ်နေ့တွင် ကျွန်ုပ်သည် ထုံးစံအတိုင်း ပုံပြင်ထဲတွင်လမ်းလျှောက်၍ လာလေသည်။ အချိန်ကား ညဥ့်ယံလွန်ပြီးစ မိုးဦးသောက်ကာလ ဖြစ်သည်။ တစ်နေရာတွင် အိပ်ချင်မူးတူး လမ်းလျှောက်လာသော ခွေးတစ်ကောင်နှင့် ရင်ဆိုင်တိုးရလေသည်။ သူက နိုက်ကလပ်တွင် တစ်ညလုံးကကာ ပြန်လာသော ခွေးဟု ပြောသည်။ ကျွန်ုပ်က တည်းခိုခန်း တစ်ခုခုတွင်သွားအိပ်ဖို့ ပြောသည်။

"မိတ်ဆွေ စဉ်းစဉ်းစားစား ပြောပါ။ ကျုပ်မှာ မှတ်ပုံတင်မှ မရှိဘဲ"

ဟုတ်သည်။ တည်းခိုခန်းနှင့် ဟိုတယ်များတွင် တည်းခိုရန် မှတ်ပုံတင်ပြနိုင်ဖို့ လိုသည်။ ဒါဆိုလည်း လမ်းဘေးက သစ်ပင်တစ်ပင်အောက်မှာ ထိုးအိပ်လိုက်ပါလား ဆိုတော့-
"ကျုပ်က ဒီလို မြေကြီးပေါ်အိပ်တဲ့ အကောင်မဟုတ်ဘူး။ နူးနူးညံ့ညံ့ နွေးနွေးထွေးထွေး အိပ်စရာ နေရာလေးတစ်ခုတော့ ရမှ ဖြစ်မယ်"
လို့ပြောတယ်။ သူ့အိမ်ကလည်း ပြန်ဖို့ ဝေးပုံရတယ်။ ဒါမှမဟုတ် အိမ်ခြေရာခြေ မရှိတဲ့ ခွေးတစ်ကောင် ဖြစ်ပုံရတယ်။

နောက်တော့ သူသတိရပြီး-
"ဟော... ကျုပ်သိပြီ။ ဒီနားမှာ နွားတင်းကုပ်တစ်ခုရှိတယ်။ အဲဒီကို သွားမယ်။ သူတို့ရဲ့ နွားစာခွက်ဟာ ကောက်ရိုးပုံတွေနဲ့ ပြည့်နေတာပဲ။ အဲဒီထဲ ခုန်တက်ပြီး အိပ်လိုက်ရရင် ဇိမ်ပဲ။ ကြယ်ငါးပွင့်ဟိုတယ်က ဒီလက်စ်အခန်းနဲ့တောင် မလဲနိုင်ဘူး"
လို့ ပြောတယ်။ ကျွန်ုပ်က-
"ကျုပ် ဒီပုံပြင်ကို ဖတ်ဖူးတယ်။ ခင်ဗျားကို နွားတွေက အပြစ်လိမ့်မယ်"
လို့ ပြောပေမယ့် သိပ်အိပ်ချင်နေတော့ သူ ဂရုစိုက်ပုံမရဘူး။ နွားတင်းကုပ်ဆီပဲ ထွက်သွားတယ်။ ဒါနဲ့ ကျွန်ုပ်လည်း အခြေအနေကို သိရအောင် နောက်ကနေ လိုက်သွားကြည့်တယ်။ ခွေးပြောတာ မှန်တယ်။ နွားတင်းကုပ်ထဲမှာ ကောက်ရိုးတွေ ပြည့်နေတဲ့ နွားစာခွက်ကြီး ရှိတယ်။ ခွေးဟာ အဲဒီ နွားစာခွက်ထဲ ခုန်တက်ပြီး ဇိမ်နဲ့ လှဲလိုက်တယ်။ ကျွန်ုပ်က-
"မကြာခင် နွားတွေ ရောက်လာလိမ့်မယ်။ သူတို့က ကောက်ရိုးတွေကို ဆွဲစားရင် မင်းကို လှုပ်နှိုးသလို ဖြစ်လိမ့်မယ်"
ဆိုတော့ ခွေးက-
"အဲဒါဆို ကျုပ်က ဝုန်းခနဲ ထပြီး ရန်တွေ့လိုက်မှာပေါ့။ ထွက်သွားကြစမ်း။ ဒီမှာ ကျုပ်ရှိနေတာ မမြင်ဘူးလား။ ခင်ဗျားတို့ လာမထိနဲ့လို့ ပြောပစ်လိုက်မယ်"
လို့ ဆိုတယ်။ ပုံပြင်ထဲမှာတော့ ဒီအတိုင်းပဲ။ နွားတွေက လက်မှိုင်ချပြီး-
"ဒီခွေးဟာ တော်တော် တစ်ကိုယ်ကောင်းဆန်တယ်။ ကောက်ရိုးတွေကို သူကိုယ်တိုင်လည်း စားလို့ မရဘဲနဲ့ သူများကိုလည်း စားခွင့်မပေးဘူး"
လို့ အပြစ်တင်ကြမယ်။

ကျွန်ုပ် စောင့်ကြည့်နေတုန်းပဲ နွားတင်းကုပ်ထဲကို နွားတွေဝင်လာတယ်။ သူတို့ဟာ အလုပ်လုပ်ရာက ပြန်လာကြတာဆိုတော့ မောပန်းဆာလောင်လာကြတယ်။ ဒီတော့ ကောက်ရိုးပုံကို မစစ်ဆေးနိုင်ဘဲ တစ်ယောက်တစ်ပေါက် ဆွဲစားကြတယ်။ နွားတစ်ကောင်က ကောက်ရိုးနဲ့ ရောနေတဲ့ ခွေးရဲ့ နားရွက်တစ်ဖက်ကို ကိုက်မိပြီး နွားတစ်ကောင်က ခွေးရဲ့ အမြီးကို ကိုက်မိတယ်။ ခွေးဟာ နာလွန်းလို့ အိပ်နေရာက လန့်နိုးပြီး အော်တယ်။

"ခင်ဗျားတို့ကျုပ်အိပ်နေတာ မမြင်ကြဘူးလား" မေးတော-
"ဒါ မင်းရဲ့အိပ်ရာမဟုတ်ဘူး။ နွားစာခွက်ကွ"
"မင်းမြန်မြန်မဆင်းရင် တို့အဆိုးမဆိုနဲ့"

ဒီတော့ ခွေးဟာ ဟိန်းဟောက်မနေနိုင်ဘဲ ခုန်ဆင်းလိုက်ရတယ်။

"နွားတွေက ခွေးဟောက်သမျှ ခံရမယ်လို့ မကြားဖူးပါဘူး"
"ဒီအီစွတ်ဆိုတဲ့ လူဟာ စိတ်မှ နှံ့ရဲ့လားမသိဘူး"
"အေး... ဒီခွေးကတော့ စိတ်နှံ့ပုံမရဘူး။ ဒါကြောင့် နွားစာခွက်ထဲ ဝင်အိပ်တာပေါ့"

နွားတစ်ကောင်က ကန်လိုက်တယ်။ နွားတစ်ကောင်က ချိုနဲ့ လိုက်ဝှေ့တာနဲ့ နွားတင်းကုပ်ထဲက အသက်လု ထွက်ပြေးခဲ့ရတယ်တဲ့။

*ဟာဒယမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၆ခုနှစ်။*

## ရွှေဥ ဥသော ငန်း

တစ်နေ့တော့ ကျွန်ုပ်ဟာ ပျင်းပျင်းရှိတာနဲ့ လမ်းလျှောက်လာရင်း ရွာတစ်ရွာနား ရောက်လာတယ်။ ဒါနဲ့အနီးအနားမှာ တွေ့တဲ့ လူတစ်ယောက်ကို-
"ဒီရွာမှာ အထူးအဆန်း ဘာများရှိသလဲဗျာ"
လို့မေးမိတယ်။ ရွာကို ကြည့်ပြီး စိတ်ထဲကတော့ ဘာမှ ထူးထူးဆန်းဆန်း ရှိမယ့်ရွာ မဟုတ်ဘူးလို့ တွေးမိလိုက်သေးတယ်။ ဒါပေမဲ့ ကျွန်ုပ်အမေးခံရတဲ့သူက အားတက်သရောပုံစံနဲ့-
"ထူးထူးဆန်းဆန်း... ဟုတ်လား။ ရှိပ့ါဗျာ... ရှိပ့ါ။ ကျွန်ုပ်တို့ရွာထဲက လူတစ်ယောက်ဆီမှာ ငန်းတစ်ကောင် ရှိတယ်။ ဒါဘာဆန်းလဲလို့ ခင်ဗျားကထင်မယ်။ ဆန်းတာက အဲဒီငန်းပဲ။ အဲဒီငန်းဟာ သာမန်ငန်း မဟုတ်ဘူး။ တစ်နေ့ကို ရွှေဥ တစ်ဥ မှန်မှန်ဥပေးနိုင်တဲ့ ငန်းပေ့ါဗျာ"
လို့ ပြောတယ်။

ဒီစကားမေးတော့မှ ကျွန်ုပ်လည်း ငါဟာ အီစွတ်ပုံပြင်ထဲက 'ရွှေဥ ဥတဲ့ငန်း' ပုံပြင်ထဲ ရောက်နေတာပဲလို့ သိသွားတော့တယ်။ အဲဒီလူက ဆက်ပြောသေးတယ်။
"ဒီငန်းအကြောင်းကတော့ ဒီနယ်တစ်ဝိုက်မှာ မသိတဲ့သူ မရှိ အကျော်ဇေယျပေ့ါဗျာ။ ဒီငန်းကို ဘယ်လောက်ပေးရ ပေးရ ပေးဝယ်မယ်ဆိုတဲ့ သူဌေး သူကြွယ်တွေလည်း ဒုနဲ့ဒေး။ ဒါပေမဲ့ ငန်းပိုင်ရှင်က ဘယ်သူ့မှ မရောင်းဘူးဗျ။ တစ်နေ့ ရွှေဥ တစ်ဥ ဥပေးတဲ့ငန်းကို ရောင်းရလောက်အောင် ဘယ်သူက မိုက်မဲမှာလဲဗျာ"

ကျွန်ုပ်ကတော့ (ပုံပြင်ကို ဖတ်ပြီးသားဆိုတော့) ဒီထက် မိုက်မဲတဲ့ လုပ်ရပ်မျိုးကို ဒီလူ လုပ်မှာ မြင်ယောင်နေတယ်။ ဒါကြောင့် ကြံ့တုန်း ကြံ့ခိုက် အကြံဉာဏ်ပေးပြီး တားလို့ရရင်လည်း တားရအောင်ဆိုပြီး အဲဒီလူ အိမ်ဘက် ထွက်လာခဲ့တယ်။ ခင်ဗျားတို့လည်း သိကြမှာပေ့ါ။ အဲဒီငန်းပိုင်ရှင်ဟာ လောဘတက်ပြီး တစ်နေ့ ရွှေဥတစ်ဥ ဥပေးနေတာကို မကျေနပ်ဘဲ ဒီငန်းရဲ့ ဗိုက်ထဲမှာ ရွှေဥတွေ အများကြီးရှိမှာဘဲလို့ဆိုပြီး ဗိုက်ခွဲလိုက်တာ ငန်းလည်းဆုံး၊ ရွှေဥတွေလည်းဆုံး ဖြစ်ရော မဟုတ်လား။ အဲဒီအိမ်ဘက်ရောက်တော့ ငန်းပိုင်ရှင်ရဲ့ အိမ်က အတော်ကြီးကောင်းတဲ့ နှစ်ထပ်အိမ်ဖြစ်နေတယ်။ အင်းလေ... အခုတလော ရွှေဈေးတွေကလည်း ကောင်းတော့ ဒီလောက်တော့ ရှိမှာပေ့ါ။

ငန်းပိုင်ရှင်က သူ့ငန်းကြီး တပိုက်ပိုက်နဲ့ တစ်ခုခု လုပ်ဖို့ ပြင်နေတာနဲ့ မေးကြည့်တော့...
"ဒီငန်းကို ဒီအတိုင်းမထားတော့ဘူးဗျ။ တစ်ချီတည်း ပွပေါက်ကြံမလို့"
လို့ ပြောတယ်။ ဒီလူဟာ ပုံပြင်ထဲက ပါတဲ့အတိုင်း လုပ်တော့မယ် ထင်ပါရဲ့။ ဒါကြောင့် ကျွန်ုပ်က ပျာပျာသလဲ တားရတယ်။ ငန်းရဲ့ ဗိုက်ကိုခွဲကြည့်ရင် ခင်ဗျား ထင်သလို ရွှေဥတွေတွေ့ရမှာ မဟုတ်ဘူး။ ငန်းသေမှာပဲလို့ ပြောတယ်။

ဒီတော့ ငန်းပိုင်ရှင်က ရယ်မောပြီး-
"ကျုပ်က ဒီလောက်မိုက်မဲပ့ါမလား။ ငန်းဗိုက်ကို ခွဲမှ ငန်းသေမှာပေ့ါ"

"ဒါဆို ခင်ဗျားက ဒီငန်းနဲ့ အပွဲကြံမယ်ဆိုတာ..."
"ဒီငန်းကို ဈေးကောင်းကောင်းနဲ့ ရောင်းထုတ်တော့မလို့ဗျ။ ဝယ်ချင်တဲ့သူတွေက ပိုင်းပိုင်းလည်နေတာ။ အဲဒီထဲက ဈေးအများဆုံး ပေးနိုင်တဲ့သူကို ရောင်းလိုက်မယ်"

မကြာခင် ကျုပ်ရှေ့မှာပဲ ငန်းဝယ်မယ့်လူ ရောက်လာတယ်။ ငန်းပိုင်ရှင်ကလည်း ဈေးကောင်းကောင်းနဲ့ ရောင်းလိုက်တယ်။ သူ ဈေးကောင်းကောင်း ရတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ တစ်နေ့ ရွှေဥ တစ်ဥ ဥပေးနေတဲ့ ရွှေငန်းတစ်ကောင်ရဲ့ တန်ဖိုးဆိုတာက လွယ်လွယ်နဲ့ဖြတ်လို့ ဘယ်ရမလဲ။ ဒါကြောင့်-
"ကျုပ်သာဆိုရင် မရောင်းဘူး"
လို့ ပြောလိုက်တယ်။

ငန်းပိုင်ရှင်က ပြုံးလိုက်ပြီး-
"အဖြစ်မှန်ကို သိရင်တော့ ခင်ဗျားလည်း ရောင်းမှာပါပဲ။ ကျုပ်ငန်းက ကြက်ငှက်တုပ်ကွေး ရောဂါ ဖြစ်နေပြီ။ ကြာကြာမနေရတော့ဘူး"

ဒီငန်းပိုင်ရှင်ကိုမှ လည်တယ်မပြောရင် ဘယ်သူ့ကို ပြောရတော့မလဲဗျာ။

*ဟာဒယမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၆ခုနှစ်။*

## ကန္တာရထဲက ရေ

တစ်နေ့သ၌ ကျွန်ုပ်သည် လမ်းလျှောက်၍လာရာ မျက်စိလည်လမ်းမှား၍ သဲကန္တာရတစ်ခုထဲသို့ ရောက်ရှိသွားလေသည်။ သဲကန္တာရကား ပူပြင်းခြောက်သွေ့လှ၏။ အရိပ်ခိုစရာ အိုအေစစ်လေးမှ မတွေ့။ သို့သော် ခပ်လှမ်းလှမ်း အစုအဝေး လူအုပ်ကြီးကို တွေ့ရသဖြင့် ထိုနေရာသို့ ဦးတည်လျှောက်လာမိသည်။ သူတို့ထံမှ ရေတောင်းသောက်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်၏။ သို့သော် ကျွန်ုပ် ထိုနေရာသို့ရောက်သောအခါ စိတ်ပျက်အားလျော့၍ သွားသည်။ ထိုသူတို့ကား ကျွန်ုပ်ကဲ့သို့ပင် သဲကန္တာရထဲ၌ မျက်စိလည်လမ်းမှားကာ အစာငတ်ရေပြတ် ဖြစ်နေသည့် လှည်းသား ငါးရာဖြစ်ကြောင်း တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ကျွန်ုပ်က ထိုလှည်းသားငါးရာ၏ အကြီးအမှူးအား-
"ဘယ်အရပ်ကလဲ" ဟု မေးသောအခါ-
"ဗာရာဏသီပြည်ကပါ" ဟု ဖြေလေသည်။

ဒီတော့မှ ကျွန်ုပ်သည် ငါးရာ့ငါးဆယ်နိပါတ်တော် ဝဏ္ဏုပထဇာတ် (ဝဏ္ဏုပထ= သဲခရီး) ထဲ ရောက်နေခြင်း ဖြစ်ကြောင်း သတိထားမိတော့သည်။ လှည်းမှူးကြီးက ပုံပြင်ထဲကအတိုင်းပင် သဲကန္တာရထဲမှ မြေဇာမြက် ပေါက်နေသော နေရာကို တွေ့လေရာ-
"ဟောဒီမှာ အစိုဓါတ်ရှိလို့ မြက်ပင် ပေါက်တာပဲ။ ဒီနေရာကို တူးကြ"
ဟု ညွှန်ပြလေသည်။ လှည်းသားငါးရာလည်း လှည်းမှူးကြီး ညွှန်ပြသော နေရာကို အားကြိုးမာန်တက် တူးကြလေသည်။ အဆုံးတွင် ရေထွက်ပေါ်လာမည်ကို သိသဖြင့် ကျွန်ုပ်လည်း စိတ်ရှည်လက်ရှည် ထိုင်စောင့်နေစဉ် လှည်းမှူးကြီးရောက်လာကာ-
"ခင်ဗျားမှာ လက်ကိုင်ဖုန်း ပါသလား။ ခဏငှားပါ"
ဟု ဆိုလေသည်။ ကျွန်ုပ်ငှားလိုက်သောအခါ ခပ်လှမ်းလှမ်းသို့ သွားကာ ဖုန်းဆက်နေသည်ကို တွေ့ရ၏။ လှည်းသားငါးရာ တူးကြသည်မှာ အတောင်ခြောက်ဆယ် ရောက်၍သွားသည်။ သို့သော် ရေကိုကား မတွေ့။ ကျောက်ဖျာကြီး တစ်ချက်ကိုသာ တွေ့ရ၏။ လှည်းသမားငါးရာကား စိတ်ပျက်လက်လျော့၍ သွားကြလေသည်။ ကျွန်ုပ်လည်း လှည်းမှူးကြီးထံ သွားကာ-
"ဒီကျောက်ဖျာကြီးကို ခွဲခိုင်းလိုက်လေဗျာ။ ဒါဆိုရေတွေပန်းထွက်လာမယ် မဟုတ်လား"
ဟု ပြောလိုက်မိ၏။

လှည်းမှူးကြီးက အေးအေးလူလူအမူအရာဖြင့်-
"အဲဒါ ကျုပ်သိတယ်လေ။ ကျောက်ဖျာကြီးကို နားကပ်ထောင်တော့ အောက်က ရေသံကြားရတယ်"
"ခင်ဗျား ဒီအတိုင်းဆို လူတွေ ရေငတ်သေတာ ကြည့်နေမယ်ပေါ့"
"ဒီကိစ္စအတွက် မပူပါနဲ့။ အခုနပဲ ခင်ဗျားလက်ကိုင်ဖုန်းနဲ့ ကျုပ်ရေသန့်ကုမ္ပဏီတစ်ခုကို ဖုန်းဆက်ထားတယ်။ မကြာခင် သူတို့ ရောက်လာကြလိမ့်မယ်"

သူပြောသည့်အတိုင်းပင် မကြာမီ ရေသန့်ဘူးများ တင်ဆောင်ထားသော ရေသန့်ကုမ္ပဏီကားများ ရောက်ရှိလာကြသည်။ လှည်းမှူးကြီးသည် ထိုရေသန့်ဘူးများကို အမြတ်တင် ရောင်းချသော်လည်း

သေမတတ် ရေငတ်နေသော လူများသည် စျေးကြီးသည်ကို အမှုမထားပဲ အလုအယက် ဝယ်သောက်ကြသည်။ ကျွန်ုပ်လည်း ရေသန့်တစ်ဘူး ဝယ်သောက်လိုက်ရသည်။

လှည်းမှူးကြီးမှာ စျေးရောင်းထွက်လာရာ စျေးရောင်းမည့် နေရာမရောက်မီမှာပင် အမြတ်အစွန်းများစွာ ရရှိသွား၏။ မကြာခင် လှည်းမှူးကြီးဦးစီးသည့် လှည်းသားငါးရာ ခရီးဆက်လက် ထွက်ခွာသွားလေသည်။ ကျွန်ုပ်လည်း ထိုနေရာကပင် လှည့်ပြန်လာခဲ့သည်။ အိမ်ရောက်မှ သတိရတော့သည်။ လှည်းမှူးကြီးထံတွင် ကျွန်ုပ်၏ လက်ကိုင်ဖုန်း မေ့ပါသွားလေသည်။
(မှတ်ချက်။ ။ လူကြုံရှိလျှင် ပြန်ပေးပါရန်)

*ဟဒယမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၆ခုနှစ်။*

## သစ်ခုတ်သမားနှင့် ရွှေပုဆိန်

တစ်နေ့တော့ ကျွန်ုပ်ဟာ ပျင်းပျင်းနဲ့ လမ်းလျှောက်လာရင်း မြစ်ကမ်းပါးတစ်ခုကို ရောက်ရှိသွားပါတယ်။ အဲဒီမြစ်ကမ်းပါးအစပ်မှာ ပေါက်နေတဲ့ သစ်ပင်ကြီးတစ်ပင်ကို သစ်ခုတ်သမားတစ်ယောက် ခုတ်နေတာ တွေ့ရတယ်။ အဲသလို ခုတ်နေတုန်းပဲ သူ့လက်ထဲက ပုဆိန်ဟာ လွတ်ထွက်ပြီး ရေထဲ ကျသွားတယ်။ ဒီလူပုံစံက တော်တော် ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါးပါပဲ။ သူက ပုဆိန်လေးတစ်လက်တောင် ထပ်ဝယ်နိုင်ပုံမရဘူး။ အဲဒီ မြစ်ကမ်းပါးမှာ ထိုင်ငိုနေတော့တာပဲ။

“အင်း… ငါဘယ်လိုလုပ်ရပါ့မလဲ။ ငါ့အလုပ်က ထင်းခုတ်မှ ဝင်ငွေရတာ၊ ဝင်ငွေမရှိရင် ငါ့မိသားစု ငတ်သေတော့မှာပဲ”

အဲသလို ငိုနေတာကို ကောင်းကင်က ပျံသန်းသွားတဲ့ မာကျူရီနတ်သားက ကြားသွားပြီး ဆင်းလာတယ်။ အကျိုးအကြောင်းကို မေးတယ်။ အဲဒါကို မြင်တော့ ကျွန်ုပ်ဟာ အီစွတ်ပုံပြင်ထဲက Mercury and the Woodmen ပုံပြင်ထဲ ရောက်နေပါလားလို့ သဘောပေါက်သွားတယ်။ ဒါနဲ့ အနားက ရပ်ပြီး အခြေအနေကို အကဲခတ်ကြည့်နေမိတယ်။

အကျိုးအကြောင်းကို သိတော့ မာကျူရီနတ်သားက သူ ကူညီပါ့မယ်ဆိုပြီး ရေထဲက ရွှေပုဆိန်တစ်လက် ဆယ်ပေးတယ်။
“ဒါသင့် ပုဆိန်လား” ဆိုတော့-
“မဟုတ်ဘူး” လို့ သစ်ခုတ်သမားက ငြင်းတယ်။ နောက်ဆုံး သံပုဆိန်ကို ဆယ်ပြီး ပြတော့မှ ဝမ်းသာအားရ-
“ဒါမှ ကျုပ်ပုဆိန်ပါပဲ”
လို့ဆိုတယ်။ မာကျူရီနတ်သားက သိပ်သဘောကျပြီး ပုံပြင်ထဲမှာ ပါတဲ့အတိုင်း သူ့သံပုဆိန်အပြင် ရွှေပုဆိန်၊ ငွေပုဆိန်တွေပါ လက်ဆောင်ပေးပြီး ပြန်သွားတယ်။

ကျွန်ုပ် ကြည့်နေတုန်းမှာပဲ အဲဒီ သစ်ခုတ်သမားဟာ သူ့လက်ထဲက ရွှေပုဆိန်နဲ့ ငွေပုဆိန်ကို ရေထဲ ပြန်လွှင့်ပစ်လိုက်တယ်။ သူ့ပုဆိန်ပဲ သူအမြတ်တနိုးယူပြီး အိမ်ပြန်မယ်လုပ်တော့ ကျွန်ုပ်က သူ့အနားသွားပြီး ချီးကျူးစကား ပြောခဲ့တယ်။

“ကျုပ်တွေ့ဖူးသမျှ ပုံပြင်တွေထဲမှာတော့ သစ်ခုတ်သမားဟာ အရိုးသားဆုံးပဲ။ ရွှေပုဆိန်၊ ငွေပုဆိန်တွေကိုတောင် သူ့ပစ္စည်းမဟုတ်ဘူး ငြင်းခဲ့တယ်။ ခင်ဗျားကတော့ သူ့ထက်သာတယ်။ သူက ရွှေပုဆိန်၊ ငွေပုဆိန်တွေရတော့ အိမ်ပြန်ယူသွားခဲ့တယ်။ ခင်ဗျားကတော့ ရေထဲ ပြန်လွှင့်ပစ်ခဲ့တယ်။ ခင်ဗျားက ပိုပြီး မက်မောတွယ်တာမှုကို ချိုးနှိမ်နိုင်တယ်”
ဆိုတော့ သစ်ခုတ်သမားက ကျွန်ုပ်ကို အံ့ဩသလို ကြည့်ပြီး-
“ခင်ဗျား ဘာတွေ လာပြောနေတာလဲ။ ခင်ဗျားပြောတာတွေကို ကျုပ်နားမလည်ဘူး။ ခင်ဗျားပဲ စဉ်းစားကြည့်။ ကျုပ်က ထင်းခုတ် အသက်မွေးသူပဲ။ ရွှေပုဆိန်၊ ငွေပုဆိန်ဆိုတာ သံပုဆိန်လို ဘယ်မှာ

ထက်မလဲ။ ကျုပ်အတွက် သံပုဆိန်လောက် ဘယ်အသုံးဝင်မလဲ။ ဒါကြောင့် လက်အလေးခံပြီး အိမ်သယ်မသွားတော့ဘဲ ဒီနေရာမှာဘဲ လွှင့်ပစ်ခဲ့တာ"

*(ဥပဒေသ။ ။တစ်ခါတစ်ရံ၌ ရိုးသားခြင်းသည် နံ့အခြင်းနှင့် ဒဂၤးတစ်ပြား၏ ခေါင်းနှင့် ပန်းလို ကပ်လျှက်ရှိတတ်သည်)*

နောက်တစ်ရက်ကျတော့ ဒုတိယ သစ်ခုတ်သမားကို တွေ့ချင်တာနဲ့ ကျွန်ုပ်လည်း အဲဒီမြစ်ကမ်းပါးကို လျှောက်သွားခဲ့မိတယ်။ ထင်တဲ့အတိုင်းပဲ ပထမသစ်ခုတ်သမား အကြောင်းကို ကြားပြီး ဒုတိယသစ်ခုတ်သမားကလည်း ရောက်နေတယ်။ သူက လက်ထဲက ပုဆိန်ကို တမင် ရေထဲ လွှတ်ချလိုက်ပြီး ထိုင်ငိုနေတယ်။ ထုံးစံအတိုင်းပေ့ါ မာကျူရီနတ်သား ပေါ်လာပြီး အကျိုးအကြောင်း မေးတယ်။ ပြောပြတော့-
"မပူနဲ့... သင့်ပုဆိန်ကို ပြန်ရအောင် ကျုပ်တာဝန်ယူပါတယ်"
ဆိုပြီး ရေထဲငုပ်သွားတယ်။ ရေထဲက ပြန်ပေါ်လာတော့ ရွှေပုဆိန်တစ်လက်ကို ကိုင်လာတယ်။ သစ်ခုတ်သမားကို ပြပြီး-
"ဒါသင့် ပုဆိန်လား"
လို့ မေးတော့- သစ်ခုတ်သမားအတုက ဝမ်းသာအားရ ဟန်တောင်မဆောင်ပဲ-
"အစစ်ပေ့ါ... ဒါ... ကျုပ်ပုဆိန်ပဲ"
လို့ ပြောတယ်။ မာကျူရီနတ်သားဟာ-
"သင့်ပုဆိန်ဆိုလည်း သင် ယူသွားပေတော့"
ဆိုပြီး ပေးလိုက်တော့ အဲဒီလူက ရွှေပုဆိန်ကို ယူကာ ဝမ်းသာအားရ ထွက်သွားပါတယ်။ ကျွန်ုပ် အံ့အားသင့်သွားတယ်။ တကယ့်ပုံပြင်ထဲမှာက ရွှေပုဆိန်ကို မပေးဘဲ မာကျူရီနတ်သားက ပျောက်သွားလို့ ဒီလူရဲ့ သံပုဆိန်ပါ ဆုံးရတဲ့အကြောင်း ပါတယ်။ ကျွန်ုပ်က မာကျူရီနတ်သားကို-
"နတ်သား... ဘယ်လိုလုပ်လိုက်တာလဲ။ ဒီလူက သစ်ခုတ်သမားအတု"
လို့ပြောတော့ နတ်သားက-
"ကျုပ်သိပါတယ်။ သူ့ကို ပေးလိုက်တာလည်း ရွှေရည်စိမ်ထားတဲ့ ပုဆိန်အတုကြီးပါ"
လို့ ပြောတယ်။

*နောက်ဆက်တွဲ။ ။ထိုပုဆိန်ကို အပေါင်ဆိုင် သွားပေါင်လေရာ ထိုသူသည် ရွှေတုကို လိမ်လည်မှုဖြင့် အဖမ်းခံခဲ့ရလေသည်။*

*ဟာဒယမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၆ခုနှစ်။*

## အကြံကြီးသော မျောက်များ

တစ်နေ့သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိလာသည်နှင့် ပုံပြင်ထဲတွင် လမ်းလျှောက်ရင်း ရေကန်တစ်ကန်အနီးသို့ ရောက်၍ သွားလေသည်။ ထိုရေကန်အနီးတွင် ဝန်းရံနေသော မျောက်တစ်အုပ်ကိုလည်း တွေ့ရလေသည်။ မျောက်တွေသည် ရေသောက်ရန် ရောက်ရှိလာခြင်း ဖြစ်သော်လည်း ရေကန်ထဲသို့ ရေသောက် မဆင်းသည်ကို မြင်သဖြင့် မေးမြန်းကြည့်သောအခါ မျောက်ခေါင်းဆောင်ဖြစ်ဟန်တူသော မျောက်က-

"ဒီရေကန်ကို ကျွန်ုပ်တို့ လေ့လာကြည့်တဲ့အခါ ကန်ထဲသို့ ဆင်းသွားတဲ့ ခြေရာကိုသာ တွေ့ရတယ်။ ပြန်တက်လာတဲ့ ခြေရာကို မတွေ့ရဘူး။ ဒါကြောင့် ဒီကန်ဟာ ဘီလူးစောင့်တဲ့ကန် ဖြစ်ရမယ်။ ဒါကြောင့် ငံ့လင့်နေတယ်"

လို့ ဖြေတယ်။ အဲဒီအချိန်မှာပဲ ကန်ရေပြင်ကို ခွဲပြီး ဘီလူးက ထွက်လာတယ်။

"မျောက်တွေ ရေသောက်ဆင်းဖို့ ရောက်လာတယ်မဟုတ်လား။ ဘာကြောင့် စောင့်ဆိုင်းနေတာလဲ။ ဆင်းသောက်ကြပါလား"

လို့ ဆိုတယ်။ ဒီတော့မှ မျောက်မင်းက-

"ငါတို့ဆင်းသောက်ရင် သင်စားမှာ မုချပဲ။ သင်မစားနိုင်အောင် ငါတို့ ကြံမယ်"

ဆိုပြီး အဲဒီနေရာက ထွက်သွားတယ်။

ဒီတော့မှ ကျွန်ုပ်လည်း ငါးရာ့ငါးဆယ် နဠကပါနဇာတ်ပုံပြင်ထဲ ရောက်နေမှန်း သိရတော့တယ်။ (နဠက=ကျူပင်ကျူရိုး၊ ပါန=သောက်သည်ဟု အဓိပ္ပါယ်ရသည်) ပုံပြင်ထဲတွင် မျောက်မင်းသည် ကန်စပ်တွင် ပေါက်နေသော ကျူပင်တို့ကို ခူးကာ သစ္စာပြု၍ နှုတ်သီးဖြင့် မှုတ်တဲ့အခါ ကျူပင်ကျူရိုးတွင် ရှိသော အဆစ်တို့ပါ ပျောက်ပြီး အခေါင်း တိုးလျှိုပေါက် ဖြစ်သည်ဟု ဆိုလေသည်။ ထိုကျူရိုးကို အသုံးပြု၍ မျောက်တို့သည် ကန်ထဲမှ ရေကို သောက်လေရာ ဘီလူးသည် မျောက်တစ်ကောင်ကိုမှ မစားရဘဲ ရှိလေသည်။ (ဒါ၀င်၏ အဆိုအရ မျောက်က ဆင်းသက်လာသော လူတို့သည် ထိုအကျင့်ကို မဖျောက်နိုင်ဘဲ ယနေ့ထက်တိုင် ပလတ်စတစ်ပိုက်များကို အသုံးပြု၍ အအေးသောက်သောဓလေ့ ထွန်းကားနေဟန် ရှိပေသည်)

အတွေးစကို ဖြတ်၍ ကျွန်ုပ် ကြည့်လိုက်သောအခါ ဘီလူးသည် ကန်ပတ်လည်ရှိ ကျူပင်များကို ဓါးတစ်လက်ဖြင့် ခုတ်ထွင်ရှင်းလင်းနေသည်ကို မြင်ရလေသည်။ သူသည် ကျွန်ုပ်အား ဘီလူးပြုံး ပြုံးပြကာ-

"ဒီလို ကျူပင်တွေကို ကျုပ်က ကြိုတင်ခုတ်ထားလိုက်တော့ မျောက်တွေ ရေသောက်ချင်ရင် ရေကန်ထဲ မဆင်းဘဲ နေလို့ မရတော့ဘူးပေါ့"

ဟု ဆိုလေသည်။ ကျွန်ုပ်လည်း စိတ်ဝင်စားသဖြင့် ဆက်မသွားဘဲ အခြေအနေကို စောင့်ကာ ကြည့်နေမိသည်။ မကြာမီ မျောက်တစ်သိုက်သည် တစ်စုံတစ်ခုကို ဝိုင်းမသယ်ဆောင်ကာ ပြန်လည်ရောက်ရှိလာကြသည်။ သူတို့ယူဆောင်လာသော အရာသည်ကား ရေစုပ်စက်ကြီးတစ်လုံး

ဖြစ်သည်။ သူတို့သည် ပိုက်ကို ရေထဲချကာ စက်ဖြင့် စုပ်တင်ပြီး ရေများကို သောက်သုံးရုံမျှမက အားရပါးရ ဆော့ကြတော့သည်။

ဘီလူးကား မျောက်တွေ ရေကန်ထဲသို့ မဆင်းသဖြင့် တစ်ကောင်မှ မစားနိုင်ဘဲ ရှိလေသည်။ သို့သော် အပျော်လွန်နေသော မျောက်များသည် နောက်ဆုံး၌ ရေချိုးမှားကာ အအေးမိ၍ အကုန်လုံး သေဆုံးကုန်လေရာ ဘီလူးသည် မျောက်သားကို အားရပါးရ စားလိုက်ရသည်ဟု ဆိုလေသည်။

*ဟဒယမဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၇ခုနှစ်။*

## ရွှေဥ ဥသောင်း(၂)

တစ်နေ့သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် ပုံပြင်ထဲတွင် လမ်းလျှောက်သွားရာ ရွာလေးတစ်ရွာသို့ ရောက်ရှိသွားလေသည်။ ပုံပြင်ထဲတွင် ပါဝင်တတ်သော ရွာကလေးများမှာ တစ်ရွာနှင့် တစ်ရွာ ဆင်တူယိုးမှားသာ ရှိသဖြင့် မည်သည့်ရွာမှန်း ကျွန်ုပ်မရိပ်စားမိပါချေ။ ထူးထူးခြားခြား ဟူ၍လည်း မတွေ့ရသဖြင့် အနီးရှိရွာသားတစ်ဦးအား မေးကြည့်ပါလေမှ ထိုသူက-

"ဒီရွာထက်ထူးဆန်းတဲ့ရွာ ကမ္ဘာမှာ ရှိတောင်ရှိပါ့မလားဗျာ။ ဒီရွာက လယ်သမားတစ်ယောက်ဆီမှာ ငန်းမကြီးတစ်ကောင် ရှိတယ်။ အဲဒီငန်းမကြီးဟာ တစ်နေ့ကို ရွှေဥ တစ်ဥ တစ်ဥ ဥတယ်ဗျ။ ကဲ… မဆန်းဘူးလား"

ဒီတော့မှ ကျွန်ုပ်လည်း ကျွန်ုပ်ရောက်နေသောပုံပြင်သည် အီဂျစ်ပုံပြင်ထဲမှ ရွှေဥ ဥသောင်း (The Goose with the Golden Eggs ) ပုံပြင်ဖြစ်ကြောင်း ရိပ်စားမိသွားလေသည်။ ဤပုံပြင်ထဲတွင်-

ငန်းပိုင်ရှင်လယ်သမားသည် လောဘကြီးသည်။ သူက တစ်နေ့ ရွှေဥ တစ်ဥ တစ်ဥ ဥပေးနေတာ စောင့်စားရတာကို စိတ်မရှည်။ ထိုငန်းမကြီး ဗိုက်ထဲတွင် နောင် ဥပေးမည့် ရွှေဥတွေ အများကြီး ရှိလိမ့်မည်။ အကုန်လုံးတစ်ချိတည်း အပွကြံမည်ဟု တွေးကာ ငန်းမကြီးကို သတ်၍ ဗိုက်ခွဲကြည့်ရာ သူထင်သလို ရွှေဥတွေ မတွေ့ဘဲ ငန်းမကြီးဆုံးရသည့် ပုံပြင်ဖြစ်သည်။ ဒါကြောင့် ကျွန်ုပ်တားလို့ရရင် ငန်းမကြီးလည်း မသေ၊ လယ်သမားလည်း တစ်နေ့ ရွှေဥ တစ်ဥ မှန်မှန်ရနေမည်၊ ဤအတိုင်းဆိုလျှင် သူက ကျေးဇူးတင်ကာ ကျွန်ုပ်အား လက်ဖက်ရည်တစ်ခွက်တော့ တိုက်လိမ့်မည်ဟု ထင်၏။

ထို့ကြောင့် ကျွန်ုပ်က ထိုလယ်သမား အိမ်ရှိရာသို့ ထွက်လာခဲ့သည်။ ထိုလယ်သမားမှာ အလွန်ထင်ရှားသူဖြစ်ရာ လွယ်လွယ်ကူကူပင် သူ့အိမ်သို့ ရောက်ရှိသွားလေသည်။ လယ်သမားသည် ငန်းအသေတစ်ကောင်ကို ရှေ့တွင်ချကာ ထိုင်မှိုင်နေသည့်အတွက် ကျွန်တော်က အလာကောင်းသော်လည်း အခါနှောင်းသွားပြီဟု သိလိုက်ရသည်။

လယ်သမားအား-

"ခင်ဗျားဟာ လောဘကြီးပြီး ဗိုက်ထဲက ရွှေဥတွေ အကုန်လိုချင်လို့ သတ်ပစ်လိုက်တာမဟုတ်လား။ ခင်ဗျား တော်တော် မိုက်မဲတာပဲ"

ဟု ပြောသောအခါ လယ်သမားက-

"ကျုပ် ဒီလောက် မမိုက်ပါဘူးဗျာ။ အီစွတ်ပုံပြင်လည်း ကျုပ်ဖတ်ဖူးပြီးသားပါ"

"ဒါဆို ခင်ဗျား ငန်းက ဘာလို့ သေရတာလဲ။ ကြက်ငှက်တုပ်ကွေးမိလို့လား"

"အဲဒါလည်း မဟုတ်ဘူး။ တကယ်တော့ ကျွန်တော် လောဘကြီးတာပေါ့"

"ဘယ်လို လောဘကြီးတာလဲ"

"အခု ရွှေဈေးတွေ ကျနေတယ်။ အခုနေ ရွှေဥ ဥလာရင် ကျွန်တော်ဗိုက်ဆံအရှုံးများမှာပေါ့။ ဒါကြောင့် သူ့ဖင်ကို ပိတ်ထားလိုက်တယ်။ ရွှေဈေးတက်တဲ့ အချိန်ကျမှ ပြန်ဖွင့်ပေးပြီး ရွှေဥ ဥခိုင်းမယ်ပေါ့။

ကျွန်တော်လည်း ရွှေစျေးတက်မယ့် သတင်းကို တစ်ပတ်လုံး နားစွင့်နေတယ်။ ရွှေစျေးမတက်ခင် ဒီငနဲမကြီး သေသွားတာပဲ။ အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ”

ထိုလယ်သမားအိမ်မှ ထွက်လာသောအခါ ကျွန်တော် တစ်လမ်းလုံး စဉ်းစား၍လာသည်။ အီစွတ်ပုံပြင်ထဲက ငနဲးပိုင်ရှင်နှင့် ဒီငနဲးပိုင်ရှင် မည်သူက ပို၍ မိုက်မဲသနည်းဆိုသော အချက်တို့ ဖြစ်လေသည်။

*ဟဒယမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၇ခုနှစ်။*

## ရေတာကောင်းနှင့် ကျီးကန်း

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲ လမ်းလျှောက်လာရာ နွေနေ့လည် ဖြစ်သဖြင့် အတော်ပင် ပူပြင်းနေသည်ကို တွေ့ရလေသည်။ လမ်းတွင် တွေ့ရသော အအေးဆိုင်တစ်ဆိုင်သို့ ဝင်ကာ ကိုကာကိုလာ တစ်ပုလင်း သောက်သည့်တိုင်အောင် အပူရှိန်ဒဏ်ကို မခုခံ မကာကွယ်နိုင်ဘဲ ရှိနေလေသည်။ ထိုအခိုက်တွင် ပျံသန်းလာသော ကျီးကန်းတစ်ကောင်ကို တွေ့ရ၏။

ကျွန်ုပ်သည် ပုံပြင်ထဲတွင် လမ်းလျှောက်လာသော်လည်း ကျွန်ုပ်ရောက်နေသော ပုံပြင်မှာ မည်သည့် ပုံပြင်နည်း။ အီစွတ်ပုံပြင်လား၊ ငါးရာ့ငါးဆယ်လား၊ ဂရင်းညီနောင်လား စသည်ဖြင့် ခွဲခြားမသိသေးဘဲ ရှိသည်။ ပျံသန်းလာသော ကျီးကန်းတစ်ကောင်ကို တွေ့ရုံဖြင့် မည်သည့်ပုံပြင်ဟု အကဲခတ်ပြောဆိုရန် မလွယ်ချေ။ ကျီးကန်း၊ မြေခွေး၊ ဝံပုလွေ၊ မြည်းစသော အကောင်များမှာ ပုံပြင်တိုင်းလိုလိုတွင် မကြာခဏတွေ့ရတတ်သော တိရစ္ဆာန်မျိုး ဖြစ်နေသောကြောင့်ပင်။ နေပူကြီးထဲတွင် ပျံသန်းလာသော ကျီးကန်းကို ကြည့်ရသည်မှာ အတော်ပင် ရေဆာလောင်နေပုံရသည်။ သူသည် ရုတ်တရက် ပျံသန်းလာရင်း ရေတာကောင်းကို လှမ်းမြင်လိုက်သောအခါ ရေတာကောင်းထဲတွင် ရေရှိမှာပဲဟူသော အတွေးဖြင့် ရေတာကောင်းနားကို ပျံသန်းသွားလေသည်။

ရေတာကောင်းနှင့် ကျီးကန်းကို တွဲမြင်လိုက်ရသည့်အတွက် ဘာပုံပြင်လဲဆိုတာ ကျွန်ုပ်မှန်းဆ၍ ရသွားသည်။ ကျီးကန်းများသည် ငှက်များတွင် အင်မတန် ဉာဏ်များသည့် အကောင်များ ဖြစ်သည်။ ဒါကြောင့်ပင် သူတို့သည် လူနားနီးနီးတွင် နေကာ လူတို့ထံမှ ခိုးယူစားသောက်နေကြခြင်း ဖြစ်သည်။

ပုံပြင်ထဲက ကျီးကန်းသည် ရေတာကောင်းနားသို့ ချဉ်းကပ်သွားကာ ငုံ့ကြည့်လိုက်ရာ အောက်ခြေတွင် အရောင်လက်နေတာ မြင်ရသဖြင့် ဝမ်းမြောက်သွားသည်။ အဲသလို အောက်ခြေမှာ ပြောင်လက်နေတာ ရေရှိသောကြောင့်ဟု သူသိသည်။ သို့သော် သူ့နှုတ်သီးကို ရေတာကောင်းဝထဲသို့ ထိုးထည့်ကာ သောက်ဖို့ ကြိုးစားသော်လည်း ရေကို မမှီပဲ ရှိနေလေသည်။

ရုပ်မြင်သံကြား ကြော်ငြာထဲမှာ ဆိုရင်တော့ ထွန်းထွန်းသည် PMG ရေသန့်ကားကြီးကို မောင်းကာ ထိုကျီးကန်းကို အဝတိုက်ပေမည်။ ကျီးကန်းဟာ တဂွတ်ဂွတ် မြည်အောင် သောက်ချကာ-
"ဂွတ်..."
ဟု ပြောပေမည်။

သို့သော် ပုံပြင်ထဲတွင် ကြော်ငြာမဝင်။ ဒီတော့ ကျီးကန်းသည် ကိုယ့်အားကိုယ်ကိုးရုံသာ ရှိသည်။ သူ ပထမ ဒီလို တွေး၏။ ငါရေတာကောင်းကို တွန်းလှဲပစ်မယ်။ ဒါဆို ရေတွေ အပြင်ထွက်ကျပြီး မြေကြီးပေါ်မှာ ရေအိုင်ကလေး ဖြစ်သွားလိမ့်မယ်။ ဒါဆို ငါအလွယ်တကူ သောက်ရုံပဲ။

သို့သော် ရေတာကောင်းသည် မလဲ။ နေရာပင်မရွေ့။ ကျီးကန်းဟာ ရေမသောက်ရတော့လို့ အားမရှိဘူး ဖြစ်နေပုံရတယ်။ အဲဒီမှာ သူအကြံကောင်းတစ်ချက် ရလာတယ်။ အနားမှာ ရှိတဲ့ ကျောက်စရစ်ပုံက ကျောက်စရစ်တုံးတစ်တုံးကို ကိုက်ချီပြီး ရေတာကောင်းထဲ ပစ်ချလိုက်တယ်။ တစ်တုံးပြီး တစ်တုံး။ ဒီလိုနဲ့ တဖြည်းဖြည်း ကျောက်စရစ်တုံးတွေဟာ မြင့်လာတာနဲ့အမျှ ရေမျက်နှာပြင်ဟာလည်း မြင့်တက်ပြီး ရေတာကောင်းဝကို ရောက်လာရော။ ဒီမှာတော့ ကျီးကန်းဟာ သူလိုရာ ရေကို သောက်နိုင်တော့တယ်တဲ့။

ဒါက ပုံပြင်ထဲမှာ ပြောတာ။ အပြင်မှာတော့ ကျီးကန်းဟာ ထပျံသွားတော့မယ် ပြင်တယ်။ ကျွန်ုပ်က အနားကပ်သွားပြီး-

"ငါ ဖတ်ဖူးတဲ့ ပုံပြင်ထဲမှာတော့…"

လို့ ပုံပြင်ကို အစအဆုံး ပြောပြတယ်။ ကျီးကန်းက-

"တကယ့် လက်တွေ့ဘဝဆိုတာ… ပုံပြင်နဲ့ တူတာမဟုတ်ဘူးဗျ"

လို့ ပြောတယ်။

"ခင်ဗျား စဉ်းစားကြည့်။ ဒီရေတာကောင်းလောက်တော့ ကျုပ်အသာလေး တွန်းလှဲနိုင်တယ်။ မြေကြီးက သဲမြေ။ ရေတာကောင်း လဲတာနဲ့ သဲထဲရေသွန် ဖြစ်မှာပဲ။ ကျုပ် တစ်စက်ကလေးမှ သောက်လိုက်ရမှာ မဟုတ်ဘူး။ ကျောက်စရစ်ထည့်ရအောင်လည်း ဒီမှာ ကျောက်စရစ်ပုံ မရှိဘူး။ ကျောက်စရစ် တစ်လုံးချင်းကို လိုက်ရှာရရင် ကျုပ်လည်း ရေမသောက်ရခင် အမောဆို့ပြီး သေလိမ့်မယ်"

လို့ ပြောပြီး အနားက ပျံထွက်သွားတယ်။ ကျွန်ုပ်က ဒီကျီးဟာ ရေသောက်ဖို့ ကိစ္စ လက်လျှော့သွားပြီလို့ ထင်တယ်။ ဒါပေမဲ့ မကြာခင်မှာ သူပြန်ရောက်လာတယ်။ အအေးပုလင်းတွေမှာ တပ်ပြီးသောက်တဲ့ ပလတ်စတစ်ပိုက်ကလေး တစ်ချောင်းကိုက်ချီလာတယ်။

"အအေးဆိုင်ဘေးမှာ လွှင့်ပစ်ထားတဲ့ အထဲက ကောက်လာတာ"

ရေတာကောင်းထဲကို ပိုက်ထည့်ပြီး သောက်နေတဲ့ပုံက စိုင်းစိုင်းခမ်းလှိုင် ဂိုက်ပေးနေတဲ့အတိုင်းပဲ။

*ပန်းလှိုင်ဂျာနယ်၊ မေလ၊ ၂၀၀၆ခုနှစ်။*

## သဘောဖြူတဲ့ ငှက်ကျားဖြူ

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲတွင် လမ်းလျှောက်လာရာလမ်း၌ ငှက်ကျားဖြူတစ်ကောင်နှင့် တွေ့လေသည်။ ငှက်ကျားဖြူသည် ညစာစားပွဲတက် ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ထားကာ ရွှင်လန်းမြူးကြွစွာ လျှောက်လာသဖြင့် ကျွန်ုပ်က-
"ဘယ်သွားမလို့လဲ ငှက်ကျားဖြူ"
လို့မေးလိုက်မိလေသည်။ ငှက်ကျားဖြူက-
"ဒီနေ့ မြေခွေးက ညစာစားပွဲ ဖိတ်ထားလို့ သွားမလို့ဗျ။ သူ့လို ငနဲမျိုးက ဒီလိုဖိတ်တယ်ဆိုတော့ ဂုဏ်ယူစရာ မကောင်းဘူးလားဗျာ။ တခြားသတ္တဝါတွေကတော့ မြေခွေးတွေဟာ စိတ်ထားပုပ်တယ်လို့ ပြောနေကြတာပဲ။ သူတို့ပြောသလောက်လည်း မဆိုးပါဘူးဗျ။ သူတို့က ခင်တတ်သားပဲ"
လို့ ပြောတယ်။ ဒီတော့မှ ကျွန်ုပ်က အီစွတ်ပုံပြင်ထဲက မြေခွေးနဲ့ ငှက်ကျားဖြူပုံပြင်ထဲ ရောက်နေမှန်း သိတော့တယ်။ ဒီပုံပြင်ရဲ့ဇာတ်ကြောင်းက ဒီလို…။

မြေခွေးဟာ အင်မတန်ယုတ်မာတဲ့ သတ္တဝါဆိုတော့ ငှက်ကျားဖြူကို ညစာကောင်းကောင်း မကျွေးချင်ပါဘူး။ ဒါကြောင့် စွပ်ပြုတ်ကောင်းကောင်း လုပ်ပြီး ငှက်ကျားဖြူလာတော့ ပန်းကန်ပြားပက်လက်ထဲ ထည့်ကျွေးတယ်။ ငှက်ကျားဖြူရဲ့ နှုတ်သီးက ရှည်ရှည်ချွန်ချွန်ဆိုတော့ ပန်းကန်ပြားပက်လက်ထဲက စွပ်ပြုတ်ကို နှုတ်သီးဖျားနဲ့ တို့ရုံပဲ တတ်နိုင်တယ်။ မြေခွေးကတော့ လျှာနဲ့လျက်ပြီး စားလိုက်တာ ခဏလေးနဲ့ ပြောင်သွားတာပေါ့။ အခုလည်း ငှက်ကျားဖြူ ရောက်သွားတော့ မြေခွေးဟာ ပုံပြင်ထဲကအတိုင်း ကျွေးတယ်။ ဒီတော့ ငှက်ကျားဖြူဟာ အာစွတ်ရုံကလေးသာ သောက်ရပြီး အရက်တကွဲ ပြန်လာတာပေါ့။ ကျုပ်နဲ့တွေ့တော့-
"ဒီမြေခွေးဟာ တော်တော်ယုတ်မာတယ်။ ဒါပေမဲ့ နောက်တစ်ပတ် ညစာလာစားဖို့ မြေခွေးကို ဖိတ်ခဲ့ပါတယ်"
လို့ ပြောပြီး အိမ်ပြန်သွားတာပေါ့။ ပုံပြင်ထဲမှာ ဆက်ဖြစ်တာက ဒီလို…။

ငှက်ကျားဖြူဟာ မြေခွေးကို ကလဲ့စားချေဖို့ အကြံအစည်နဲ့ အမဲသားစင်းကော ချက်တယ်။ မြေခွေး လာတဲ့အခါမှာတော့ လည်တံရှည်ရှည် ကရားတစ်လုံးထဲမှာ ထည့်ကျွေးတယ်။ မြေခွေးက နှုတ်သီးတိုတော့ နှိုက်မစားနိုင်ဘူးပေါ့။ အပေါ်က နည်းနည်းလောက်ပဲ စားနိုင်တယ်။ ငှက်ကျားဖြူကတော့ နှုတ်သီးရှည်တော့ ကုန်အောင် နှိုက်စားနိုင်တာပေါ့။ ဒီတော့ မြေခွေးလည်းရှက်ရှက်နဲ့ ပြန်လာရတယ်။ ပုံပြင်ထဲမှာတော့ ဒီအတိုင်းပဲ ဖြစ်ခဲ့တာပဲ။

သူတို့ဘာဆက်ဖြစ်မလဲ ဆိုတာ သိချင်တာနဲ့ နောက်တစ်ပတ်ကျတော့ ကျွန်ုပ်လည်း အဲဒီနေရာကို တစ်ခေါက်ပြန်သွားတယ်။ အချိန်တန်တော့ ငှက်ကျားဖြူအိမ်ကို မြေခွေးရောက်လာတယ်။ မြေခွေးရဲ့ပုံကို မြင်တော့ ကျွန်ုပ်အံ့အားသင့်သွားတယ်။ မြေခွေးဟာ (အီစွတ်ပုံပြင်ကို ဖတ်ဖူးဟန်တူတယ်) သူ့ရဲ့နှုတ်သီးကို ငှက်ကျားဖြူတစ်ကောင်ရဲ့ နှုတ်သီးနဲ့တူအောင် ဆေးရုံတက်ပြီး ခွဲစိတ်ပြုပြင်လာခဲ့တာကိုး။ သူ့ရဲ့မျက်နှာက ပြုံးစိစိနဲ့-

“ကဲ… ခင်ဗျားရဲ့ အသားစင်းကောဟင်းကို ချကျွေးပေတော့။ လည်တံရှည်ကရားထဲ ထည့်ကျွေးလည်း ကျုပ်မမှုပါဘူး။ အလွယ်တကူ နှိုက်စားဖို့ အသင့်ပါပဲ”
လို့ပြောလိုက်တယ်။ ဒီတော့ ငှက်ကျားဖြူလည်း အံ့သြတဲ့မျက်နှာနဲ့-
“ဘုရားရေ… ခင်ဗျားကို အမဲသားစင်းကော ကျွေးမယ်လို့ ဘယ်သူက ပြောလို့လဲ”
မေးတော့ မြေခွေးက-
“အီစွတ်ပုံပြင်ထဲမှာ ဒီအတိုင်းပဲ ပါတာပဲကွ”
“ကျုပ် ဒီပုံပြင်ကို မဖတ်ဖူးပါဘူး။ ခင်ဗျားက စွပ်ပြုတ်နဲ့ ကျုပ်ကို ဧည့်ခံတော့ စွပ်ပြုတ်ဆိုတာ ခင်ဗျားအကြိုက်ဆုံး အစားအစာ ထင်ပြီး အခုလည်း ကျွေးဖို့ စွပ်ပြုတ်ပဲ ချက်ထားတယ်။ ပြီးတော့ ခင်ဗျားသောက်လို့လွယ်အောင် ဈေးက ပန်းကန်ပြားပက်လက် တစ်ချပ်တောင် ဝယ်ထားသေးတယ်” လို့ ပြောပြီး စွတ်ပြုတ်ကို ပန်းကန်ပြားပက်လက်ထဲ ထည့်တိုက်တယ်။ သူကတော့ စားသောက်ပြီးပြီဆို ဘာမှ မစားဘဲနေတယ်။ နှုတ်သီးရှည်ရှည်ချွန်ချွန်နဲ့ မြေခွေးဟာ ပန်းကန်ပြားပက်လက်ထဲက စွပ်ပြုတ်ကို သောက်မရ ဖြစ်နေတယ်။ သူ့အတတ်နဲ့ သူစူးတာပဲ။ သူ့ကိုယ်သူလည်း လည်လွန်းတယ် ထင်ပေမယ့် အခုတော့ သူနဲ့မလိုက်တဲ့ နှုတ်သီးရှည်ကြီးဟာ ဘာမှ အသုံးမဝင်ဘဲ သူ့ကို အရှက်သာ ရစေတော့တယ်တဲ့။

*(ဥပဒေသ။ ။ရိုးသားခြင်းသည် အောင်နိုင်ရာ၏)*

*ဟဒယမင်္ဂဇင်း၊ မေလ၊ ၂၀၀၇ခုနှစ်။*

MMCYBERMEDIA
COMMUNITY FOR ALL

## ခြသေ့်သားရေ ခြုံထားသောမြည်း

တစ်နေ့တော့ ကျွန်ုပ်ဟာ ပုံပြင်ထဲမှာ လမ်းလျှောက်သွားရင်းနဲ့ လမ်းမှာ ခြသေ့်တစ်ကောင်နဲ့ တွေ့တော့ အဲဒီခြသေ့်က ရယ်တယ်။ ဒီတော့မှ အဲဒီခြသေ့်ဆီက မြည်းတစ်ကောင်ရဲ့ အသံထွက်လာပြီး အဲဒါဟာ ခြသေ့်သားရေခြုံထားတဲ့ မြည်းတစ်ကောင်မှန်း ကျွန်ုပ်သိသွားတော့တယ်။ ဒါကြောင့် ကျွန်ုပ်က ခြေနဲ့ ပိတ်ကန်လိုက်တယ်။

ဖြစ်ပုံက ဒီလိုတဲ့။

တစ်နေ့တော့ အဲဒီမြည်းဟာ ခြသေ့်သားရေတစ်ခုကို တွေ့တယ်တဲ့။ ဒီတော့ သူက... (အတော်ပဲ... ဒီသားရေခြုံပြီး လယ်ကွင်းထဲက သိုးတွေနဲ့ တခြားတိရစ္ဆာန်တွေကို သွားခြောက်လှန့်ရင် သိပ်ရယ်ရမှာပဲ)လို့ တွေးပြီး အဲဒီမြည်းဟာ ခြသေ့်သားရေကို ခြုံပြီး သိုးတွေ ရှိရာကို သွားတယ်။ သိုးတွေက မြင်တော့ ခြသေ့်ထင်ပြီး ကြောက်လန့်တကြား ထွက်ပြေးကြတယ်။ ဒီတော့ သူက ကျေနပ်နေတယ်။ နောက်တော့ နွားတွေဆီ သွားပြန်တယ်။ နွားတွေကလည်း သူတို့ကို စားမယ့် ခြသေ့်တစ်ကောင်တော့ ရောက်လာပြီဆိုပြီး ကြောက်လန့်တကြား ထွက်ပြေးကြတာပေါ့။ အဲဒါကို သဘောကျပြီး မြည်းက ပီတိဖြစ်နေပြန်တယ်။

နောက်ဆုံး သူက သူ့သခင်ကို ခြောက်လှန့်မယ်ဆိုပြီး သခင် ရှိရာကို သွားတယ်။ သူ့သခင်က ပထမတော့ ထိတ်လန့်သွားတယ်။ ဒါပေမဲ့ သေသေချာချာ ကြည့်လိုက်တော့ ခြုံထားတဲ့ ခြသေ့်သားရေထဲက ထွက်နေတဲ့ မြည်းရဲ့ နားရွက်ရှည်နှစ်ဘက်ကို တွေ့သွားတယ်။ ဒီတော့ သူ့လက်ထဲက နှင်တံနဲ့ မြည်းကို ရိုက်လိုက်တယ်။ ဒီတော့မှ မြည်းဟာ အလန့်တကြား ထအော်တယ်။

"မင်းဟာ ခြသေ့်သားရေ ခြုံထားတာ မှန်ပေမယ့် မင်းရဲ့နားရွက်တွေကို လုံအောင် မဖုံးနိုင်ဘူး။ အဲဒါဟာ မင်းအတွက် သင်ခန်းစာပဲ"
လို့ ပြောလိုက်တယ်။

ကျွန်ုပ်ကို ခြောက်လှန့်တဲ့အခါ မြည်းဟာ သူ့နားရွက်တွေကို လုံခြုံအောင် ဖုံးဖိထားပြီးပါပြီ။ ဒီတော့ မြည်းဟာ-
"ခင်ဗျားဟာ ကျုပ်ကို မြည်းတစ်ကောင်မှန်း ဘယ်လိုလုပ် သိတာလဲ"
လို့မေးတယ်။ ကျွန်ုပ်က-
"မင်းဟာ အသံပြုလိုက်တာကိုး။ မင်းခြသေ့်သားရေ ခြုံထားပေမယ့် အသွင်သဏ္ဍာန်ကို ပြောင်းလဲလို့ရပေမယ့် အသံကိုတော့ ပြောင်းလဲလို့ မရပါဘူး။ မြည်းဟာ မြည်းအသံပဲ ထွက်နိုင်တယ်"
လို့ ပြောလိုက်တယ်။ မြည်းဟာ-
"ဒါဟာ ကျုပ်အတွက် သင်ခန်းစာပဲ"
လို့ ပြောပြီးထွက်သွားတယ်။

ကျွန်ုပ်ဟာ ဆက်လျှောက်လာရင်း စဉ်းစားလာတယ်။ ဒီမြည်းဟာ ဘာကြောင့် ခြင်္သေ့ဖြစ်ချင်ရတာလဲ။ ခြင်္သေ့ဘဝဟာ မြည်းဘဝထက် ပိုကောင်းတယ် ထင်လို့လား...။ ဒါမှမဟုတ် နောက်ပြောင်ချင်တဲ့ စိတ်သက်သက်ပဲလား...။ လူတွေ ထိတ်လန့်အောင် ခြောက်လှန့်ချင်လို့လား...။ လောကကြီးကို လှောင်ရယ်ချင်လို့လား...။ တခြားသတ္တဝါတွေကို ပမာမခန့် ပြုချင်လို့လား။ ဒီလိုလုပ်တော့ သူ ဘာအကျိုးရှိသလဲ။ စုံလို့ပဲ...။

အဲဒီအခိုက်မှာပဲ အမဲပစ်ရိုင်ဖယ် သေနတ်သံ တစ်ချက်ကြားလိုက်ရတယ်။ ကျွန်ုပ်လည်း အဲဒီအသံ ကြားရာဘက်ကို လျှောက်သွားတယ်။ အဲဒီမှာ မုဆိုးတစ်ယောက်ကို တွေ့ရတယ်။ သေဆုံးနေတဲ့ ခြင်္သေ့သားရေ ခြုံထားတဲ့ မြည်းကိုလည်း တွေ့ရတယ်။ မုဆိုးရဲ့ မျက်နှာက စိတ်ပျက်လက်ပျက်ပဲ။

"ကျုပ်က ခြင်္သေ့မှတ်လို့ ပစ်လိုက်တာ နောက်ဆုံးတော့ မြည်းတစ်ကောင် ဖြစ်နေတယ်။ သူဟာ မြည်းဖြစ်နေကြောင်း အသံလေးတော့ ပြုသင့်တယ်"
တဲ့။

အဲဒီမုဆိုးဟာ မြည်းပိုင်ရှင်ကို လျော်ကြေးပေးလိုက်ရလေသလားတော့ ကျွန်ုပ်လည်း မသိတော့ပါဘူး။

*ဟာဒယမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၇ခုနှစ်။*

## အမြီးပြတ်သော မြေခွေးများ

တစ်နေ့မှာ ကျွန်ုပ်ဟာ ပုံပြင်ထဲကို လမ်းလျှောက်သွားရင်းနဲ့ ထောင်ချောက်တစ်ခုမှာ မိနေတဲ့ မြေခွေးတစ်ကောင်နဲ့ သွားတွေ့တယ်။ ထောင်ချောက်က မြေခွေးရဲ့တစ်ကိုယ်လုံးကို မမိပေမယ့် အမြီးကိုတော့ ကောင်းကောင်းညှပ်မိနေတယ်။ မြေခွေးဟာ ထောင်ချောက်ရှင် ရောက်မလာခင် ထောင်ချောက်က အတင်းလွတ်အောင် ရုန်းတော့ သူ့အမြီးက ပြတ်ပြီး ထောင်ချောက်ထဲမှာ ကျန်ခဲ့တာပေါ့။ သူကတော့ လွတ်သွားတယ်။

ဒါပေမဲ့ မြေခွေးအုပ်စုထဲ ရောက်တော့ သူ လှောင်ပြောင်ခံရတော့တာပဲ။

"ဟေ့ကောင်... မင်းအမြီး ဘယ်ရောက်သွားသလဲ။ အပေါင်ဆိုင် ပို့လိုက်သလား"
"မဟုတ်ဘူး။ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်ခံရတာ ဖြစ်မယ်"
"မဖြစ်နိုင်ဘူး။ ဒီကောင် ကာရာအိုကေဆိုင်မှာ မေ့ကျန်ခဲ့တာ နေမှာပေါ့"
"ဘာပဲပြောပြော အမြီးမရှိတဲ့ မြေခွေးဆိုတာ တံခွန်မရှိတဲ့ရထားလို မတင့်တယ်ဘူးပေါ့ကွာ"

ဒီလို တစ်ကောင်တစ်ပေါက် ပြောသံတွေ ကြားတော့ အမြီးပြတ်တဲ့ မြေခွေးဟာ နားမခံသာဘူးပေါ့။ သူက လူပေါ်လူဇော် လုပ်နည်းကျမ်းတွေကို မတောက်တခေါက် ဖတ်ဖူးတော့ ချက်ချင်းပဲ အားကျမခံ ပြန်ပြောတယ်။

"ဟေ့ကောင်တွေ... ဒါ ပြူတီဆလွန်းတစ်ခုမှာ ဒေါ်လာ ၃၀၀ ပေးပြီး ပြုပြင်လာတာကွ။ မင်းတို့ အခု ကြည့်လိုက်စမ်း။ အမြီးမရှိတော့ ငါ့ကိုယ်ဟာ ဘယ်လောက် ကြော့ရှင်းလှပသွားသလဲ။ နို့မို့ဆို သွားလေရာ ဒီအမြီး တန်းလန်းတန်းလန်းနဲ့ ရှုပ်နေတာ။ အခုမှ ငါ့မှာ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ရှိလိုက်တာ။ မင်းတို့လည်း ငါ့လို အရသာမျိုး ခံစားစေချင်လို့ ခုလို ကိုယ်တိုင် ခံစားချက်ကို ဖွင့်ဟပြောပြီး တိုက်တွန်းနေရတာ။ ဒါကြောင့် ငါ့ကို အတုယူပြီး မင်းတို့ရဲ့ ရုပ်ဆိုးတဲ့ အမြီးတွေကို ဖြတ်ပစ်လိုက်ကြပါ"

ဒီမြေခွေးဟာ အရင်က ကွန်မြူနစ်ပါတီလည်း ဝင်ဖူးတော့ ကြွမ်းပိုးကိုလိပ်ဖြစ်အောင် ပြောနိုင်တယ်။ ကျန်တဲ့ မြေခွေးတွေလည်း အားကျကုန်တာပေါ့။ အဲဒီထဲမှာ မြေခွေးအိုကြီးတစ်ကောင်က-
"အချင်း... မြေခွေးအပေါင်းတို့... သူ့စကားကို မယုံကြနဲ့။ ငါ ငယ်ငယ်က အီစွတ်ပုံပြင်စာအုပ် ဖတ်ဖူးတယ်။ အမြီးပြတ်တဲ့ မြေခွေးဟာ ကိုယ်အမြီးပြတ်သလို တခြားမြေခွေးတွေလည်း အမြီးပြတ်ကုန်အောင် ဒီလို အယုံသွင်းစကား ပြောတာပဲ။ အခုလည်း သူ့စကားကို မယုံကြနဲ့"
လို့ သတိပေးစကား ပြောတယ်။ ဒါပေမဲ့ စာပေ ဗဟုသုတနည်းတဲ့ မြေခွေးတွေက မယုံကြဘူးတဲ့။ အမြီးပြတ်နေတဲ့ မြေခွေးက-
"ခင်ဗျားတို့ စိတ်ကူးမလွဲကြနဲ့။ ကျွန်တော်ဆို အခုမှ လှသွားတယ်ဆိုပြီး ဟောလိဝုဒ်ကတောင် ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းနေတယ်။ ဒီမြေခွေးအိုကြီးတွေက သူတို့လည်း မလှနိုင်တော့ တခြားသူတွေ လှမှာ မနာလိုလို့ ပြောနေတာ"
လို့ ပြောတယ်။ ကျန်တဲ့ မြေခွေးတွေက-
"သူ့စကားကို ကျုပ်တို့လည်း ဂရုမစိုက်ပါဘူး။ ဟောလိဝုဒ် ကမ်းလှမ်းလာသလို ကိုးရီးယားကသာ ကမ်းလှမ်းလာရင်တော့ ဂျင်ဆန်းမီနဲ့ တွဲပြီး ဇာတ်လမ်းတွဲ တစ်တွဲလောက်တော့ ရိုက်လိုက်ချင်တယ်"

“ကျုပ်ကတော့ အဲသလောက် လောဘမကြီးပါဘူး။ သက်မွန်မြင့်နဲ့ တွဲပြီး သွားတိုက်ဆေး ကြော်ငြာတစ်ခုလောက် ရိုက်ရရင် အမြီးဖြတ်ရကျိုးနပ်ပါတယ်”
လို့ တစ်ယောက်တစ်ပေါက် ပြောကြတယ်။ ဒါပေမဲ့ ခက်တာက သူတို့မှာ အမြီးဖြတ်ခ ဒေါ်လာသုံးရာ ပေးစရာမရှိတာပဲ။ ဒါပေမဲ့ အဲဒီကိစ္စကို ကျွန်ုပ်ကပဲ ကူညီဖြေရှင်းပေးခဲ့ပါတယ်။ အလှပြင်ခ မယူပဲ အမြီးကို အခမဲ့ ဖြတ်ပေးမယ်လို့ ကြေညာလိုက်တော့ အမြီးဖြတ်ချင်တဲ့ မြေခွေးတွေဟာ တန်းစီပြီးတောင် စောင့်ကြတယ်။ ‘လှချင်သူတိုင်း အမြီးဖြတ်ကြသည်’ ဆိုတဲ့ ဆောင်ပုဒ်ဟာ မြေခွေးလောကထဲမှာ ခဏလေးနဲ့ ရေပန်းစားသွားတယ်။

ကျွန်ုပ်ပုံပြင်ထဲက လမ်းလျှောက်ပြန်လာတော့ အမွေးပွပွနဲ့ အင်မတန်လှတဲ့ မြေခွေး အမြီးပြတ်တွေ အိတ်ကြီးနဲ့ တစ်လုံး ပါလာတယ်။ သားမွေးအင်္ကျီချုပ်တဲ့ ကုမ္ပဏီတစ်ခုခုမှာ သွင်းလိုက်ရင် ဈေးကောင်း ရနိုင်တာပါပဲ မဟုတ်လား။

*ဟာဒယမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၇ခုနှစ်။*

## မြည်းနှင့် ခွေးကလေး

တစ်နေ့တော့ ကျွန်ပ်ဟာ ပုံပြင်ထဲမှာ လမ်းလျှောက်သွားရင်း ယာတောတစ်ခုကို ရောက်သွားတယ်။ ယာတောအိမ်ကလေးက တော်တော် တင့်တင့်တယ်တယ်မို့ ယာတောပိုင်ရှင်ဟာ လူချမ်းသာ တစ်ယောက်မှန်း သိနေတယ်။ ယာတောထဲက မြည်းတစ်ကောင်က အိမ်ထဲကို ပြတင်းပေါက်က တစ်ဆင့် ငေးကြည့်နေတာကို တွေ့လို့ ကျွန်ပ်လည်း ငေးကြည့်လိုက်တော့ ယာတဲရှင် သူတို့သခင်ဟာ အိမ်မှာမွေးထားတဲ့ ခွေးကလေးနဲ့ ကစားနေတာ တွေ့ရတယ်။ ခွေးကလေးဟာ သူ့သခင်ကို လှည့်ပတ်ပြေး၊ ပွတ်သီးပွတ်သပ်လုပ်၊ သူ့သခင်ထိုင်နေရင် သူ့သခင်ပေါ်ခုန်တက် အဲဒါကို သူ့သခင်က သဘောကျ ရယ်မောပြီး သူစားတဲ့ ဘီစကွတ်တွေ ချကျွေးနေတယ်။

အဲဒါကို ကြည့်နေတဲ့မြည်းဟာ-
"ကြည့်စမ်းပါဦးဗျာ။ ကျုပ်တို့မှာ လေးလေးပင်ပင် ဝန်တွေသယ်ရတာ။ ဒီခွေးကလေးကတော့ ဘာမှ မလုပ်ဘူး။ သူ့သခင်နဲ့ ဆော့ကစားတာပဲ ရှိတယ်။ သူက သခင် စားတာမျိုးတွေလည်း စားရတယ်။ သူ့အလုပ်မျိုးတော့ ကျုပ်လည်း လုပ်နိုင်ပါတယ်"
လို့ ပြောတယ်။ ဒီတော့ ကျွန်ပ်လည်း အီစွတ်ပုံပြင်ထဲ ရောက်နေမှန်း ရိပ်စားမိသွားတယ်။ ဒါကြောင့် မြည်းကို-
"သတ္တဝါဆိုတာ ကိုယ့်နေရာနဲ့ ကိုယ်နေတာပဲ ကောင်းတယ်။ အဓိက ကိုယ့်ဘဝကို ကျေနပ်ဖို့ပဲ။ မတူတာ မတုနဲ့။ တုရင် ကိုယ်ပဲ ဒုက္ခရောက်လိမ့်မယ်"
လို့ တားမြစ်တယ်။

ဒါပေမဲ့ မြည်းက နားမထောင်ဘူး။

"မယုံရင် ခင်ဗျား ဒီက ကြည့်နေ"
ဆိုပြီး အိမ်ထဲ ပြေးဝင်သွားတယ်။ ပြီးတော့ ကုလားထိုင်မှာ ထိုင်နေတဲ့ သူ့သခင်ဘေးမှာ လှည့်ပတ်ပြေးတယ်။ သူ့သခင်က အံ့သြပြီး-
"ဒီမြည်း ဘာဖြစ်နေတာလဲ"
လို့ ရေရွတ်တယ်။ မြည်းက သူ့သခင် သဘောကျအောင် ခြေထောက်တွေကို လေထဲမှာ မြှောက်ပြီး ခုန်ပေါက်တော့ အိမ်ထဲက ပရိဘောဂတွေ ထိခိုက်မိပြီး ပျက်စီးကုန်တယ်။ မြည်းက သူ့ကို ဘီစကွတ်တွေ ချကျွေးမလား မျှော်လင့်နေသေးတယ်။ သူ့သခင်ကတော့ စိတ်ဆိုးလှပြီ။ အဲဒါကို မရိပ်မိတော့ မြည်းဟာ သူ့သခင်ပေါ် ခုန်တက်မယ် လုပ်တယ်။ ဒီတစ်ခါတော့ သူ့သခင်ဟာ ကြောက်လန့်တကြား ဖြစ်သွားတယ်။ မြည်းရဲ့ ခန္ဓာကိုယ်ကြီးသာ သူ့အပေါ်ပိရင် သူ ဒဏ်ရာရသွားမှာကိုး။ ဒါကြောင့်-
"လာကြပါဦးဟေ့။ ဒီမြည်း ရူးသွားပြီ။ ငါ့ခြံထဲက မောင်းထုတ်လိုက်ကြ"
လို့ သူ့အလုပ်သမားတွေကို အော်ပြောတယ်။ အလုပ်သမားတွေလည်း အိမ်ထဲ ဝင်လာပြီး မြည်းကို ဝိုင်းရိုက်ကြ နှက်ကြတာပေါ့။ မြည်းတစ်ကိုယ်လုံးဟာ အရိုးရာတွေနဲ့ ယာတဲက ထွက်ပြေးသွားရတယ်။

အပြန်လမ်းကျတော့ သစ်ပင်တစ်ပင်အောက်မှာ မှိုင်တွေနေတဲ့ မြည်းကို တွေ့ရတယ်။ သူက-
"ခင်ဗျား ပြောတာ မှန်တယ်။ နွေးတစ်ကောင်လုပ်တာ မြည်းတစ်ကောင် မလုပ်သင့်ဘူး။ အခုတော့ ကျုပ်မှာ နေစရာ စားစရာ မရှိတော့ဘူး။ ကျုပ်က အင်မတန်နံ့တယ်"
လို့ ညည်းတယ်။

နောက်တော့ ကျွန်ုပ်သိရတာတော့ အဲဒီမြည်းဟာ 'မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်' ပုံပြင်ထဲကို ရောက်သွားတယ်လို့ ကြားရတယ်။ အဲဒီတော့မှ မြည်းဟာ လောကမှာ သူ့ထက် နုံတဲ့ အသတ်လူတွေ ရှိနေပါသေးတယ်လို့ စိတ်သက်သာရာ ရသွားတယ်လို့ ဆိုတယ်။

*ဟာဒယမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၇ခုနှစ်။*

## မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်

တစ်နေ့တော့ ကျွန်ုပ်ဟာ ပုံပြင်ထဲမှာ လမ်းလျှောက်ထွက်လာရင်းနဲ့ လမ်းမှာ မြည်းတစ်ကောင်ကို ဆွဲပြီး လမ်းလျှောက်လာကြတဲ့ သားအဖနှစ်ယောက်ကို တွေ့တယ်။ သူတို့ဟာ ဒီမြည်းကို မြို့တက်ပြီး သွားရောင်းမလို့ ဆွဲလာကြတယ်ဆိုတာ သိတာပေါ့။ ပြီးတော့ လမ်းမှာ မြင်တဲ့ လူအမျိုးမျိုးက ကဲ့ရဲ့ပြစ်တင်မှုမျိုး လုပ်ကြမှာကိုလည်း သိနေတာပဲ။

လမ်းမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တော့-
"ကြည့်ပါဦး… မိုက်မဲလိုက်တဲ့ သားအဖ။ တစ်ယောက်ယောက်က မြည်းကို စီးရင်ရရဲ့ သားနဲ့ နှစ်ယောက်လုံး လမ်းလျှောက်လာကြတယ်"
လို့ ကဲ့ရဲ့စကား ပြောတယ်။

ဒီတော့ သူ့အဖေက သားကို မြည်းပေါ်တက်ခိုင်းပြီး သူက ဘေးကနေပဲ ခြေကျင်လျှောက်လိုက်ခဲ့တယ်။ မကြာခင် သူတို့ဟာ လမ်းဘေးမှာ စကားဝိုင်းဖွဲ့နေကြတဲ့ အဘိုးအိုတစ်စုအနားကို ရောက်သွားတယ်။ ဒီတော့ အဘိုးအိုတစ်ယောက်က-
"ကြည့်ပါဦး… သားမိုက်ကတော့ မြည်းပေါ်မှာ အခန့်သားစီးလာလိုက်တာ။ သနားစရာ သူ့အဖေကတော့ လမ်းလျှောက်လာရတယ်။ ဟဲ့ ပျောင်းလေး… မြည်းပေါ်ကဆင်းစမ်း။ မင်းအဖေပဲ စီးပါစေ"
လို့ ဝေဖန်ကြတယ်။ အဲဒါနဲ့ အဖေလုပ်တဲ့သူက မြည်းပေါ်တက်စီးပြီး သားလုပ်တဲ့သူက ခြေကျင်လျှောက်လာခဲ့တယ်။ တစ်နေရာအရောက်တွင် အမျိုးသမီးတစ်စုနဲ့ တွေ့ပြန်တယ်။ အမျိုးသမီးတွေက-
"ဟော့… ပျောင်းကြီး။ ရှင်ကတော့ မြည်းပေါ်မှာ ဖိမ်ကျလို့၊ အောက်ကကလေးဟာ မြည်းကို မှီအောင် မနည်းလျှောက်နေရတယ်။ ကလေးကိုပါ တင်စီးတော့ ဘာဖြစ်မှာလဲ"
လို့ အပြစ်တင်ကြတယ်။

ဒါကြောင့် အဖေလုပ်သူက သားကိုမြည်းနောက်မှာ တက်ထိုင်ခိုင်းပြီး နှစ်ယောက်သား ခရီးဆက်ခဲ့ကြတယ်။ လမ်းမှာ မြို့သားတစ်ယောက်နဲ့တွေ့တော့-
"ဒီမြည်းကို ခင်ဗျားတို့ သွားရောင်းမလို့ မဟုတ်လား။ အခု မြည်းဟာ မနိုင်ဝန်ထမ်းနေရတော့ ခါးကျိုးပြီး သေသွားနိုင်တယ်။ ခင်ဗျားတို့က သူ့အပေါ်တက်စီးမယ့်အစား သူ့ကို ထမ်းသွားတာ ပိုကောင်းတယ်"
လို့ အကြံပေးပြန်တယ်။ ဒါနဲ့ သူတို့ဟာ မြည်းခြေထောက်တွေကို ကြိုးနဲ့ စုချည်ပြီးတော့ မြည်းကို ဇောက်ထိုးထားပြီး ထမ်းပိုးတစ်ချောင်းနဲ့ လျှိုလို့ ပခုံးပေါ် တင်ထမ်းလာခဲ့ကြတယ်။ သူတို့ ဘယ်လိုဇာတ်သိမ်းမယ်ဆိုတာ ကျွန်တော်က သိနေတော့ ရင်တထိတ်ထိတ်ပေါ့။ လမ်းတစ်လျှောက်လုံး တွေ့တဲ့လူတွေက သူတို့သားအဖကို နောက်ပြောင် လှောင်ရယ်သွားကြတယ်။ မြင်ကွင်းကလည်း ရယ်စရာကောင်းလှတဲ့ မြင်ကွင်းမျိုးကိုး။

မြည်းကလည်း နေရထိုင်ရခက်လို့ အားရှိသမျှ ရုန်းကန်တော့ သားအဖနှစ်ယောက်ဟာ ခက်ခက်ခဲခဲ ထမ်းပိုးလာရတာပေါ့။ ဒီလိုနဲ့ တံတားတစ်ခုပေါ် ရောက်လာတယ်။ ရုန်းကန်နေတဲ့ မြည်းကလည်း ခြေထောက်တစ်ဖက် လွတ်သွားတော့ ထပ်ပြီး ရုန်းလိုက်တာ တံတားပေါ်က လွန်ပြီးချောင်းထဲကျ ရေနစ်သွားပါတော့တယ်။ သားအဖနှစ်ယောက်လည်း မြည်းတစ်ကောင်တော့ ဆုံးပါပြီလို့ တွေးပြီး ဝမ်းနည်းပက်လက်နဲ့ အိမ်ပြန်သွားကြတယ်။

ကျွန်တော်သာ ပုံပြင်ထဲမှာ လမ်းလျှောက်မလာမိရင် ဒီပုံပြင်တော့ ဒီမှာပဲ အဆုံးပေါ့။ ကျွန်တော်က ရေထဲ ခုန်ချပြီး ရေနစ်နေတဲ့ မြည်းကို ဆယ်လိုက်တယ်။ ပြီးတော့ အဲဒီမြည်းကို ပြန်ပေးရအောင် သားအဖနှစ်ယောက်ရဲ့ အိမ်ကို ရောက်သွားတယ်။

"ဟောဒါဟာ ခင်ဗျားတို့ ရေထဲကျသွားတဲ့ မြည်း၊ ကျွန်တော်ဆယ်ပြီး ခင်ဗျားတို့ကို လာပြန်ပေးတာ"
ဆိုတော့ အဖေလုပ်တဲ့သူက-
"ဘာလို့ ယူလာတာလဲဗျာ။ ဒီမြည်းကို ကျုပ်တို့ မြင်တောင် မမြင်ချင်ဘူး။ သူ့ကြောင့် လူတကာက ကျုပ်တို့သားအဖကို ကဲ့ရဲ့ပြစ်တင်တာခံရတယ်"

သားလုပ်သူကလည်း-
"ဟုတ်တယ်… ဒုက္ခရောက်လိုက်၊ ပင်ပန်းလိုက်တာလဲ မပြောပါနဲ့တော့။ ခင်ဗျားပြန်ယူသွားပြီး ပေးချင်တဲ့လူသာ ပေးလိုက်ပါ"
လို့ ပြောတယ်။

ကျွန်ပ်လည်း မြည်းကို ယူပြီး ပြန်လာခဲ့ရတယ်။ ဒီတစ်ခေါက်ပုံပြင်ထဲကို လမ်းလျှောက်ထွက်တာ မြည်းတစ်ကောင် အဖတ်တင်တာပေါ့လေ။ ဒီမြည်းကို မြင်တိုင်း ကျွန်ပ်တွေးမိတယ်။ ဒီပုံပြင်ထဲက အပြစ်မှာ မြည်းဟာ တကယ်အပြစ်ရှိသူလား။ တွေးတွေးဆဆ အလုပ်တစ်ခုကို သဘာဝကျကျ မလုပ်ကိုင်နိုင်တဲ့ သားအဖ၊ ပတ်ဝန်းကျင်ရဲ့ ထင်မြင်ယူဆချက်ကို အလေးထားလွန်းတဲ့ သားအဖဟာ အပြစ်လား…။ ဒါမှမဟုတ် တွေ့သမျှ မြင်သမျှ ကိစ္စတိုင်းမှာ လက်ညှိုးထိုး အပြစ်ရှာ ပြောဆိုတတ်တဲ့ ပတ်ဝန်းကျင်ကပဲ အပြစ်ရှိသလား။

*(ယနေ့ထက်တိုင် ကျွန်ပ်ထံတွင် မြည်းတစ်ကောင် ရှိနေရာ လိုချင်သည်ဆိုပါက မည်သည့် သားအဖမဆို လာရောက်တောင်းဆိုနိုင်သည်။ အမဲသားသည် သားအဖတောင်းရန်မလိုပါ)*

*ဟာဒယမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၇ခုနှစ်။*

MMCYBERMEDIA
COMMUNITY FOR ALL

## ယုန်နဲ့ လိပ် အပြေးပြိုင်ပွဲ

တစ်နေ့ အီစွတ်ပုံပြင်ထဲမှာ လမ်းလျှောက်ရင်း တိရစ္ဆာန်တွေ ရုတ်ရုတ်သဲသဲ ဖြစ်နေတာမြင်လို့ ကျွန်ုပ်သွားစူးစမ်းကြည့်တော့ ယုန်နဲ့ လိပ် အပြေးပြိုင်ပွဲ ကျင်းပဖို့ စီစဉ်နေတာ တွေ့ရတယ်။ ခြင်္သေ့တွေ၊ မြင်းကျားတွေ၊ မြေခွေးတွေ၊ သစ်ကုလားအုပ်တွေ၊ ငှက်ကြီးဝန်ပိုတွေ၊ မျောက်လွှဲကျော်တွေ စုံလို့ပဲ။ သူတို့က ဒီပွဲကို အလောင်းအစား လုပ်နေကြတယ်။ အားလုံးက ယုန်ဘက်ကနေ လောင်းကြတာပေါ့။

"မိုက်တိမိုက်ကန်းကွာ... လိပ်ဘက်ကနေတဲ့ ကောင်က ရှိသေးတယ်။ ကုဋေရှစ်ဆယ် သူဌေးသားလား မသိဘူး"
ဆိုလို့ ကျွန်ုပ်သွားကြည့်တော့ တစ်ဖက်က နေတဲ့သူက ကြွက်နီ ဖြစ်နေတယ်။ ကျွန်တော်က-
"ကိုကြွက်... ခင်ဗျား ဘာလို့ ဒီတိရစ္ဆာန်တွေကြားထဲ ရောက်နေရတာလဲ"
လို့ မေးတော့-
"ကျွန်တော့်နာမည် ကြွက်နီလေ"
လို့ဖြေတယ်။ ပြီးတော့ စပ်ဖြီးဖြီး မျက်နှာနဲ့-
"ခင်ဗျားလည်း ဒီပုံပြင်ကို ဖတ်ဖူးတာပဲ။ နောက်ဆုံးတော့ လိပ်ပဲနိုင်တယ် မဟုတ်လား။ ဒီထက်ပိုင်တာ မရှိတော့ဘူး။ ဒီတော့ ခင်ဗျားမှာ ဘယ်လောက် ပါလာသလဲ။ ကြုံတုန်း လိပ်ဘက်က ဝင်လောင်းလိုက်ပါလား။ အလကားလိုလို ရမယ့် ပိုက်ဆံတွေ... ဒီတိရစ္ဆာန်တွေ အားလုံး အချဉ်တွေချည်းပဲ"
လို့ ပြောတယ်။ ကျွန်ုပ်လည်း လောင်းကစားက အကျိုးမပေးပါဘူးဗျာ ဆိုပြီး ငြင်းလိုက်ရတယ်။ ဒီပြိုင်ပွဲဖြစ်လာပုံက ဒီလိုတဲ့...။

အိုလံပစ်က ရွှေတံဆိပ် ၃ခု ရလာတဲ့ ယုန်က သူအပြေးသန်တဲ့ အကြောင်း အမြဲကြွားရုံမကဘူး လိပ်ကို သွားပြီး လှောင်တာနဲ့ လိပ်က မခံချင်ဖြစ်ပြီး စိန်ခေါ်တာတဲ့။

ဒီလိုနဲ့ ပြိုင်ပွဲစတယ်။ စစချင်း ထုံးစံအတိုင်း ယုန်က ရှေ့က ပြေးတာပေါ့။ လိပ်က နောက်က အပြတ်အသတ် ကျန်ခဲ့တာပဲ။ ယုန်ဘက်က လောင်းထားတဲ့ တိရစ္ဆာန်တွေက အော်ဟစ် အားပေးကြတယ်။ ကြွက်နီကတော့ ပြုံးဖြီးဖြီးနဲ့ စောင့်ကြည့်နေတာပေါ့။ ပုံပြင်ထဲက အတိုင်းပါပဲ။ ပြေးလမ်းအလယ်ရောက်တော့ လိပ်လည်း နောက်မှာ အများကြီး ပြတ်ကျန်ခဲ့တာပဲ။ ခဏနားဦးမယ်ဆိုပြီး ယုန်က မြက်ခင်းပေါ် လှဲလိုက်တာ ခဏလေးနဲ့ အိပ်ပျော်သွားတော့တယ်။ ဒီယုန်က အိုလံပစ်ဂျာနယ်က (Fun Club) အဖွဲ့ဝင်တဲ့ မနေ့ညက ရီးရဲမက်ဒရစ်နဲ့ မန်ချက်စတာ ကစားတဲ့ (ည ၁နာရီခွဲပွဲ) ကို သွားကြည့်ထားတော့ အိပ်ရေးပျက်ပြီး အိပ်ချင်နေတာပေါ့။

တဖြည်းဖြည်းနဲ့လျှောက်လာတဲ့ လိပ်က သူ့ကို ကျော်တက်သွားတာတောင် မနိုးဘူးတဲ့။ တိရစ္ဆာန်တွေက အော်ဟစ်သတိပေးတာလည်း သတိမရဘူးတဲ့။ လိပ်ကတော့ ဖြည်းဖြည်းမှန်မှန်နဲ့ ပြေးသွားလိုက်တာ ပန်းတိုင်နားကိုတောင် ရောက်နေပြီ။ ကိုကြွက်ကလည်း သူ့လက်ထဲက လောင်းကြေးပိုက်ဆံတွေကို အိတ်ထဲတောင် ထည့်နေပြီ။

အဲဒီအချိန်မှာပဲ ပန်းတိုင်နားမှာရှိတဲ့ ကာရာအိုကေဆိုင်က သီချင်းသံက ပျံ့လွင့်လာတယ်။ လိပ်ကလည်း ပန်းချီမောင်မောင်သိုက်တို့၊ ဝသုန်တို့လောက်ကို အဆိုဝါသနာကြီးတယ်။ ကာရာအိုကေဆိုင်ထဲ လှမ်းကြည့်လိုက်တော့လည်း သူ့မိတ်ဆွေ ကိုမြတ်သစ်တို့၊ ကိုကြည်သစ်တို့၊ ကိုမောင်မောင်ဇေယျတို့ကို သွားတွေ့ရတယ်။ ဒီလူကြီးတွေ ဣန္ဒြေကြီးတွေနဲ့ နေတာသာ တွေ့ဖူးတယ်။ ဒီလို သီချင်းဆိုတာ မတွေ့ဖူးတော့ လိပ်လည်း ဝမ်းသာအားရနဲ့ ကာရာအိုကေဆိုင် ရောက်သွားတယ်။

ယုန်လည်း တော်တော်နဲ့ နိုးဦးမှာ မဟုတ်ဘူး။ ဒီတော့ ကြုံတုန်း သီချင်းလေးတစ်ပုဒ် နှစ်ပုဒ်လောက်တော့ ဟစ်ဦးမှပဲဆိုပြီး ကာရာအိုကေ ဝင်ဆိုနေလိုက်တယ်တဲ့။ အဲဒီအချိန်မှာ ယုန်က တစ်ရေးနိုးပြီး ပန်းတိုင်ကို ပြေးလာပါရော။ ယုန်ပြေးလာတာ မြင်ပေမယ့် လိပ်ဟာ ကာရာအိုကေက ကောင်မလေးတစ်ယောက်နဲ့ 'ပန်းပိတောက်ကို ချစ်တယ်' သီချင်းကို စုံတွဲဆိုနေတာ မပြီးသေးတော့ သီချင်းကို ဆုံးအောင် ဆက်ဆိုနေလိုက်တာနဲ့ ယုန်လည်း ပန်းဝင်သွားရောတဲ့။

ကိုကြွက်နီကတော့ အဲဒီအချိန်ကစပြီး ပိတောက်ပန်းကို မုန်းသွားတာတဲ့။

"ယုန်က မုန်လာဥကို ချစ်တယ် ဆိုရမှာ"
လို့ ဒေါသနဲ့ ပြောသေးတယ်။ ဘာပဲပြောပြော သူ့ခများ အဲဒီတုန်းက ရှုံးထားတဲ့ လောင်းကြေးတွေ ကျေအောင် မဂ္ဂဇင်း၊ ဂျာနယ်ပေါင်းစုံမှာ 'သိမ်းတင်သား၊ သက်သက်သာသာ၊ ဖန်ယီမောင်၊ လူလှနေခ' စသဖြင့် ကလောင်နာမည်ပေါင်းစုံနဲ့ စာတွေရေးပြီး ကြွေးတွေ ဆပ်နေလိုက်ရတာ အခုထိ ဝင့်မကျွတ်နိုင်သေးဘူးလို့ ကြားတာပါပဲ။

*ဟာဒယမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၇ခုနှစ်။*

## ကြောင်နှစ်ကောင်ရဲ့ ကလဲ့စား

တစ်နေ့သ၌ ကျွန့်ပ်သည် အီစွတ်ပုံပြင်ထဲတွင် လမ်းလျှောက်လာရာ ဒိန်ခဲတစ်ခဲစီ သယ်ဆောင်လာကြသော ကြောင်နှစ်ကောင်နှင့် ဆုံမိလေသည်။ ကြောင်နှစ်ကောင်က ကျွန့်ပ်ကို တွေ့သောအခါ-

"ခင်ဗျားက မျောက်လား"

ဟု မေးလေသည်။ ကျွန့်ပ်က-

"လူဆိုတာ မျောက်က ဆင်သက်လာတယ်လို့ အရင်ကတော့ ပြောတာပဲ။ ဒါပေမယ့် ငါကတော့ မျောက်မဟုတ်ဘူး"

"ဒါဆို ကျုပ်တို့ မျောက်ကို သွားရှာဦးမယ်"

ဟုပြောကာ လှည့်ထွက်သွားကြမည်ပြုစဉ် ကျွန့်ပ်က ဟန့်တားလိုက်၏။

"နေပါဦး။ မင်းတို့ မျောက်ကို သွားရှာမယ်ဆိုတာ ဒိန်ခဲတွေကို ညီမျှအောင် ခွဲခိုင်းမလို့ မဟုတ်လား။ ဒီနေ့ ဒိန်ခဲတစ်ခဲ မင်းတို့ ရတယ်။ တစ်ယောက် တစ်ဝက်စီ စားမယ်လို့ ခွဲလိုက်တော့ တစ်တုံးက ကြီးပြီး တစ်တုံးက သေးနေတယ်။ နှစ်ကောင်စလုံးက ကြီးတာလိုချင်တော့ အဝေမတည့်ဘူး။ ဒါကြောင့် မျောက်ဆီ သွားအကူအညီတောင်းမလို့ မဟုတ်လား"

ကျွန့်ပ်စကားကို ကြားသောအခါ ကြောင်နှစ်ကောင်က အံ့အားသင့်ကာ-

"ဒီကိစ္စတွေ ခင်ဗျား ဘယ်လို သိတာလဲ"

"လွယ်ပါတယ်။ ငါက အီစွတ်ပုံပြင်စာအုပ် ဖတ်ထားတာကိုး။ ငါသိတာတွေ ဆက်ပြောလိုက်ဦးမယ်။ မျောက်ဆီ မင်းတို့ ရောက်တော့ မျောက်က ချိန်ခွင်ကို ထုတ်ပြပြီး သူကူညီနိုင်တယ်လို့ ပြောမယ်။ ဒိန်ခဲနှစ်ခဲကို ချိန်ခွင်တစ်ဖက်စီမှာ ထည့်ပြီး ချိန်ကြည့်တယ်။ ကြီးလို့ လေးနေတဲ့ အခဲကို ညီမျှအောင် သူတစ်ကိုက် ကိုက်လိုက်တယ်။ သူကိုက်တာများသွားတော့ ချိန်ခွင်က မညီပြန်ဘူး။ ဒီလိုနဲ့ ကျန်တဲ့ တစ်တုံး ကိုက်လိုက်ပြီး ချိန်ပြန်တယ်။ ဒါလည်း မညီမျှဘူး။ မျောက်ဟာ ဟိုဒိန်ခဲကိုက်ချိန်လိုက် ဒီဒိန်ခဲကို ကိုက်ချိန်လိုက်နဲ့ နောက်ဆုံး ဒိန်ခဲတွေဟာ သေးသေးလေးပဲ ကျန်တော့တယ်။ ကြောင်တွေက တော်ပါတော့ ကျန်တဲ့အပိုင်းလေးတွေပဲ ပြန်ပေးပါ။ ကျွန်တော်တို့ တောင်းပန်ပါတယ်ဆိုတော့ မျောက်က မင်းတို့ အမြင်ပဲ မင်းတို့ကြောင့် ငါတော်တော် အလုပ်ရှုပ်သွားတယ်။ ငါ့လုပ်အားခအတွက် မင်းတို့ ဘာပေးမှာလဲ။ မင်းတို့မှာလည်း ဘာမှ ပေးစရာ မပါဘူး။ ဒီတော့ ဒီဒိန်ခဲလေးတွေပဲ တရားမျှတအောင် လုပ်ပေးရတဲ့အတွက် ငါယူလိုက်တော့မယ် ဆိုပြီး အဲဒီမျောက်ဟာ ဒိန်ခဲလက်ကျန်ကို သူ့ပါးစပ်ထဲ ထည့်လိုက်တယ်တဲ့။ ဒီတော့ မင်းတို့ မျောက်ဆီ မသွားကြနဲ့"

"ကျုပ်တို့ မျောက်ဆီပဲ သွားမယ်"

ဟုဆိုကာ ထွက်သွားကြလေသည်။

ကျွန့်ပ်သည် ထိုကြောင်နှစ်ကောင်နောက်မှ လိုက်ကာ ချောင်းမြောင်းကြည့်ရှုဖို့ ဆုံးဖြတ်လိုက်သည်။ မကြာခင် ကြောင်နှစ်ကောင်သည် မျောက်ထံ ရောက်ရှိသွားလေသည်။ မျောက်၏ အပြုအမူကား ပုံပြင်ထဲက အတိုင်းပင် ဖြစ်လေသည်။ သို့သော် နောက်ဆုံး ဒိန်ခဲတုံးကို သူ့ပါးစပ်ထဲ ထည့်ပြီး မကြာခင်

မျောက်သည် လဲကျသေဆုံးသွားလေသည်။ ကြောင်နှစ်ကောင်ကား အနီးတွင် ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။ ကျွန်ုပ်အနား ရောက်သွားကာ မေးမိသည်။

"မျောက် ဘာဖြစ်သွားတာလဲ"
"အဆိပ်မိ သေသွားတာလေ။ ကျုပ်တို့က ဒီဒိန်ခဲတွေထဲမှာ အဆိပ်ထည့်ထားတယ်"
"မျောက်ဒီလို လုပ်မယ်ဆိုတာ မင်းတို့လည်း သိနေလို့လား"
"သိတာပေါ့ ကျုပ်တို့လည်း အီစွတ်ပုံပြင်စာအုပ် ဖတ်ထားပြီးသားပဲ"
ဟုဆိုကာ ကြောင်နှစ်ကောင်လည်း တစ်ကောင်လည်ပင်း တစ်ကောင်ဖက်ကာ ထွက်သွားကြပါလေသတည်း။

*ဟာဒယမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၇ခုနှစ်။*

## နို့သည်မလေး

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲမှာ လမ်းလျှောက်လာစဉ် ကျွန်ုပ်၏ရှေ့တွင် နို့ပုံးကို ခေါင်းပေါ် ရွက်ထားသော နို့သည်မတစ်ယောက်ကို တွေ့မိလေသည်။ နွားနို့သည် မိန်းကလေးကား ပျိုရွယ်သူ ဖြစ်၏။ သူ့ခေါင်းပေါ်မှ ပုံးထဲတွင် နို့များအပြည့်ပါရှိသဖြင့် လေးလံပုံရ၏။ သို့သော် သူ့ကို ကြည့်ရသည်မှာ ပစ္စုပ္ပန်တွင် အာရုံရှိပုံမရ။ ဝေရီရီ မျက်လုံးများဖြင့်တစ်စုံတစ်ခုကို တွေးတောလာဟန်ရှိ၏။ တကယ်တော့ စိတ်ကူးယဉ်စီမံကိန်းတွေ ရေးဆွဲနေခြင်း ဖြစ်သည်။

'နွားနို့ရောင်းလို့ရတဲ့ ပိုက်ဆံတွေနဲ့ ငါကြက်ဥတွေ ဝယ်မယ်။ အဲဒီကြက်ဥတွေကို ကြက်မအိုကြီးရဲ့ ဝပ်ကျင်းထဲ ထည့်မယ်။ ကြက်မကြီးက ဝပ်ပြီဆိုရင် ကြက်ကလေးတွေ အကောင်ပေါက်လာမှာပဲ။ ကြက်ပေါက်စလေးတွေဟာ အချိန်ကျရင် ကြက်ဝဝတုတ်တုတ်ကြီးတွေ ဖြစ်လာလိမ့်မယ်'

သူအဲသလို စိတ်ကူးလိမ့်မယ်ဆိုတာ ကျွန်ုပ်သိ၍နေလေသည်။ ကျွန်ုပ်သည် အီစွတ်ပုံပြင်ထဲမှ နွားနို့သည်နှင့် နို့ (The Milkmaid and Her Pail) ဆိုသော ပုံပြင်ကို ဖတ်ဖူးပြီးသား ဖြစ်သောကြောင့်ပင်။ ပုံပြင်ထဲကအတိုင်းဆိုလျှင် သူမသည် ဒီလို ဆက်တွေးပေမည်။ 'အဲဒီကြက်ဝဝတုတ်တုတ်ကြီးတွေကို ရောင်းရရင် ငါငွေတွေ အများကြီး ရမယ်။ ရရင် ငါဝတ်ဖို့ အင်္ကျီအသစ်လှလှလေး တစ်စုံကို ဗိုလ်ချုပ်ဈေးထဲ သွားဝယ်မယ်။ Step စပို့ရှပ်ကလေးနဲ့ ဘောင်းဘီလေးသာ ဝယ်ဝတ်လိုက်ရင် မြင်တဲ့လူက ကြော်ငြာတွေထဲက သက်မွန်မြင့်ထက်တောင် ပိုလှပါလားလို့ ဆိုကြဦးမယ်။ ရပ်ကွက်ထဲက ကာလသားတွေလည်း ငါ့ကိုဝိုင်းကြည့်ကြမှာပဲ။ ထွန်းထွန်းတို့အဖွဲ့ စတိတ်ရှိုးကို အတူတူ ကြည့်ဖို့တောင် လာဖိတ်ချင်ဖိတ်နေမှာ။ ငါကတော့ အရေးမလုပ်ပါဘူး။ ဟောဒီခေါင်းကလေး မော့ပြီး ရှောင်သွားမယ်' လို့ စိတ်ကူးရင်းနဲ့ ခေါင်းကို မော့လိုက်တော့ ခေါင်းက နို့ပုံးဟာ မြေကြီးပေါ် ပြုတ်ကျပြီး နွားနို့တွေ အကုန်လုံး ဖိတ်စဉ်ကုန်ရောတဲ့။ အဲဒါကို သိသဖြင့် ကျွန်ုပ်သည် နို့သည်မလေးရှေ့ သွားရပ်ကာ-
"နေဦး... နေဦး... မင်း စိတ်ကူးတာတွေ ခဏရပ်ဦး"
ဟုတားလိုက်မိ၏။

သူမက မကျေမနပ်ဖြစ်ကာ-
"ကျွန်မဘာသာ စိတ်ကူးတာကို ဘယ်သူမှ တားပိုင်ခွင့် မရှိဘူး။ ကျွန်မ စိတ်ကူးဖို့အတွက် ရှင့်ဆီမှာ ခွင့်ပန်နေရမှာလား"
လို့ ပြန်ရန်တွေ့လေသည်။

ကျွန်ုပ်က အကြောင်းစုံ ပြောပြကာ-
"အဲသလို လုပ်ရင် နောက်ဆုံး မင်းနို့ပုံး မှောက်လိမ့်မယ်"

သို့သော် မိန်းကလေးက ခေါင်းမာပုံရသည်။
"ရှင့်အပူ မပါပါဘူး"

ဟု ပြောကာ စိတ်ကူးဆက်ယဉ်လေရာ ခေါင်းပေါ်မှ နို့ပုံးပြုတ်ကျကာ ဖိတ်စဉ်ကုန်လေသည်။ ဒီတော့မှ-

"အို... ငါ့ကြက်ဥလေးတွေ၊ ငါ့ကြက်ပေါက်စတွေ၊ ငါ့ကြက်ဝဝတုတ်တုတ်ကြီးတွေ၊ သူတို့ကို ရောင်းလို့ရတဲ့ ပိုက်ဆံတွေ၊ အဲဒီပိုက်ဆံနဲ့ဝယ်တဲ့ အင်္ကျီစလှလှလေးတွေ၊ ငါ့ကိုကြိုက်တဲ့ ရပ်ကွက်ထဲက ကာလသားတွေ ကုန်ပါပြီ၊ ကုန်ပါပြီ"

ဆိုပြီး လမ်းပေါ်မှာ ထိုင်ငိုနေတယ်တဲ့။

အဲဒီအချိန်မှာပဲ ဘေးနားကိုတန်ဖိုးကြီး ဇိမ်ခံကားတစ်စီး ထိုးဆိုက်လာကာ ကားပေါ်မှ ချောမောလှပ၍ သနားကြင်နာတတ်ပုံရသော ကားပိုင်ရှင် သူဌေးသားကလေးတစ်ဦး ဆင်းသက်လာပြီး ငိုယိုနေသော နွားနို့သည် မိန်းကလေးကို ဖြစ်ကြောင်းကုန်စင် မေးလေသည်။ နွားနို့သည်လေးက ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ သူက ရယ်မော၍-

"မငိုနဲ့တော့ ညီမလေး၊ အခု ဖိတ်ကုန်တဲ့ နွားနို့ဖိုးတွေလည်း အစ်ကိုပြန်လျော်ပေးမယ်"

"ထွန်းထွန်းတို့ စတိတ်ရှိုးကော လိုက်ပြမှာလား"

"မင်းကြည့်ချင်ရင် ပြမှာပေါ့"

သို့ဖြင့် နွားနို့သည် ကောင်မလေးတစ်ယောက် ဇိမ်ခံကားကြီးပေါ် ပါသွားသည်ကို မြင်လိုက်ရလေသည်။

*(ဥပဒေသ။ ။လူ့ကံဆိုသည်မှာ ခန့်မှန်းရခက်သောအရာ ဖြစ်သည်)*

*ဟာဒယမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၇ခုနှစ်။*

## မြည်းတစ်ကောင်နှင့် ဖြစ်တည်မှုပဓါနဝါဒ

တစ်နေ့သ၌ ကျွန်ုပ်သည် ပုံပြင်ထဲတွင် လမ်းလျှောက်လာရာ လမ်းတွင် ကျွန်ုပ်ရှေ့မှ သွားလာနေကြသော မြင်းတစ်ကောင်၊ မြည်းတစ်ကောင်နှင့် လူတစ်ယောက်ကို မှီလာလေသည်။ အဲဒီနေ့က တော်တော်ပူတယ်။ လမ်းကလည်း ဖုန်ထူတယ်။ မြည်းနဲ့ မြင်းရဲ့ပိုင်ရှင်က တစ်ကိုယ်တည်း လမ်းလျှောက်လာတယ်။ မြည်းရဲ့ကျောပေါ်မှာတော့ အတော်များများ ဝန်ထုပ်ဝန်ပိုးတွေ တင်ထားတယ်။ မြင်းကိုယ်ပေါ်မှာတော့ ဘာမှ တင်မထားဘူး။ ကြည့်ရတာ မြည်းဟာ အင်မတန် မောပန်းနေပုံရတယ်။ သူတို့အနား ရောက်သွားတော့ မြည်းက မြင်းကို တောင်းပန်နေတဲ့အသံ ကြားရတယ်။ `မိတ်ဆွေ... ကျေးဇူးပြုပြီး ကျုပ်ကိုယ်ပေါ်က ဝန်တစ်ဝက်လောက် ကူသယ်ပေးစမ်းပါ။ ကျုပ် သိပ်ပင်ပန်းနေပြီ။ ဖျားလည်း ဖျားနေလို့ပါ´ လို့ ပြောတယ်။ မြင်းက ခေါင်းတခါခါ လည်တခါခါနဲ့... `မကူညီနိုင်ဘူး၊ မကူညီနိုင်ဘူး။ ကိုယ်ဝန်ထုပ် ကိုယ်သယ်´ လို့ ခါးခါးသီးသီး ပြောတယ်။ ဒီတော့မှ ကျွန်ုပ်ရောက်နေတဲ့ ပုံပြင်ဟာ အီစွတ်ရဲ့ The Horse and the loaded Ass (မြင်းနဲ့ ဝန်တင်မြည်း)ဆိုတဲ့ ပုံပြင်မှန်း သိတော့တယ်။ ဒီပုံပြင်ကို ကျွန်ုပ်က ဖတ်ဖူးတော့ ရှေ့ဆက်ဘာဖြစ်မယ်ဆိုတာ သိနေတယ်။

ဖြစ်တာက နောက်ဆုံး မြည်းဟာ ဒဏ်မခံနိုင်တော့လို့ လဲကျသေသွားတော့တယ်။ A`ဒီတော့ သူတို့သခင်က မြည်းသယ်လာတဲ့ ဝန်ထုပ်ဝန်ပိုးတွေA ားလုံးကို မြင်းကိုသယ်ခိုင်းတယ်။ ဒါA ပြင် မြည်းရဲ့ ခန္ဓာကိုယ်ကိုလည်း လမ်းမှာ ပစ်မထားရက်ဘူးဆိုပြီး A သယ်ခိုင်းတော့ မြင်းဟာ A င်မတန်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ခဲ့ရပြီး A င်မတန် ဒုက္ခရောက်ရတယ် ဆိုထားပါတယ်။

A`ဒီA ချိန်မှာ မြည်းက တောင်းပန်ပြန်တယ်။
`မိတ်ဆွေ... တစ်ဝက်မသယ်နိုင်ဘူး ဆိုရင်လည်း လေးပုံ တစ်ပုံလောက် ကူသယ်ပေးပါလား။ ကျုပ်ဆက်မသယ်နိုင်တော့လို့ပါ´
လို့ ပြောတယ်။

A`ဒါလည်း မြင်းက လက်မခံဘူး။ ငြင်းမြဲ ငြင်းတယ်။ ဒါကြောင့် ကျွန်ုပ်လည်း သူတို့A နား ကပ်သွားပြီး ဖျောင်းဖျပါတယ်။
`ကူသယ်လိုက်ပါ မြင်းရယ်... မင်းတို့ဟာ A ချင်းချင်းတွေပဲ။ တစ်ကောင်နဲ့ တစ်ကောင် ကူညီကောင်းပါတယ်´

ဒါပေမယ့် မြင်းဟာ ခေါင်းမာတယ်။ ပြီးတော့ ပြောသေးတယ်။
`ခင်ဗျား A ိတ်ဇင်စတယ်ရှယ်လစ်ဇင်း ဆိုတဲ့ ဝါဒကို ကြားဖူးလား။ သတ္တဝါတိုင်းဟာ ကိုယ့်ဖြစ်တည်မှုကို ကိုယ်တာဝန်ယူရတယ်ဗျ။ သူက မြည်းဘဝ၊ ကျုပ်က မြင်းဘဝ၊ ဖြစ်တည်မှုချင်းမတူရင် A နှစ်သာရ မတူဘူး။ ကျုပ်က သာမန်မြင်း မဟုတ်ဘူး´
`ဒါဆို ဘာမြင်းလဲ၊ သိန္ဓောမြင်းလား´
လို့ မေးတော့-

`ပြင်သစ်မှာ နေတုန်းက ဆော်ဘွန်းတက္ကသိုလ်ထဲမှာ သွားပြီး မြက်စားနေကျမြင်းဗျ။ အဲဒီမှာ ယန်းပေါ်ဆတ်တို့ ဆီမွန်ဒီဗိုးဘွားတို့လည်း တွေ့တယ်။ သူတို့တွေက ဒီဝါဒတွေအကြောင်း ဆွေးနွေးနေတာ ကြားရတော့ ကျုပ်လည်းနားရည်ဝနေပြီ။ ဒါကြောင့် ဒီမြည်းပြောနေတာတွေ လက်မခံနိုင်ဘူး´
လို့ ပြောသေးတယ်။

ရှေ့ဆက်သွားပြီး မကြာပါဘူး။ မြည်းက ဝန်ပိပြီး လဲကျ သေပါလေရော။ အဲဒီတော့ ပုံပြင်ထဲက အတိုင်းပေါ့။ သူတို့သခင်က ဝန်ထုပ်ဝန်ပိုးတွေကိုရော၊ မြည်းအသေကောင်ကိုပါ မြင်းကိုသယ်ခိုင်းတော့တာပေါ့။ ဒီမြင်းဟာ ဝန်ပိသေသွားတယ်လို့တော့ မကြားမိပါဘူး။ ဒါပေမယ့် အဲဒီအချိန်ကစလို့ သူယုံကြည်တဲ့ ဖြစ်တည်မှု ပဓါနဝါဒကိုတော့ သေတစ်ပန် သက်တစ်ဆုံး စွန့်လွှတ်လိုက်တယ်လို့ ကြားရတာပါပဲ။

*ဟဒယမင်္ဂဇင်း၊ မတ်လ၊ ၂၀၀၇ခုနှစ်။*

## ထူးထူးခြားခြား မင်္ဂလာပွဲများ

(ဖေံ-ဤသို့ အနီးသို့ ထိုသို့၊ မေ-ကျွန်ုပ်တည်းဟူသော မအူမလည် ကလောင်တစ်ချောင်းပိုင်ရှင် ဟိုမရောက် ဒီမရောက်ငနဲသည်၊ သုတံ-အမှတ်မထင် ကြားနာလိုက်ပါ၏)

ရှေးလူကြီးများ ကြားသည်ရှိသော် ကျားသားမိုးကြိုးဟု အထိတ်တလန့် ရယ်ဖွယ်ကောင်းပေ၏။ အိန္ဒိယနိုင်ငံ ဩရိသခပြည်နယ် ဂန်တက်စ်ဂါရာ ကျေးရွာမှ ခမ်းနားတဲ့ ဟိန္ဒူဓလေ့ထုံးစံ မင်္ဂလာဆောင်တစ်ခုကို ကျင်းပခဲ့တာ လူ-၃၀၀၀ ကျော် တက်ရောက်ခဲ့ကြတယ်တဲ့။ မင်္ဂလာဆောင်တာ ဘာထူးသလဲ မေးအုံ့။ မင်္ဂလာဆောင်သူ နှစ်ဦး။ လူမဟုတ်ဘဲ မျောက်နှစ်ကောင် ဖြစ်နေတာပါပဲ။ (ဒီနေရာမှာတော့ Living together စျေးကျတော့တာပဲ) အံမယ်... သတို့သမီးက ဆာရီဝတ်ပြီး ပန်းတွေနဲ့ အလှပြင်ထားသေးတယ်တဲ့။ သူတို့စုံတွဲကို ဘုရားကျောင်း မင်္ဂလာမဏ္ဍပ်ကို အတီးအမှုတ် အကအခုန်တွေနဲ့ ပရိသတ်က လိုက်ပို့ကြတယ်တဲ့။ တက်ရောက်လာတဲ့ ဧည့်သည်တွေကို ထမင်းဟင်းတွေနဲ့ ဧည့်ခံသေးတယ်တဲ့။ ပွဲတက်သူတွေက မျောက်တွေပေါ်ကို လက်ဖွဲ့ပစ္စည်းတွေ ကြဲချတယ်တဲ့။ ပဲကြီးလှော်တွေ နေမှာပေ့ါနော်။

သူတို့ပဲလားဆိုတော့ မဟုတ်သေးဘူး။ မကြာခင်က ချင်းမိုင်တိရစ္ဆာန်ရုံမှာလည်း ချွမ်ချွမ်နဲ့ လင်ဟွီဆိုတဲ့ ပန်ဒါဝက်ဝံလေးနှစ်ကောင် လက်ထပ်ပွဲကို တာဝန်ရှိသူတွေက ကျင်းပပေးခဲ့သေးတယ်။ ထိုင်းနိုင်ငံမှာလည်း ဒီပန်ဒါဝက်ဝံနှစ်ကောင်ပဲ ရှိတယ်။ အဲဒီနှစ်ကောင်ကို အမေရိကန်က ၁၀နှစ်စာချုပ် ဒေါ်လာ ၂သိန်းခွဲနဲ့ ငှားထားတယ်တဲ့။ အဲဒီပွဲကိုလည်း ထိုင်းလူမျိုးတွေ အတော်များများ တက်ရောက်ခဲ့ကြတယ်။ ပန်ဒါဆိုတာ တရုတ်ပြည်မှာ ပေါက်ဖွားပြီး အခုအခါ မျိုးတုန်းတော့မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ တိရစ္ဆာန်လေးတွေမို့ အားလုံးဟာ ချစ်ခင်တန်ဖိုးထားနေကြပါတယ်။ ကမ္ဘာ့အရပ်ရပ် တိရစ္ဆာန်ရုံတွေမှာလည်း ပန်ဒါဝက်ဝံ ထားရှိနိုင်တာကို ရှားပါးတဲ့ ဂုဏ်အဖြစ် မှတ်ယူလေ့ရှိကြပါတယ်။ မကြာခင် စီချွမ်မှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်မှာ တိရစ္ဆာန်ရုံလည်း ပြိုပျက်ခဲ့တော့ မော်မော်လို့ အမည်ပေးထားတဲ့ ပန်ဒါဝက်ဝံမလေး အသက် ဆုံးရှုံးသွားပါတယ်။ သူ့ကို လူတွေလိုပဲ စျာပနပွဲ ကျင်းပပြီး ဂုဏ်ပြုခဲ့ကြပါတယ်။ ဝုလန်းဆိုတဲ့ သဘာဝသစ်တောထဲမှာမြှုပ်နှံခဲ့ပါတယ်။ မော်မော်ကွယ်လွန်တော့ ကလေးငါးယောက်ကျန်ခဲ့တယ်တဲ့။ ရှားပါးတိရစ္ဆာန်ဆိုတဲ့ ပန်ဒါဝက်ဝံတွေဟာ သူတို့မူလ ဇာတိဖြစ်ခဲ့တဲ့ တရုတ်ပြည်မှာတောင် အကောင်ရေ ၁၆၀၀ လောက်သာ ကျန်တော့တယ်တဲ့။

## ခွေးစကားပြောရအောင်

ခွေးနဲ့ ပတ်သက်တာလေးတွေ ဆက်ပြောချင်ပါတယ်။ ရှေးက စာနယ်ဇင်းသင်တန်းတွေမှာ ဝါရင့်ဆရာကြီးတွေက မှတ်လောက်သားလောက် ပြောခဲ့တဲ့ စကားရှိပါတယ်။ `ခွေးက လူကို တိုက်ခိုက်တယ်ဆိုတာ သတင်းမဟုတ်ဘူး။ လူက ခွေးကို ကိုက်တယ်ဆိုတာမှ သတင်း´ တဲ့။ မကြာမီက ဘရာဇီးနိုင်ငံသတင်းတစ်ပုဒ် ဖြစ်ခဲ့တယ်လို့ ပြောရမယ်။ ဂေဘရီရယ် ဆိုတဲ့ ၁၁နှစ်သားလေးဟာ ခြံထဲမှာ ကစားနေတုန်း ခွေးဘီလူးတစ်ကောင် ရုတ်တရက်ရောက်လာပြီး သူ့ကို ကိုက်တော့ အားကျမခံ သူကလည်း ပြန်ကိုက်လိုက်တာ သွားတစ်ချောင်းတောင် ကျွတ်ထွက်သွားတယ်တဲ့။ သူက ခွေးလည်ပင်းမှ ပြန်ခဲတာ။ ဒီကိစ္စကို ဘရာဇီးသတင်းစာတွေက တခမ်းတနား ဖော်ပြကြတယ်။

ကျွန်တော်တို့ စူပါမားကတ်ကြီးတွေကို ရောက်တဲ့အခါ တခမ်းတနား နေရာယူထားတဲ့ ခွေးအသုံးဆောင်တွေ တွေ့ရလေ့ရှိပါတယ်။ ခွေး အစားအစာ စည်သွတ်ဘူးတွေ၊ ခွေး ရေချိုးတဲ့ဆပ်ပြာတွေ၊ ခွေးစားစရာထည့်တဲ့ ပန်းကန်ခွက်ယောက်တွေ၊ ခွေးမွေးဖြီးတဲ့ ဘီးတွေ၊ ခွေးဝတ်တဲ့ အဝတ်အစားတွေ စသဖြင့်ပေါ့လေ။

ကျွန်တော့်မျက်လုံးထဲမှာတော့ အဝတ်အစား ဝတ်ထားတဲ့ ခွေး၊ ကြောင်တွေ ကြည့်ရတာ တော်တော် ဘဝင်မကျစရာ ကောင်းပါတယ်။ (ဒါဟာ သဘာဝတရားကို ဆန့်ကျင်ရာရောက်တဲ့အတွက် သူတို့ ကိုယ်ခံစွမ်းအားကိုလည်း တစ်စတစ်စ ပျက်စီးစေနိုင်ပါတယ်) တကယ်တော့ တိရစ္ဆာန်ကို တိရစ္ဆာန်လို သဘောထားတာပဲ ကောင်းပါတယ်။ တချို့ တစ်ခြင်ထောင်တည်း အိပ်၊ တစ်ပန်းကန်တည်း စားကြတယ်ဆို တွေးကြည့်လို့တောင် မရပါဘူး။

တလောက ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ်မှာတော့ ဂျာမနီမြို့တစ်မြို့က ရဲတွေဟာ သူတို့ရဲတပ်ဖွဲ့ပိုင် ခွေးတွေကို ကင်းလှည့်ထွက်တဲ့ နေရာမှာ အပြာရောင် ပလတ်စတစ်ဖိုင်ဘာ ဖိနပ်တွေ ဝတ်ဆင် ပေးထားကြပါတယ်။ ရဲခွေးအကောင် ၂၀၀ ကို ဖိနပ်နဲ့ လမ်းလျှောက်တတ်အောင် လေ့ကျင့်ပေးနေပါတယ်။ အဲဒီမြို့မှာက ဘီယာဆိုင်တွေ များတယ်။ ဘီယာမူးပြီး ရမ်းကားတဲ့ အရက်သမားတွေလည်း များတယ်။ လမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ဘီယာပုလင်းခွံ အကွဲတွေကြောင့် ရဲခွေးတွေဟာ ကင်းလှည့်ရင်း ခြေထောက်ဒဏ်ရာ ရလေ့ရှိပါတယ်။ ဖိနပ်စီးရတာ အဲဒီအန္တရာယ် ကင်းအောင်တဲ့။ တစ်ခေတ် တစ်ခါက ဆရာရန်ကုန်ဘဆွေတို့၊ ဆရာအောင်လင်းတို့ ကျင်းပခဲ့တဲ့ `စကားရည်လုပွဲ´ ခေါင်းစဉ်လေးကို အမှတ်ရမိသေးတော့တယ်။

ခေါင်းစဉ်က `လူသည် ခွေးထက် မိုက်သည်´တဲ့။

*ရယ်စရာမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၈ခုနှစ်။*

## သူတို့အကြောင်းနဲ့ သူတို့

(ဖဝံ-ဤသို့ အနီးသို့ အောက်ပါအကြောင်းအရာတို့အား၊ မေ-စာရေးသူအလုပ် "စာရေးသူဟု မှားယွင်းစာမစီပါနှင့်"၊ အဟုတ် ကျွန်ုပ် ကလောင်အကောင်းစားလေးသည်၊ သုတံ-ကြားလိုက် နာလိုက် မှတ်လိုက် ဖတ်လိုက်ရပါကြောင်း၊ နောက်ကွယ်မှ ဖောက်သည်ချလိုက်ရပါ၏)

ကမ္ဘာ့ Celebrity ထင်ပေါ်ကျော်ကြား လူသိများတဲ့သူတွေထဲမှာတော့ အဆိုတော် မက်ဒေါနားဟာ ထိပ်ဆုံးက တစ်ယောက်ပေါ့။ သူတို့လို လူမျိုးအတွက်တော့ ခြေလှုပ် ခေါင်းလှုပ်ကအစ သတင်းဖြစ်နေတော့တာပါပဲ။ သတင်းစက်ရုံများလို့လည်း ခေါ်လို့ ရတာပေါ့လေ။ Pop မင်္ဂဇင်းဂျာနယ်တွေရဲ့ အသက်ဟာလည်း သူတို့ပါပဲ။ ဒါကလည်း သဘာဝတော့ ကျပါတယ်။ ပိုက်ဆံပေးဝယ်ရတဲ့သူတွေက ရပ်ကွက်ထဲက အကြော်သည် ဒေါ်ဘုမနဲ့ ဆိုက္ကားသမား ကိုခွေးအကြောင်းတော့ ဘယ်ဖတ်ချင်ပါမလဲ။

ရုပ်ရှင်ရိုက်ကူးရာမှာလည်း ဇ မသေးတဲ့ ဒေါ်မက်ဒေါနားက (အာဂျင်တီးနား အာဏာရှင် အီဗာအတ္ထုပတ္တိကို ရိုက်တဲ့အခါ ကမ္ဘာကျော် ဒါရိုက်တာကြီး မေးလော့ဖိုမန်ကတောင် မက်ဒေါနားကို ခေါ်ရိုက်ရတယ်) ဂန္ဒီ၊ မာတင်လူသာကင်းနဲ့ ဂျွန်လင်နွန်တို့လို ဖြစ်ချင်တယ်လို့ အမေရိကန် ဂြိုဟ်တုအသံလွှင့်ဌာန (sirius) ကို ထုတ်ပြောလိုက်ပါတယ်။ နိုင်ငံရေးနဲ့နွယ်တဲ့ ဇာတ်ကားကို ရိုက်လို့ ပိုးဝင်သွားပြီး ဂန္ဒီ၊ မာတင်လူသာကင်း ဖြစ်ချင်တာလားဆိုတော့ ဟုတ်ပုံမရဘူး။ သူဖြစ်ချင်တဲ့သူတွေကို ကြည့်လိုက်တော့ (ဂျွန်လင်နွန် အပါအဝင်) အားလုံးဟာ သူများ လုပ်ကြံခံရမှုကြောင့် အသက်ဆုံးရသူတွေ ဖြစ်နေတယ်။ မနှစ်က Covfessions ဆိုတဲ့ ဂီတ ဖျော်ဖြေပွဲတစ်ခုမှာလည်း ခရစ်တော် ကားစင်တင်ခံရတဲ့ပုံနဲ့ တင်ဆက်သွားခဲ့လို့ ဂယက်ထသွားသေးတယ်။ သူက ကျွန်မတို့ အားလုံးဟာ သခင်ယေရှုခရစ်လို ဖြစ်သင့်တယ်လို့ ပြောသေးတယ်။ (တကယ်တော့ သူကိုးကွယ်တာက ဂျူး၊ ဟီးဗရူး ရှေးဟောင်း အယူဝါဒတစ်ခုပါ) အားကျစရာ ရှားလို့ မက်ဒေါနားရယ်လို့ပဲ ပြောရမလား။ ဒီလိုမှန်း စောစောက သိရရင် ဘာနာဇီယာဘူတိုနဲ့ လူချင်း လဲပေးလိုက်ရရင် မကောင်းပေဘူးလား။

သူလိုပဲ နာမည်ကြီးတစ်ဦးဖြစ်တဲ့ ဟိုတယ်ပိုင်ရှင် သန်းကြွယ်သူဌေးမလေး ရုပ်ရှင်မင်းသမီးတစ်ပိုင်း ပဲရစ်ဟီတန်ကတော့ ရန်တွေ့ကောင်းတဲ့ အတွက် နာမည်ကြီးတယ်။ သူနဲ့ ခေတ်ပြိုင် ရုပ်ရှင်မင်းသမီး အဆိုတော်တွေထဲမှာ သူနဲ့ စောင်းမြောင်းရိပ်ခြည် မပြောဖူးတဲ့သူ ခပ်ရှားရှား။ ဒါပေမဲ့ ဒီတစ်ခါ သူရန်တွေ့တဲ့ လူကတော့ ထူးခြားတယ်။ အမေရိကန် ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်း ဖြစ်နေလို့ပါ။ သူမက ဂျွန်မက်ကိန်းကို အမေရိကန်က အသက်အကြီးဆုံး စလီဘရစ်တီလို့ ခေါ်လိုက်ပြီး သူလည်း သမ္မတပြိုင်ပွဲဝင်မယ်လို့ နောက်ပြောင် ကြေငြာလိုက်တယ်။ သူ့အဆိုးတော့ မဟုတ်ဘူး။ ဂျွန်မက်ကိန်းဟာလည်း ပျားအုံကို တုတ်နဲ့ သွားထိုးတယ်။ သူနဲ့ ပြိုင်ဘက် ဒီမိုကရက်တစ် သမ္မတလောင်း အိုဘားမားကို (ပဲရစ်ဟီတန်လို အပေါစား နာမည်ကြီးတစ်ယောက်) လို့ ခေါ်လိုက်တာကိုး။ သူငယ်မ နာမယ်ဆိုလည်း နာလောက်တာပေါ့နော်။

လောလောလတ်လတ် ပြင်သစ်သမ္မတကြီး ဆာကိုဇီရဲ့ ဇနီးကတော့ သီချင်းအယ်လ်ဘမ် တစ်ချပ်ထုတ်ဝေလိုက်ပါတယ်။ သူက အခုမှ သမ္မတအားကိုးနဲ့ ထလုပ်တာမဟုတ်ဘူး။ သမ္မတနဲ့ မရခင်ကတည်းက မော်ဒယ်အဟောင်း၊ ပေါ့ပ်အဆိုတော်ပါ။ ၂၀၀၃က ထုတ်တဲ့သူ့ရဲ့ ပထမဆုံး အယ်လ်ဘမ်ဟာဆိုရင် ချပ်ရေ ၂ သန်းလောက် ရောင်းခဲ့ရတယ်။ ဒါက ပြင်သစ်စကားပြောတဲ့ နိုင်ငံတွေမှာချည်း ရောင်းရတာပါ။ သူက ပြင်သစ်ဘာသာနဲ့ပဲ ဆိုတာကိုး။ အခု ထုတ်ဝေတာက သူ့ရဲ့ တတိယမြောက် အယ်လ်ဘမ်တဲ့။ အဲဒီအယ်လ်ဘမ်ထဲက သီချင်းအများစုက သူကိုယ်တိုင်ရေးတာတဲ့။ လုပ်ပဲလုပ်နိုင်တဲ့ သမ္မတကတော်လို့ ပြောရမလားပဲ။

ဟော... ကမ္ဘာကျော် ဘောလုံးမင်းသားကတော် စပိုက်ဂဲလ် အဆိုတော်မလေး ဗစ်တိုးရီးယားဘက်ဟမ်း အကြောင်းကြားလိုက်ရတာတော့ မထိတ်သာ မလန့်သာပဲ ခင်ဗျ။ အဲဒီ ဆတ်ကော့လတ်ကော့လေးက အထင်ကရ ကွန်မြူနစ်ဝါဒရဲ့ ဖခင်ကြီး ကားလ်မာ့စ်နဲ့ ဆွေမျိုးစပ်လို့ ရတယ်တဲ့။ ဗစ်တိုးရီးယားရဲ့အမေဟာ ဂျာမန်လူမျိုး ဟိန်းနရစ်ဖန်ဒါရဲ့ သုံးဆက်မြောက်မြေးတဲ့။ ဖန်ဒါဟာ မာစ်နဲ့အတူ ၁၈၄၈ တော်လှန်ရေးမှာ ပူးတွဲ ပါခဲ့တယ်။ တော်လှန်ရေး မအောင်မြင်လို့ လန်ဒန်ကို ထွက်ပြေးပြီး ပန်းချီဆရာ လုပ်ခဲ့တာတဲ့။

ကဲ... ဒီစရီဘရစ်တီမလေးတွေ နိုင်ငံရေးသမားတွေနဲ့ ဆက်နွယ်ပုံတွေက စိတ်ဝင်စားစရာတော့ ကောင်းတယ်မဟုတ်လား ခင်ဗျ။

MMCYBERMEDIA
COMMUNITY FOR ALL

## ဥုံ မပျင်းနဲ့

အမေရိကန်က လူတွေ ပျော်ကြရဲ့လား။ အဲဒါတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ။ ဒါပေမယ့် ရှီကာဂို တက္ကသိုလ်တစ်ခုက ပြုလုပ်တဲ့ စစ်တမ်းကောက်ယူမှုအရတော့ အမေရိကန်မှာ သက်ကြီးရွယ်အိုတွေဟာ အပျော်ရွှင်ဆုံးလူတွေလို့ အဖြေထွက်လာတယ်တဲ့။ သူတို့ဟာ လူငယ်တွေထက် ပိုပြီး ဘဝကို ကျေနပ်ရောင့်ရဲလွယ်ကြတယ်။ လူမှုရေးလုပ်ငန်းတွေမှာလည်း အားတက်သရော ပါဝင်ဆောက်ရွက်နေကြတယ်။

မှန်ပါတယ်။ အသက်ရှည်ချင်ရင် အားအားယားယား မနေကြနဲ့လို့ အမေရိကန်က ဘွားဘွား ဒိမ်းအီလီဆာဘက်မားဒေါ့ချ်က သူမရဲ့ ၉၉ နှစ်မြောက် မွေးနေ့အကြိုပွဲမှာ ပြောသွားခဲ့ပါတယ်။ အလုပ်လုပ်တာဟာ အသက်ရှည်ရခြင်းရဲ့ လျှို့ဝှက်ချက်တဲ့။ ဒီဘွားတော်ကြီးကလည်း ပေါ့သေးသေးတော့ မဟုတ်ဘူး။ အမေရိကန်က ကမ္ဘာကျော် မီလျံနာသူဌေးကြီး ရူးပတ်မားဒေါ့ချ်ရဲ့ အမေပါ။ မားဒေါ့ချ်ဟာ ၇၆ နှစ်ရှိပြီ။ အခုအချိန်အထိ သူ့ကုမ္ပဏီမှာ ဥက္ကဋ္ဌတာဝန် ယူထားတုန်းပဲ။ ကျွန်တော်တို့ဆီမှာ ဆင်းရဲတယ်ဆိုပြီး အချိန်တွေကို အလဟဿ ဖြုန်းတီးနေတဲ့သူတွေ အတုယူစရာပဲ။ ဒါကြောင့် ဆရာကြီး ပီမိုးနင်းက မြန်မာတွေကို အချိန်မီလျံနာတွေလို့ ခေါ်ဖူးတာ ဖြစ်လိမ့်မယ်။

အလုပ်တကယ်လုပ်တဲ့ သူတွေကတော့ ခရီးတကယ် တွင်ပါတယ်။ ဩစတြေးလျနိုင်ငံက ဘွားဘွားဖီးလစ္စတာနာဟာ အာဒီလိတ်တက္ကသိုလ်က ဆေးပညာ မဟာသိပ္ပံဘွဲ့ကို အသက် ၉၄ နှစ်မှာ ဆွတ်ခူးနိုင်လိုက်တဲ့အတွက် ကမ္ဘာ့အသက်အကြီးဆုံး မဟာဘွဲ့ရသူအဖြစ် ဂင်းနစ်စာအုပ်မှာ မော်ကွန်းတင် ခံလိုက်ရပါပြီ။ ကမ္ဘာပေါ်မှာ အသက်အကြီးဆုံး ပါရဂူစံချိန် ထူထားတဲ့သူက လန်ဒန်က အင်္ဂါဒေါင်းဖြစ်ပြီး သူ ဘာသာရေးတက္ကသိုလ်က အဲဒီဘွဲ့ကိုယူတော့ အသက် ၉၃နှစ် ရှိပြီတဲ့။

အိုမင်းမစွမ်းဆိုတဲ့ စကားနဲ့အညီ အိုရင် မစွမ်းတော့ဘူးဆိုတဲ့ အမြင်နဲ့ စိတ်ပျက်လက်လျှော့ တတ်သူတွေအတွက် အတုယူစရာပါ။ ဘေးဂျင်း အိုလံပစ်တုန်းက ဒီလို တရုတ်ဘွားဘွားတစ်ယောက် ပေါ်လာသေးတယ်။ သူ့နာမည်က ဒေါ်ရှောင်ရင်းတဲ့။ သူက ဘေဂျင်းက တရုတ်ကြက်တောင်အသင်း ကစားတာကို ကြည့်ဖို့အတွက် မိုင် ၁၄၉၁ မိုင် ဝေးတဲ့ ဟေနမ်ပြည်နယ်ကနေ ဘေဂျင်းကို သုံးဘီးစက်ဘီးကို ငါးပတ်ကြာအောင် စီးနင်းလာခဲ့တယ်လို့ ဆိုပါတယ်။ ချီးကျူးလောက်တဲ့ ဖွဲ့ပါပဲ။ တရုတ်မီဒီယာတွေရဲ့ ဂုဏ်ပြုတာ ခံခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီးတစ်ပါးက အောင်မြင်ဖို့အတွက် မှတ်သားဖွယ် ဂါထာတစ်ပုဒ် ချီးမြှင့်တာ ကြားဖူးပါတယ်။ ဥုံ မပျင်းနဲ့ တဲ့။ ပျင်းရင်တော့ ဖျင်းရောပေါ့ ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၈ခုနှစ်။*

## စုပေါင်း လက်ထပ်၊ မီးဖွား၊ ကွာရှင်းပြတ်စဲခြင်း

ကိစ္စများမြောင်၊ လူတို့ဘောင်မှာ အာဂါဟ ဝိဝါဟ ကိစ္စဟာလည်း ရှေ့တန်းက ပါပါတယ်ခင်ဗျာ။ အာဒမ်နဲ့ ဧဝတို့ကတော့ ဒီလိုကိစ္စမျိုးကင်းမယ် ထင်ပါရဲ့။ အခု ဝါကျွတ်ပြီဆိုတော့ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာအခမ်းအနားနဲ့ ပတ်သက်လို့ ကြော်ငြာတွေ အမျိုးမျိုးကို မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ စတင်တွေ့မြင်ရစပြုပါပြီ။ အကုန်အကျခံနိုင်တဲ့သူ၊ အကျယ်ချဲ့နိုင်တဲ့သူတွေအတွက်ကတော့ တတ်နိုင်ရင် တတ်နိုင်သလောက်ပေါ့လေ။

မင်္ဂလာလည်း ဆောင်ချင်ပါရဲ့။ အကုန်အကျလည်း သက်သာချင်တယ်ဆိုတဲ့ လူတွေအတွက်တော့ အကြံပေးစရာရှိပါတယ်။ စိတ်တူ သဘောတူတွေ စုပြီး စုပေါင်းမင်္ဂလာဆောင်ကြပေါ့။ မကြာခင်က တရုတ်နိုင်ငံ ကျိုကျန်ပြည်နယ် ဟုန်ကျောက်မြို့မှာ စုပေါင်းထိမ်းမြားလက်ထပ်ပွဲ ကျင်းပကြတာ စုံတွဲပေါင်းတစ်ရာကျော် ပါဝင်ဆင်နွှဲကြတယ်လို့ ဆိုပါတယ်။ အဲသလိုပဲ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့မှာ စုပေါင်းမင်္ဂလာပွဲ ကျင်းပခဲ့ပါတယ်။ အဲဒီမင်္ဂလာပွဲကို ကြီးမှူးကျင်းပပေးတာကတော့ အယ်လ်အဖက် အစ္စလာမ် လူမှုရေးအဖွဲ့အစည်းကြီးကပါ။ ဒီလက်ထပ်ပွဲမှာ စုံတွဲ ၅၈တွဲ ပါဝင်ဆင်နွှဲကြတယ်။ ဒါက ၁၅ကြိမ်မြောက် စုပေါင်းလက်ထပ်ပွဲတဲ့။

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့က စုပေါင်းပွဲကတော့ ရှေ့ကလက်ထပ်ပွဲတွေရဲ့ နောက်ဆက်တွဲလို့တောင် ဆိုနိုင်ပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးပေါင်း ၁၁၄၆ ဦးဟာ ဆေးရုံတစ်ရုံတည်းမှာ စုပြီး စုပေါင်းမီးဖွားပွဲ ကျင်းပတာပါပဲ။ ဂင်းနစ်ဆိုတဲ့ ကမ္ဘာ့စံချိန်တွေကို မှတ်တမ်းတင်တဲ့ စာအုပ်မှာ စံချိန်ကျိုးအောင် ကြိုးစားကြတာတဲ့။ Your Baby Show လို့ နာမည်ပေးထားတဲ့ ဒီပွဲဟာ စုပေါင်းမီးဖွားပွဲ စံချိန်တစ် တင်နိုင်လိုက်တယ်လို့ ဆိုပါတယ်။

လောကမြေမှာ စေ့စပ်လက်ထပ်တာ ရှိရင် မွေးဖွားတာလည်း ရှိရမှာပေါ့ဗျာ။ အဲသလိုပဲ ကွာရှင်းတာလည်း ရှိရတာ သဘာဝကျပါတယ်နော်။

ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့မှာတော့ ကမ္ဘာ့ပထမဆုံး ကွာရှင်းပွဲတော် (World's First Divorce Fair) ကို ကျင်းပခဲ့ပါတယ်။ (အဲဒီမြို့ဟာ လင်ကွာ မယားကွာနှုန်း အတော်မြင့်မားတဲ့ မြို့လို့လည်း ဆိုပါတယ်) ဇိမ်ခံဟိုတယ်ကြီးတစ်ခုမှာ ကျင်းပခဲ့တဲ့ ဒီကွာရှင်းပြတ်စဲတဲ့ ပွဲတော်ကြီးမှာ ခြေချင်းလိမ်နေသူတွေ အများကြီးပဲတဲ့။ အဲဒါ ဘယ်သူတွေမှတ်လဲ။ အလွတ်စုံထောက်တွေ (ကိုယ့်မိန်းမ၊ ကိုယ့်ယောကျ်ား၊ တိတ်တိတ်ပုန်း ဘယ်သူနဲ့ တွဲခုတ်နေတယ်ဆိုတာ စုံစမ်းပေးရတဲ့သူတွေ) ကိုယ့်ရင်သွေး ကိုယ်နဲ့ရတာ ဟုတ်မဟုတ် စစ်ဆေးပေးမယ့် ဓါတ်ခွဲမှူးတွေ ကွာရှင်းလျှင် ခံစားရမည့် စိတ်ဒုက္ခဝေဒနာကို လျော့ပါးအောင် ပညာပေး ဆွေးနွေးမယ့် စေတနာရှင်တွေ ကွာရှင်းပြီးလျှင် လက်ရှိအိမ်ကို ရောင်းပစ်မလား၊ အိမ်အသစ် ဝယ်မလား အဆင်ပြေအောင် ဆောင်ရွက်ပေးမယ့် အိမ်ပွဲစားတွေ၊ အဲဒီကွာရှင်းမှုကို

တရားဝင်အောင် ဆောင်ရွက်ပေးမယ့် ရှေ့နေရှေ့ရပ်တွေ၊ ရုပ်သံကင်မရာတွေနဲ့ အင်တာဗျူးချင်တဲ့ စာနယ်ဇင်းသမားတွေ။ ကဲ... ဘယ်လောက် စည်ကားလိုက်မလဲ စဉ်းစားသာ ကြည့်ကြပေတော့ဗျာ။

ကျွန်တော်တို့ မြန်မာ ဗုဒ္ဓဘာသာ လူနေမှုစနစ်မှာတော့ ဒီလို ကွာရှင်းပြတ်စဲတာမျိုးကို ထောက်ခံအားပေးလေ့ မရှိဘူး။ ရိုးမြေကျ တစ်အိုးတစ်အိမ်စနစ်ပဲ တန်ဖိုးထားကြပါတယ်။ အိမ်ထောင်မှု ဘုရားတည် ဆေးမှင်ရည် စုတ်ထိုးဆိုတဲ့ စကားတောင် ရှိတယ်မဟုတ်လား။

ဒါပေမဲ့ ပွင့်လင်းတယ်ဆိုတဲ့ အနောက်တိုင်း လူ့အဖွဲ့အစည်းမှာတော့ တစ်မျိုးပေါ့နော်။ အမေရိကန် ရှီကာဂိုမြို့မှာ အမျိုးသမီးရှေ့နေ (အသက်ငယ်ငယ် ချောချောလေးပဲ ခင်ဗျ) ကော်ရီဖက်ဂမင် ဆိုတာ ရှိတယ်။ သူ့အဓိကအလုပ်က အိမ်ထောင်ရေး ကွာရှင်းပြတ်စဲမှုတွေ ဖြေရှင်းကိုင်တွယ်ရတာတဲ့။ ဒါနဲ့ သူက သူ့အလုပ်တွင်ကျယ်သထက် တွင်ကျယ်လာအောင် မြေစိုက်ပိုစတာတစ်ခု ထောင်ပြီး ကြော်ငြာလိုက်တယ်။ စာသားကလည်း တော်တော်ထိမိပါတယ်။

*ဘဝဆိုတာ အလွန်တို*
*အမြန်ပြတ်စဲဖို့ လို...* တဲ့။

ဒါပေမဲ့ မြို့တော်ဝန်ရဲ့အမိန့်အရ မြို့တော်စည်ပင်က တစ်ပတ်အကြာမှာ ဒီဆိုင်းဘုတ်ကြီးကို ဖြုတ်ချခဲ့ပါတယ်တဲ့။

## ရှားရှားပါးပါး လေလံပွဲများ

သစ်ပင် စိုက်ပျိုးရေးကို အခုတလောမှာ တစ်ကမ္ဘာလုံးက အလေးထား ဆောက်ရွက်လာပါတယ်။ အိုဖုန်းလှာ ပေါက်ပြဲလို့ ပူတဲ့ဒဏ်ကို နေရာဒေသ အသီးသီးက လူတွေ ကျောကော့အောင် ခံကြရပြီးဆိုတော့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးရဲ့ တန်ဖိုးကို နားလည်လာကြတယ်။ အဲဒီအထဲမှာ သစ်ပင်အမျိုးမျိုးကို ဝါသနာအလျောက် တမြတ်တနိုး စိုက်ပျိုးနေတဲ့သူတွေကို သတင်းပေးစရာ ရှိပါတယ်။ ၁၉၉၄ ခုနှစ်က သြစတြေးလျက တောခေါင်းဒေးဗစ်ဆိုတဲ့လူဟာ မဟာတောင်ပြာဆိုတဲ့ ဒေသမှာ ထင်းရှူးပင်တစ်မျိုးကို တွေ့တယ်တဲ့။ ထင်းရှူးပင်တွေ့တာ ဆန်းသလားမေးပါက ဆန်းတယ်ဟု ဆိုရပါမယ်။ ဒီအပင်က လွန်ခဲ့သော နှစ်သန်းပေါင်း ၉၀ ကျော်က ဒိုင်နိုဆောကြီးတွေနဲ့အတူ ပေါ်ထွန်းခဲ့တာဖြစ်ပြီး အခုအခါ မျိုးတုန်းပျောက်ကွယ်သွားပြီလို့ ယူဆထားကြတဲ့ အပင်တဲ့။ အမျိုးအစားက ပုလမ္မီတဲ့။ အခု အဲဒီအပင်တွေကို ခင်ဗျားတို့ စိုက်ချင်တယ်ဆို စိုက်လို့ရပါပြီ။ လန်ဒန်က ခယူးဥယျာဉ်မှာ မျိုးပွားပြီး 'ဆော့သ်ဘီ' လေလံကုမ္ပဏီက တစ်ဆင့် လေလံတင် ရောင်းချနေပြီတဲ့။ မျိုးစေ့က ဖောက်တဲ့အပင်က ဒေါ်လာ ၂၀၀၀၊ ကိုင်းဖြတ်ပွားတဲ့ အပင်က ဒေါ်လာ ၅၀၀၀ တဲ့။

သမိုင်းဦး ပစ္စည်းချင်းအတူတူ ပြင်သစ်နိုင်ငံ ပါရီမြို့ ခရစ္စတီလားကုမ္ပဏီက လေလံတင်ခဲ့တဲ့ သမိုင်းဦးဆင်ကြီးရဲ့ အရိုးစုကတော့ ဒေါ်လာ ၄ သိန်း ရသွားပါတယ်။ အဲဒီအရိုးစုကြီးကို သမ္မတကြီးလို့ အမည်ပေးထားတယ်တဲ့။ အမြင့် ၁၂ပေခွဲ၊ အလျား ၁၆ ပေရှိတဲ့ အဲဒီရောမဆင်ကြီးရဲ့ သက်တမ်းကတော့ အနှစ် တစ်သောင်းခွဲလောက် ရှိပြီတဲ့။ ရေကြဲ့အရိုးစုက ဒေါ်လာ တစ်သိန်းခွဲ၊ ဂူအောင်း ဝက်ဝံအရိုးစုက ဒေါ်လာခြောက်သောင်းကျော် ရသွားတယ်။ သူတို့ကျတော့ သေတာတောင် အဖိုးတန်နေတယ် ဆိုရမလားပဲ။

အိုင်တီနည်းပညာ ထွန်းကားနေတဲ့ ခေတ်ကြီးမှာ လေလံတင်တဲ့ပုံစံတွေလည်း ပြောင်းလဲသွားပါတယ်။ မောင်းကလေးထုကာ အော်နေစရာ မလိုတော့ဘူးပေါ့။ ဒီအွန်လိုင်း လေလံပွဲမှာ တလောက eBay မှာ ထူးထူးခြားခြား လေလံတင်ခဲ့တာကတော့ ကမ္ဘာ့ထိပ်တန်း စူပါမော်ဒယ်လ် ကိတ်မော့စ်ရဲ့ ရွှေရောင်ဆံပင်တဲ့။

မကြာခင်က ကိတ်မော့စ်ဟာ ဂျာမနီနိုင်ငံ အလည်ရောက်နေတုန်း သတင်းဓါတ်ပုံသမား ပါပရာဇီတွေ ရန်က ထွက်ပြေးရင်း ဆံပင်အနည်းငယ် ကျွတ်ကျန်ခဲ့တာတဲ့။ အဲဒီဆံစ တစ်ချို့ကို ရသွားတဲ့ ဓါတ်ပုံဆရာ တစ်ယောက်က ခုလို လေလံတင်တာပါ။ တန်ဖိုးက ယူရိုငွေ ၈၅၀တဲ့။ သူ့ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး။ ရတဲ့ အကျိုးအမြတ်ကို မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ကို လှူဒါန်းမယ်ဆိုတော့လည်း သာဓုခေါ်စရာပေါ့ ကိတ်မော့စ်ရယ်။

မကြာခင်က အင်္ဂလန်နိုင်ငံမှာ လေလံတင်ရောင်းချတဲ့ ပစ္စည်းကတော့ တကယ့်ကို ရှားရှားပါးပါး ခေါ်ရမယ်။ အင်္ဂလန်က ဝိတိုရိယဘုရင်မကြီးဝတ်တဲ့ အတွင်းခံဘောင်းဘီတဲ့။ ၁၈၉၀ ခုနှစ်လောက်က ဘုရင်မကြီး

အသုံးပြုခဲ့တာ။ ခါးဆိုဒ်က လက်မ ၅၀ ရှိတယ်ဆိုပဲ။ အသက်ကြီးလာတဲ့အခါ ဘုရင်မကြီးလည်း ခါးတုတ်လာတာကို ဖော်ပြနေတော့ သမိုင်းတန်ဖိုး ရှိတာပေါ့ဗျာ။ ဘုရင်မကြီးရဲ့ အခြွေအရံ အပျိုတော်တစ်ယောက်က သိမ်းထားရာက လေလံတင်တာတဲ့။ ကြမ်းခင်းဈေးက စတာလင်ပေါင် ၅၀၀ ကစလိုက်တာ။ နောက်ဆုံး ကနေဒါနိုင်ငံသား တစ်ယောက်က စတာလင်ပေါင် ၄၅၀၀ ပေးပြီး ပိုင်ဆိုင်သွားပါတယ်တဲ့။

သူတို့အတွက်တော့ စိတ်ဝင်စားစရာ ကောင်းတဲ့ သမိုင်းဝင်လူမှုရေးပစ္စည်းလို့ ဆိုကြတာပါ။

*ရယ်စရာမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၈ခုနှစ်။*

## အမျိုးသမီးရေးတဲ့ အမျိုးသားသီချင်း

*တို့အလံကို ကောင်းကင်မြင့်သလောက် မြင့်အောင်ထူမည်...*
*တို့အသည်းနှလုံးမှာ ဂုဏ်ကျက်သရေအဖြစ် လက်ခံ ယုံကြည်...*
*အာဆီယံတို့ဟာ တစ်ခုတည်းသော အနှောင်အဖွဲ့ ဖြစ်သည်...*

အထက်က စာပိုဒ်ဟာ 'အာဆီယံလမ်းစဉ်'ဆိုတဲ့ သီချင်းရဲ့ ပထမဆုံး အပိုဒ် ဖြစ်ပါတယ်။ အဲဒီအာဆီယံ အမျိုးသားသီချင်းကို ရေးစပ်ခဲ့တဲ့သူကတော့ အမျိုးသားမဟုတ်ပါ ခင်ဗျာ။ ထိုင်းအမျိုးသမီး ဂျာနယ်လစ် အယ်ဒီတာဟောင်း မစ္စပဂွန်ဗလိုင့်ဖက်ရွှန်ရာ ဖြစ်ပါတယ်။ အာဆီယံဆိုတဲ့ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ကို တည်ထောင်ခဲ့တာ သက်တမ်းအားဖြင့် ၄၂ နှစ် ရှိခဲ့ပါပြီ။ အဲသလောက် ရှည်ကြာပြီးမှပဲ ခုလို အာဆီယံ အမျိုးသားသီချင်းတစ်ပုဒ်ကို တရားဝင် ရေးထုတ်နိုင်ပါတော့တယ်။ ဒီနှစ် နိုဝင်ဘာလကုန်လောက်က ဘန်ကောက်မှာ ကျင်းပခဲ့တဲ့ အာဆီယံ ဂီတစာဆိုများ ဖိုရမ် ဆွေးနွေးပွဲမှာ အကဲဖြတ်အဖွဲ့က ဒီသီချင်းကို ရွေးချယ်လိုက်တာပါပဲ။ ဒီအာဆီယံ အမျိုးသားသီချင်း ရွေးချယ်ပွဲကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀ နိုင်ငံက သီချင်းပုဒ်ရေ ကိုးဆယ့်ကိုးပုဒ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်တဲ့။ အဲဒီအထဲမှာ ထူးခြားထူးချွန်စွာ အရွေးချယ်ခံခဲ့ရတာကတော့ မစ္စပဂွန်ပါပဲ။ အဲဒီအတွက် ဆုငွေ ဒေါ်လာ ၂၀၀၀၀ (နှစ်သောင်း) ချီးမြှင့်ခံခဲ့ရပါတယ်။ သီချင်းက တစ်မိနစ်(စက္ကန့်ခြောက်ဆယ်) ပဲ ရှည်ကြာပါတယ်။ ဒါပေမဲ့ တိုတိုနဲ့ ထိထိမိမိ ရှိပါတယ်။ စကားလုံး ပြောင်မြောက်သလောက် အနှစ်သာရကလည်း ပြည့်ဝပါတယ်။ တစ်ခုတော့ရှိတယ် ခင်ဗျ။ အဲဒီ အာဆီယံအမျိုးသား သီချင်းက အင်္ဂလိပ်လိုရေးပြီး အင်္ဂလိပ်လို ဆိုရတာပါပဲ။ အောက်မှာ ဖော်ပြထားတဲ့ အဆုံးပိုဒ်ကလေးကို ကြည့်ပါ။ တိုတောင်းသလောက် ထိမိတာ တွေ့ရပါမယ်။

*We dare to dream*
*We care to share*
*For it's the way of Asean.*

၁၄ကြိမ်မြောက် A ၁ဆီယံ ထိပ်သီးA စည်းA ဝေးမှာ A`ဒီ 'A ၁ဆီယံ လမ်းစဉ်' ဆိုတဲ့ သီချင်းကို သီဆိုသူ ၅၂ ဦးက ထိုင်းဘုရင်ရေတပ်မတော် တီးဝိုင်းနဲ့A တူ A ခမ်းA နားA ဖွင့် သီဆိုခဲ့ပါတယ်။ သီချင်းက ကောင်းပါတယ်။ ဒါပေမဲ့ ဘိုလိုချည်း ဆိုနေရမယ်ဆိုရင် မနိပ်ဘူး ထင်ပါတယ်။ ကိုယ့်နိုင်ငံA လိုက် (ထိုင်းလည်း ထိုင်းA လျောက်၊ ဗီယက်နမ်လည်း ဗီယက်နမ်A လျောက်) ဒီသီချင်းတေးသွား (မယ်လိုဒီ) A တိုင်း သက်ဆိုင်ရာ A မျိုးသား ဘာသာစကားကို A စားထိုး ရေးသားပြီး သီဆိုနိုင်ကြရင် ပိုကောင်းမလားလဲ တွေးမိပါတယ်။ ဘယ်လို သဘောရကြပါသလဲ ခင်ဗျာ။

## နမော်နမဲ့များ၏ နောက်ဆက်တွဲ

မော်တော်ကားချင်း တိုက်မိတယ်တဲ့။ နေ့စဉ်လောက်နီးပါး ကြားနေရတဲ့ သတင်းစကားပါပဲ။ ထူးတယ် မခေါ်နိုင်ပါဘူး။ ရထားချင်း တိုက်မိတယ်တဲ့။ နည်းနည်းတော့ ထူးသလို ရှိသား။ ကိုယ့်သံလမ်းနဲ့ ကိုယ်သွားနေတဲ့ ရထားတွေဟာ တစ်ခါတစ်လေတော့ ခေါင်းချင်းဆိုင် တိုက်မိတယ်တဲ့။ ဒါလည်း မကြားဖူးတဲ့ စကားတော့ မဟုတ်။ နမော်နမဲ့နိုင်လို့ပဲ ဖြစ်ဖြစ်၊ တခြားအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် မတော်တဆမှုဆိုတာ ဖြစ်တတ်တာပါပဲ။ ဒါပေမဲ့ ဖေဖော်ဂါရီလထဲမှာ ကြားရတဲ့သတင်းကတော့ ဆန်းတယ်လို့ ဆိုရမယ်။ အတ္တလန္တိတ်သမုဒ္ဒရာမှာ ရေငုတ်သင်္ဘောနှစ်စင်း တိုက်မိတယ်တဲ့။ မထိတ်သာ မလန့်သာ။ အဲဒီသင်္ဘောတွေကလည်း နျူကလီးယားလက်နက်တွေ တပ်ဆင်ထားတယ်တဲ့။ မပေါက်ကွဲတာ ကံကောင်းပေါ့။

ဒီလောက်ကျယ်တဲ့ သမုဒ္ဒရာထဲမှာမှ တိုက်မိအောင် တိုက်မိတာက ဆန်းလှတယ် ဆိုရမယ်။ တစ်စီးက ဗြိတိန်ပိုင်။ တစ်စီးက ပြင်သစ်ပိုင်။ သင်္ဘောနှစ်စီလုံးကလည်း ခေတ်မီထောက်လှမ်းရေး ကိရိယာတွေ တပ်ဆင်ထားပါတယ်။ ဒါတောင် တစ်စီးနဲ့တစ်စီး ကြိုတင် မထောက်မိကြဘူးလား။ သိရသလောက်တော့ သူတို့ ရေငုပ်သင်္ဘောတွေဟာ တခြားသူတွေ ထောက်လှမ်းမရနိုင်အောင် စီမံဆောင်ရွက်ထားကြတယ် ဆိုတာပါပဲ။ အဲဒီသင်္ဘောတွေ လှုပ်ရှားလို့ ထွက်ပေါ်လာတဲ့ အသံက ပုစွန်ဆိတ်တစ်ကောင်ရဲ့ လှုပ်ရှားသံလောက်ကို ညင်သာတယ်တဲ့။ တချို့ကတော့ ဒီလို အဖြစ်မျိုး နောက်မတိုးရအောင် အဲဒီနှစ်နိုင်ငံဟာ ရေငုပ်သင်္ဘောသွားမယ့် လမ်းကြောင်းတွေကို ညှိနှိုင်းဖို့ တိုက်တွန်းကြတယ်။ ဒါပေမဲ့ ခက်တာက အဲသလို ဖွင့်ထုတ်ညှိနှိုင်းဖို့ကလည်း မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နျူကလီးယားလက်နက် တပ်ဆင်ထားတဲ့ ရေငုပ်သင်္ဘောတွေရဲ့ လှုပ်ရှားမှုဆိုတာ နိုင်ငံတော် လျှို့ဝှက်ချက် ဖြစ်နေလို့ပါပဲ။ တိုက်မိတဲ့ ရေငုပ်သင်္ဘောတွေ ဗြိတိန်ရဲ့ရေငုပ်သင်္ဘော HNS vanguard က ၁၉၉၃ ခုနှစ်ကစပြီး တာဝန်ထမ်းဆောင်တာ ပြင်သစ်ရေငုပ်သင်္ဘော Le Triomphant ကတော့ ၁၉၉၇ ခုနှစ်ကစပြီး တာဝန်ထမ်းဆောင်တာတဲ့။ နှစ်သက်ရှည်ကြာ အိုမင်းလာတော့ ရေငုပ်သင်္ဘောတွေလည်း လူတွေလိုပဲ နမော်နမဲ့နိုင်လေသလား သံသယပွားစရာပေါ့ခင်ဗျာ။

ဟော... လာပြန်ပါပြီ ခင်ဗျ။ သမုဒ္ဒရာထဲမှာ ရေငုပ်သင်္ဘောနှစ်စီး တိုက်မိတာကို သိပြီး အားကျမခံ ဂြိုဟ်တုနှစ်လုံးကလည်း အာကာသထဲမှာ တိုက်မိပြန်သတဲ့။ ဒီအတိုင်းဆို ဗြဟ္မာပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်း ထိမိဖို့ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စ မဟုတ်ဘူးပေါ့။ အဲဒီကိစ္စကလည်း ဖေဖော်ဝါရီလထဲမှာပဲ ဖြစ်တာ။ အီရီဒီယမ် ၃၃ ဆိုတာ အမေရိကန်ဆက်သွယ်ရေး ဂြိုဟ်တုပါ။ တစ်နာရီကို မိုင် ၁၇၀၀၀ နှုန်းနဲ့ မိနစ် ၁၀၀ ကို ကမ္ဘာတစ်ပတ် ပတ်နေတဲ့ ပုဂ္ဂလိကပိုင် ဆက်သွယ်ရေးဂြိုဟ်တုပါ။ မိုဘိုင်းဖုန်းလို အာကာသဆက်သွယ်ရေးကိစ္စတွေ ကျယ်ပြန့်လာကတည်းက ကမ္ဘာပတ် အာကာသလမ်းကြောင်းထဲမှာ ဂြိုဟ်တုတွေ တစ်နေ့တစ်ခြား များပြားလာတာလည်း ပြဿနာတစ်ရပ်ပဲ ခင်ဗျ။ သူနဲ့ တိုက်မိတဲ့ ဂြိုဟ်တုက ခေါ်စမို ၂၂၅၂ ဆိုတဲ့ အငြိမ်းစား ရုရှားဂြိုဟ်တု တစ်လုံးပါ။ ဒီဂြိုဟ်တုက ၁၉၉၅ ခုနှစ်ကတည်းက အလုပ်မလုပ်နိုင်တော့ဘူး။ ပထမတော့ ကမ္ဘာအထက် ၄၉၀ မိုင်အကွာ ဂြိုဟ်ပတ်လမ်းထဲမှာ လေလွင့်ခြင်း ခရီးသည်လုပ်နေတဲ့ရာက တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အီရီဒီယမ်ရဲ့

ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ပြီး မလှဲ့မရှောင်သာတဲ့ လမ်းမြှောင်ကြားမဟုတ်ဘဲ ဘွားခနဲ တိုက်မိတာပဲ။

ဖြစ်နိုင်တယ်ဆိုပေမယ့် ကမ္ဘာမြေကို ပတ်နေတဲ့ ဂြိုဟ်တုပေါင်းဟာ နိုင်ငံပေါင်းစုံက လွှင့်တင်ထားတာ ၁၂၀၀၀ ကျော် ရှိတယ်တဲ့။ အများစုက အခုအချိန်မှာ အလုပ်မလုပ်နိုင်ကြတော့ပါဘူး။ အဲဒီထဲက ၆ ရာခိုင်နှုန်းလောက်သော ဂြိုဟ်တုတွေသာ အလုပ်လုပ်နိုင်တော့တယ်တဲ့။ တခြားအချင်း တစ်မီတာထက် ကြီးတဲ့ ပစ္စည်းတွေက အဲဒီကမ္ဘာပတ်လမ်းကြောင်းထဲမှာ အမျိုးပေါင်း သုံးသိန်းလောက် ရှိတယ်။ အဲဒါတွေက တစ်နာရီကို မိုင် ၁၇၀၀၀ နှုန်းနဲ့ လည်ပတ်နေတော့ အာကာသထဲမှာ ယာဉ်အပြင်ဘက် အလုပ်လုပ်နေတဲ့ အာကာသယာဉ်မှူး တစ်ဦးကိုသာ တိုက်မိရင် မလွယ်ဘူးလို့ ဆိုရမယ်။ အခုတိုက်မိတဲ့နေရာက ဆိုက်ဘေးရီးယားဒေသ အထက်ကောင်းကင် ၄၈၅ မိုင် အကွာအတွင်းမှာတဲ့။ အဲဒီက ထွက်လာတဲ့ ယာဉ်အပျက်အစီး မြောက်မြားစွာဟာ ကမ္ဘာပတ်လမ်းကြောင်းထဲမှာ နှစ်သောင်းနဲ့ချီ လှည့်လည်နေလိမ့်မယ်တဲ့။ ဒီကိစ္စက ဗီယင်နာမြို့မှာ မကြာခင် ကျင်းပမယ့် ကမ္ဘာကုလသမဂ္ဂရဲ့ 'အာကာသကို ငြိမ်းချမ်းစွာ အသုံးချရေး' ကော်မတီ ညီလာခံမှာ အလေးထား ဆွေးနွေးမယ့် အကြောင်းအရာ ဖြစ်လာပါလိမ့်မယ်။ အာကာသဆိုတာ ဘယ်သူမှ ပိုင်တဲ့နေရာဟုတ်တော့ ထိန်းချုပ်ဖို့ အခက်သားလား ခင်ဗျာ။

## သတိထားရမယ့် ကုသိုလ်

နှစ်ဟောင်းကုန်လို့ နှစ်သစ်ပြောင်းတော့တယ်။ နှစ်ဆန်းတစ်ရက်ဆိုရင် မဟာသင်္ကြန်အတွင်း ကဲခဲ့သဲခဲ့သမျှကို အတိုးချပြီး နှစ်ဆန်းတစ်ရက်နေ့မှာ ကုသိုလ်ကောင်းမှု ပြုတဲ့သူက ပြုပါတယ်။ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ပေးတယ်။ အခုလို ပူပြင်းတဲ့ ရာသီမှာ ခေါင်းပဲ ကွက်လျှော်ရတဲ့ ကိစ္စဟာ ထိုက်သင့်သလောက် အန္တရာယ် ရှိတာမို့ စေတနာက ဝေဒနာမဖြစ်ရအောင် ဂရုစိုက်ကြဖို့ လိုပါတယ်။ နောက်တစ်ခုက နှစ်ဆန်းတစ်ရက်နေ့မှာ ဇီဝိတဒါနလို့ ခေါ်တဲ့ သက်ရှိသတ္တဝါတွေကို ဘေးမဲ့လွှတ်တဲ့ ဓလေ့က ဖက်ရှင်တစ်ခုလို ဖြစ်နေပါတယ်။ အသင်းလိုက် အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း လွှတ်လေ့ရှိပါတယ်။ သားငါးကျေးငှက် စသဖြင့် လွှတ်ကြတဲ့အထဲမှာ ငါးလွှတ်တဲ့သူတွေအနေနဲ့ အာဖရိကငါးခူလို့ခေါ်တဲ့ သားစားငါးခူကြီးတွေကို မလွှတ်မိကြဖို့ သက်ဆိုင်ရာက တာဝန်ရှိသူတွေက နှစ်စဉ်နဲ့အမျှ သတိပေး နှိုးဆော်တတ်ပါတယ်။ ဖွတ်မိချောင်းဖြစ် မြစ် မချမ်းသာလို့ ဆိုရမယ် ထင်ပါတယ်။ အင်မတန် ကြီးထွားနှုန်းမြန်တဲ့ ငါးကြီးတွေ ဖြစ်တဲ့အပြင် အသားစားလည်း ကြမ်းတမ်းလေတော့ သူနဲ့တစ်ကန်တည်း နေရတဲ့ မဟာဂိဇယကန်တို့၊ ကြားတောရ ကြေးသွန်းဘုရားကန်တို့ကို အသစ် ပြန်ဆယ်ခဲ့ကြရပါတယ်။ သဘာဝမြစ်ချောင်းတွေထဲ ရောက်သွားရင် ဒေသခံငါးတွေတောင် မျိုးတုန်းကုန်နိုင်ပါတယ်။ ဒါကြောင့် အဲဒီငါးတွေ မွေးမြူခြင်းကို အမိန့်ကြေညာချက် ၅/၂၀၀၁ နဲ့ ပိတ်ပင်ထားပါတယ်။

ဒါကြောင့် ကုသိုလ်ယူမယ့်သူများ သိုးအုပ်ထဲ ကျားလွှတ်သလို မဖြစ်အောင် သတိထားကြရပါလိမ့်မယ် ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၉ခုနှစ်။*

## ချစ်သူတို့ နယ်မြေသစ်

မျက်နှာချင်းဆိုင် လမင်းမှာ ဆုံစို့ကွယ် ဆိုသော စကားမှာ ခေတ်မမီတော့။ အခုတော့ ချစ်သူချင်းလမင်းမှာ ဆုံနိုင်ဖို့ခေတ် ရောက်ပြီဟု ဆိုနိုင်သည်။ မကြာမီက ကွန်မြူနစ် မီလျံနာချယ်လ်ဆီး ဘောလုံးအသင်းပိုင်ရှင် အေဘရာမိုဘစ်ချ်သည် လပေါ်မှာ မြေဧက ၁၀၀ ကို ဝယ်လိုက်သည်။ စားအုန်းဆီပင် စိုက်ရန်မဟုတ်ပါ။ သူ့ချစ်သူ ဒါရှာဇူကိုဗာနှင့်အတူ နေဖို့ဟု ဆိုလေသည်။ ပေးလိုက်ရတဲ့ငွေက ဒေါ်လာ ၂ သိန်းခွဲ။ သူတို့ဆီတွင် ထုံးစံအတိုင်း အများနဲ့ မတူအောင် ထွင်ကြရာ၌ တစ်ခုအပါအဝင်ဟု ဆိုနိုင်သည့် Lunar Embassay ဆိုသော တရားမဝင် အဖွဲ့အစည်း ရှိသည်။ ထိုပေါကြောင်ကြောင် အဖွဲ့အစည်းက လပေါ်၌ သူတို့ဆောင်ရွက်မည့် ပေါကြောင်ကြောင် စီမံကိန်းများကို ချပြကာ (ဥပမာ-၂၀၂၀ မတိုင်မီ လပေါ်၌ ကွန်ပျူတာသုံးနိုင်ရန် စီစဉ်ပေးမည်) ဘယ်သူမှ မပိုင်သည့် လပေါ်က မြေကို ရောင်းစွံအောင် အကြံအဖန် လုပ်သည်။ ဒါကို မိုဘစ်ချ်လို ငွေကို ဂရုမစိုက်သော၊ နာမည်ကြီးရင်ပြီးရော ဆိုသော ရှူးနှမ်းနှမ်း သူဌေးတွေက ဝယ်ယူကြသည်။ တစ်ခုတော့ တော်ပါသေးသည်။ လပေါ်တွင် ဝယ်ယူထားသောမြေအတွက် မြေခွန်ဆောင်ရန် မလိုပါတဲ့။

## ဂလိုဘယ် ဇီးရိုးခေတ်

နှစ်သစ်မှာ မင်္ဂလာရှိသော သတင်းတစ်ပုဒ်ကို ပြောချင်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး (ဟီရိုရှီးမားနှင့် နာဂစကီ အဖျက်အဆီးကို မြင်ကာ) ကျွန်တော်တို့ကို နျူကလီးယားတစ္ဆေကြီး ခြောက်လှန့်နေခဲ့သည်မှာ အနှစ်ငါးဆယ် ရှိခဲ့ပြီ။ အဏုမြူလက်နက်တွေက တစ်နေ့တခြား တိုးပွားလာကာ တစ်နေ့တခြားလည်း ပို၍ပို၍ စွမ်းအားပြင်းလာကြလေရာ ကျွန်တော်တို့မှာ ပေါက်ကွဲလုလု ယမ်းပုံကြီးပေါ် ဖင်ခုထိုင်နေရသလို ရှိတော့သည်။ အခုတလော ပို၍ဆူပွက်လာ၏။ မြောက်ကိုးရီးယားနှင့် အီရတ်ကပါ နျူကလီးယား လက်နက်များ ပိုင်ဆိုင်ရန် အတိအလင်း ကြိုးစားလာကြသည်။ နျူကလီးယားလက်နက်များကို ငါတို့သာ ပိုင်ရမည်။ မင်းတို့မပိုင်ရဟူသော လက်နက်ကြီးပြ၍ ဗိုလ်ကျစိုးမိုးရေးဝါဒ တံခွန်ထူနေခြင်းမှာ လူ့လောကကြီးအတွက် ကောင်းသော အခြင်းအရာ မဟုတ်။

တကယ်လုံခြုံစိတ်ချရသော ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးဘဝ တည်ဆောက်ရန် ဆိုသည်မှာ ကမ္ဘာကြီးကို 'နျူလက်နက် လုံးဝကင်းမဲ့သောဇုန်' အဖြစ် ထူထောင်နိုင်မှ ဖြစ်ပေမည်။ ယင်းအယူအဆကို Global Zero ဟု ခေါ်သည်။ ထိုအမည်နှင့် သဘောတူကြေညာချက် တစ်စောင်ကို လွန်ခဲ့သော အနှစ် ၃၀ လောက်ကပင် ကမ္ဘာတွင် ဩဇာရှိသော လူများ (ဂေါ်ဘာချော့၊ ဂျင်မီကာတာ၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်များ၊ တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်မှ ဗိုလ်ချုပ်ကြီးများ) လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် ထိရောက်အောင် အကောင်အထည် မဖော်နိုင်ခဲ့။

မကြာခင်ကာလကမူ ပြင်သစ်၌ နိုင်ငံရေး၊ စစ်ဘက်၊ အရပ်ဘက်ခေါင်းဆောင် ၁၀၀ ကျော်တို့နှင့် တွေ့ဆုံကာ နျူလက်နက်များအားလုံး ဖျက်သိမ်းရေး ထိပ်သီးဆွေးနွေးပွဲတစ်ခု ကျင်းပနိုင်ခဲ့သည်။ ထိုအထဲတွင် ဗလာဒီမာပူတင်၊ ဘားရက်အိုဘားမားတို့လည်း ပါ၏။ သူတို့က ၂၀၁၀တွင် အပြည့်အဝ အကောင်အထည် ဖော်နိုင်ရန် အဘက်ဘက်က ခေါင်းဆောင် ၂၀၀ ကျော် ပါဝင်နိုင်မည့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် စီစဉ်နေလေရာ ယခုနှစ်ဦးအတွက် မင်္ဂလာသတင်းဦးဟုပင် ခေါ်နိုင်လေတော့သည်။

## အသွားမတော် တစ်လှမ်း

အကြမ်းဖက်သမားတွေ ကမ္ဘာအနှံ့ နည်းမျိုးစုံ ပုံသဏ္ဍာန်မျိုးစုံနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နေသော ကာလတွင် နေရာတကာတွင်ပင် ဘေးကင်းလုံခြုံရေးကိစ္စကို ရှေ့တန်းတင်လာကြသည်။ အထူးသဖြင့် မိနစ် နာရီနှင့်အမျှ လူအဝင်အထွက်များသော လေဆိပ်များ၌ လုံခြုံရေးကို ပိုမိုတိုးမြှင့်လာကြရသည်။ ထိုအထဲတွင် အီးယူခေါ် ဥရောပနိုင်ငံများက အသည်းယားစရာ အစီအစဉ်တစ်ခုကို တင်ပြလာပါသည်။ ဥရောပနိုင်ငံအသီးသီးရှိ လေဆိပ်များတွင် လူတစ်ကိုယ်လုံးကို ကိုယ်လုံးတီးဗလာအဖြစ် မြင်တွေ့နိုင်သော Strip Scanner များ တပ်ဆင်ရန် ဖြစ်သည်။ ထိုစက်ထဲတွင် ဖြတ်သွားသည့်ရှိသော် ဝတ်လစ်စလစ် ရုပ်ရှင်ကားများ၌ သရုပ်ဆောင်သူ တစ်ဦးကဲ့သို့ ဖြစ်တော့မည်။ တော်ပါသေးသည်။ ထိုပြည်ထဲရေးဝန်ကြီးများ အစည်းအဝေးတွင် ထိုကိစ္စကို ဂျာမန် ပြည်ထဲရေးဝန်ကြီးက ကန့်ကွက်သည်။ ဂျာမန်လူမျိုး လေဆိပ်လုံခြုံရေးတွေကို မတော်တာ ချောင်းကြည့်တတ်သူတွေအဖြစ် အထင်မခံနိုင်ဘူးဟု ဆိုသည်။ ဒါဟာ ညစ်ညမ်းမှုတစ်ခုဟု ယူဆသည်။ ဂျာမန် လက်ဝဲပါတီကလည်း 'ဒီအတိုင်းဆိုရင် လေဆိပ်တွေဟာ နေပူဆာအသင်းတွေရဲ့ အပန်းဖြေရာ ပင်လယ်ကမ်းခြေနဲ့ တူသွားမှာပေါ့' ဟု ဆိုလေသည်။ ထိုအသင်းများမှာ ကိုယ်လုံးတီး နေပူဆာလှုံကြ၏။ သို့သော် အမေရိကန် လေဆိပ်တချို့ နယ်သာလန် အမ်စတာဒမ်လေဆိပ်နှင့် လန်ဒန် ဟီးသရိုးလေဆိပ်တို့တွင် ထိုစက်များကိုစမ်းသပ် အသုံးပြုနေသည်ဟု ဆိုကြလေရာ မကြာခဏ ပင်လယ်ရပ်ခြား ခရီးသွားတတ်သူများအနေဖြင့် 'အသွားမတော် တစ်လှမ်း' မဖြစ်ရလေအောင် ဂရုစိုက်ကြပါကုန်။

အင်ဒိုနီးရှားနိုင်ငံမှာ နေထိုင်သူ အများစုဟာ အစ္စလာမ်ဘာသာဝင်တွေ ဖြစ်ပါတယ်။ သူတို့ အလေးအနက်ထားတဲ့ ကိစ္စတစ်ခုက အမျိုးသမီးများအနေနဲ့ လူမြင်ကွင်းမှာ လုံလုံခြုံခြုံ ဝတ်စားဆင်ယင်ရေးပါပဲ။ သိတဲ့အတိုင်း အင်ဒိုနီးရှားနိုင်ငံပိုင် ဘာလီကျွန်းဆိုတာက ကမ္ဘာလှည့်ခရီးသည်တွေ အင်မတန်မျက်စိကျတဲ့ဒေသ ဖြစ်ပါတယ်။ ခက်တာက အဲသလို ကမ်းခြေ အပန်းဖြေစခန်းမှာ အမျိုးသမီးတွေကို ရေကူးဝတ်စုံအနေနဲ့ ဘီကီနီဝတ်စုံကို လုံးဝဝတ်ဆင်ခွင့် မပြုတာပါပဲ။ ဘာသာရေးအမြင်အရ မတင့်တယ်တဲ့ ရှက်ဖွယ်ကိစ္စပေါ့။

အဲဒီပြဿနာနဲ့ ပတ်သက်ပြီး အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းရဲ့ ဝင်ငွေဟာ လျော့ကျလာဖွယ်ရှိတဲ့အတွက် နောက်ဆုံးတော့ ဘီကီနီကိစ္စဟာ လွှတ်တော်တင် ဆွေးနွေးရတဲ့ဘဝ ရောက်ရပါတော့တယ်။ သူတို့ လာမည့်နှစ်ကို နိုင်ငံခြားခရီးသည် ၇ သန်းလောက် လာရောက်လည်ပတ်ပြီး အဲဒီနိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆.၇ ဘီလီယံလောက် ရမယ်လို့ ခန့်မှန်းထားပါတယ်။ နောက်ဆုံးတော့ အင်ဒိုနီးရှားနိုင်ငံ၏ အခြားသော ပင်လယ်ကမ်းခြေများ မပါဘဲ ဘာလီကျွန်းတွင်သာ အမျိုးသမီးများ ဘီကီနီ ဝတ်ဆင်ခွင့်ပြုတဲ့ ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ (ဒီအထဲမှာ မွတ်စလင် အမျိုးသမီးတွေ ပါ၊ မပါတော့ သဲသဲကွဲကွဲ မသိပါဘူး) အခုထက်တိုင် အဲဒီဗိုက်နဲ့ ကျော လွတ်လပ်ခွင့်ကို ဘာသာရေး အစွန်းရောက်တွေက ကန့်ကွက်နေဆဲ ဖြစ်ကြောင်း သိရပါတယ်ခင်ဗျား။

*ရယ်စရာမဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၉ခုနှစ်။*

## လူမိုက်နောက်မှ အကြံရ

အမေရိကန်သမ္မတ ရွေးကောက်ပွဲကြီးတော့ ပြီးသွားပြန်ပါပြီ။ အများသိကြတဲ့အတိုင်း အိုဘားမားဆိုတဲ့ လူမည်းကလေးကပဲ အနိုင်ရသွားပါတယ်။ တကယ်တော့ အမေရိကန်သမ္မတ ရွေးကောက်ပွဲဆိုတာလည်း သိပ်တော့ မထူးဆန်းလှပါဘူး။ သူတို့ရဲ့ အဓိကပြိုင်ဘက် ပါတီကြီးနှစ်ခုဖြစ်တဲ့ ဒီမိုကရက်တစ်နဲ့ ရီပတ်ဘလစ်ကင် ဆိုတဲ့ ပါတီကြီးတွေက မူဂါဒချင်း သိပ်မကွဲပြားလေတော့ (ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေတာက အတူတူ) ပြည်သူတွေကလည်း တစ်လှည့်စီ မဲပေးနေကြတာပါပဲ။ ဒါကြောင့် ရီပတ်ဘလစ်ကင်သမ္မတ တစ်လှည့် တက်လိုက်၊ ဒီမိုကရက်တစ်က သမ္မတ တစ်လှည့် တက်လိုက်နဲ့ စခန်းသွားနေကြတာပဲ။ ဒီပွဲမှာတော့ အိုဘားမား နိုင်လိမ့်မယ်ဆိုတာ ကျွန်တော် ကြိုတွေးမိပါတယ် ခင်ဗျ။ နိုင်ငံရေးအမြင်နဲ့ အကဲခတ်တဲ့ နေရာမှာတော်လို့ မဟုတ်ပါဘူး။ သူတို့နိုင်ငံမှာ သမ္မတရွေးကောက်ပွဲ လုပ်တယ်ဆိုတာ တိုင်းပြည်က ခိုင်းလို့ ကောင်းမယ့်လူ ရွေးတာပဲ။ (အမေရိကန်သမ္မတဆိုတာ ကမ္ဘာမှာ အလုပ်အများဆုံး လူတစ်ယောက်ပါ) ဒီတော့ ရိုင်းတယ် မထင်ပါနဲ့။ ခင်ဗျားတို့ ခိုင်းနွားဝယ်ရင် နွားအိုဝယ်မလား၊ နွားပျိုဝယ်မလား။ ဒီအချက်နဲ့ တွက်ကြည့်ရင် အသက် ၇၀ ကျော် ဂျွန်မက်ကိန်းလို အဘိုးကြီးကိုကျော်ပြီး အိုဘားမား အရွေးခံရတာ ဘာမှ မဆန်းလှပါဘူး။

နောက်တစ်ချက်က အမေရိကန်ပြည်သူတွေက အသစ်အဆန်းကို ကြိုက်နှစ်သက်တယ်။ သူတို့နိုင်ငံမှာ ပထမဆုံး လူမည်းသမ္မတကို ရွေးချယ် တင်မြှောက်လိုက်တယ် ဆိုတာကိုလည်း ဂုဏ်ယူလိုဟန် တူတယ်။ အသားအရောင် ခွဲခြားတဲ့ ဓလေ့ကြီးက အမေရိကန်ပြည်ထောင်စု စတင်တည်ထောင်စဉ်ကတည်းက အမြစ်တွယ်ခဲ့တဲ့ ဓလေ့ကြီးကိုး။ လင်ကွန်းဟာ ပြည်တွင်းစစ်ဆင်နွှဲပြီးတောင် ဒီဓလေ့ကို တွန်းလှန်ခဲ့ရတယ် မဟုတ်လား။ ဟော... လူမိုက်နောက်မှ အကြံရတာက ရီပတ်ဘလစ်ကင်တွေ ခင်ဗျ။ သူတို့ကလည်း လူမည်းတစ်ဦးဖြစ်တဲ့ မေရီလင်းပြည်နယ် ဒုဥက္ကဋ္ဌဟောင်း မိုက်ကယ်စတီးလီကို ရီပတ်ဘလစ်ကင်ပါတီ အမျိုးသားကော်မတီ ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက် လိုက်ကြတယ်တဲ့။ ဒါဟာလည်း ရီပတ်ဘလစ်ကင်ပါတီ သမိုင်းတစ်လျှောက်မှာ ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ခံရခြင်းတဲ့။ တကယ်လို့ ရီပတ်ဘလစ်ကင် ပါတီသမ္မတလောင်းဟာ ဟယ်လာရီ ဖြစ်ခဲ့ပြီး သူမက သမ္မတဖြစ်ခဲ့ရင် ရီပတ်ဘလစ်ကင်ပါတီဟာ အမျိုးသားကော်မတီ ဥက္ကဋ္ဌရာထူးကို မိန်းမတစ်ယောက်ယောက်ကိုများ ခန့်အပ်လေမလားဆိုတာ စဉ်းစားစရာ ဖြစ်ရကြောင်းပါခင်ဗျာ။

## သူတို့ဆီက ဖူးစာရှင်ရွေးပွဲ

တရုတ်နိုင်ငံဆိုတာ အရင်က ဆင်းရဲမွဲတေမှုနဲ့ ပတ်သက်လာရင် စံချိန်တင်ရမယ့် နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒီတုန်းက လူဦးရေ သန်း ၈၀၀ ကျော်ဟာ ဆန်ပြုတ်တောင် မှန်မှန်မသောက်နိုင်ခဲ့ကြပါဘူး။ လူပုလေး တိန်ရှောက်ဖိန်နောက်ပိုင်း ဈေးကွက်စီးပွားရေးကို ကျင့်သုံးခဲ့တဲ့ တရုတ်နိုင်ငံဟာ တစ်မုဟုတ်ချင်း စီးပွားရေး တိုးတက်လာခဲ့တာလည်း အများအမြင်ပါပဲ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကို လူမှုရေးမြင့်မားပြီး စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်ခဲ့ရတယ်။ အခု တစ်ကမ္ဘာလုံး စီးပွားပျက်ကပ် ဆိုက်တဲ့အခါ သူလည်း အထိုက်အလျောက် ထိခိုက်မှု ရှိပါတယ်။ သူက အမေရိကန်ဒေါ်လာကို အများဆုံး ကိုင်ထားတဲ့ နိုင်ငံကြီး ဖြစ်နေတာကိုး။

ကျွန်တော်ပြောချင်တာက ကွန်မြူနစ်နိုင်ငံကြီးက ထူးခြားတဲ့ ဖူးစာရှင်ရွေးချယ်ပွဲ တစ်ခုအကြောင်းပါ။ ကျင်းပခဲ့တဲ့နေရာက ရှန်ဟိုင်းမြို့။ ဒီရှန်ဟိုင်းဆိုတဲ့ မြို့က ရာဇဝင်နဲ့ပါ။ တရုတ်ကွန်မြူနစ်ပါတီ စတင် တည်ထောင်ခဲ့တဲ့နေရာ။ ပြီးတော့ ပထမဆုံး စီးပွားရေး စမ်းသပ်ဇုံအဖြစ်နဲ့ ဈေးကွက်စီးပွားရေး စတင် ကျင့်သုံးခဲ့ရာနေရာ ဖြစ်ပါတယ်။ (ကျွန်တော်တို့ ငယ်ငယ်က နာမည်ကြီးခဲ့တဲ့ တရုတ်သွေးပါတဲ့ ရုပ်ရှင်မင်းသမီးမေရီမြင့်ဟာ ရှန်ဟိုင်းမယ်ဘွဲ့ရခဲ့သူ တစ်ယောက်တဲ့)

ချိုင်းနားဒေလီ သတင်းစာမှာ ဖော်ပြခဲ့တဲ့ အဲဒီဖူးစာဖက် ရွေးချယ်ပွဲပါတီကို တက်ရောက်ချင်ရင် ဝင်ကြေးဟာ ဒေါ်လာ ၈၀၀၀ (ရှစ်ထောင်)တဲ့။ ဒီတော့ တော်ရုံတန်ရုံ လူပျိုဆို အနားကပ်နိုင်မယ့်ပုံ မပေါ်ဘူး။ ရှစ်ထောင်ဆိုတာက ဝင်ကြေးပဲ ရှိသေးတယ်။ ဘာဘာညာညာ ထွေလီကာလီ ကုန်ကျစရိတ်တွေပါ ထည့်တွက်ရင် မနည်းမနော နေမှာပေါ့နော်။ အဲဒီပွဲကို သန်းကြွယ်သူဌေးတွေ ဖြစ်ပုံရတဲ့ တရုတ်ပလေးဘွိုင် ၂၀ လောက် တက်ရောက်ခဲ့တယ်။ ရွေးချယ်ထားတဲ့ မိန်းကလေးတွေက တကယ့် အချောအလှလေးတွေပဲတဲ့။ ပွဲတော်လာတဲ့သူတွေကတော့ သူတို့ရဲ့ ပုံမှန်ရုပ်ကို မမြင်ရအောင် မျက်နှာဖုံးတွေ တပ်ဆင်ထားကြတယ်တဲ့။ တချို့ကတော့ စက္ကူအိတ်တွေတောင် အသုံးပြုခဲ့ကြသေးတယ်တဲ့။

ဘယ်သူတွေ ဘယ်လိုဖူးစာဖက် ရသွားကြတယ်ဆိုတဲ့ နောက်ဆက်တွဲ သတင်းကလေးကိုတော့ ဖော်ပြထားတာ မတွေ့ရပါဘူး။

## တေမိမင်းကို အရွဲ့တိုက်သူများ

ဇာတ်ကြီးဆယ်ဘွဲ့ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ အဲဒီထဲမှာ တေမိမင်းဇာတ်ကလည်း ထူးခြားပါတယ်။ စကားပြောတာရဲ့ အပြစ်ကို မြင်တွေးပြီး မွေးကတည်းက စကားမပြောဘဲ နေလာတဲ့ အလောင်းတော်ဟာ 'စကား စကားပြောပါများ၊ စကားထဲကဇာတိပြ' 'ကြမ်းကျွံလျှင် နှုတ်ရသည်၊ စကားကျွံလျှင် နှုတ်မရ' 'ဆိတ်ဆိတ်နေက ထောင်တန်၏' စသဖြင့် စကားပြောခြင်းရဲ့ အပြစ်တွေကို ဖော်ပြထားတဲ့ ဆုံးမစကားတွေကလည်း အများကြီးပါပဲ။

သို့သော်လည်း အလောင်းတော်လို ပါရမီမရင့်သန်တဲ့ ကျွန်တော်တို့ခမျာ လူကလည်း ဖြစ်နေပြန်တော့ ဆိုရေးရှိက ဆိုအပ်လှ ဆိုသလို ပြောရဆိုရ ပြန်ပါတယ်။ ဒါပေမဲ့ မပြောမပြီး တီးမမြည်နေတာ အကောင်းပဲဆိုတဲ့ အသိတော့ ရှိပါရဲ့။ အခုဟာက အလောင်းတော်တေမိမင်းကို အရွဲ့တိုက်သလို မာရသွန် စကားပြောသူတွေ ပေါ်နေတာပဲ။ မကြာခင်က ပြင်သစ်လူမျိုး လွိုက်စ်ကိုလက်ဆိုတဲ့သူဟာ မရပ်မနား နာရီပေါင်း ၁၂၄ နာရီကြာအောင် စကားတွေ တရစပ် ပြောနေခဲ့တယ်။ ရူးနေတဲ့သူတော့ မဟုတ်ပါဘူး။ ဂင်းနစ်မှတ်တမ်းဝင်အောင် ကမ္ဘာ့အရှည်ကြာဆုံး စကားပြောသူအဖြစ် စံချိန်ချိုးနိုင်အောင် ကြိုးစားခဲ့တာပါတဲ့။ အသက် ၆၂ နှစ်ရှိတဲ့ ဒီလူဟာ သူနေထိုင်ရာ Perpignan မြို့လေးမှာ ၅ ရက်နဲ့ ၄ ညတိုင်တိုင် မရပ်မနား စကားပြောပြခဲ့တယ်။ သူပြောတာတွေကတော့ တောင်ရောက်မြောက်ရောက် အကြောင်းအရာ အစုံပါပဲ။ သူ့အရင်စံချိန်တင်ထားသူက အိန္ဒိယလူမျိုးတစ်ယောက်တဲ့။ သူက နာရီပေါင်း ၅၀ ကြာအောင် စကားပြောခဲ့တယ်။

ကဲ... သူတို့စံချိန်ကို ချိုးနိုင်မယ့်လူများ မြန်မာပြည်မှာ ရှိသလား။

*ရယ်စရာမဂ္ဂဇင်း၊ မေလ၊ ၂၀၀၉ခုနှစ်။*

## ကြွေး သုံးကြွေး ပေါင်းမိခြင်း

အခုတလော ကံမကောင်း အကြောင်းမလှ ဖြစ်ရတဲ့သူတွေက ဝူခုန်းသူငယ်ချင်း ပါကဲ့တို့ အမျိုးတွေပါပဲ။ ဘယ်အချိန်ကတည်းက မျက်မုန်းကျိုးနေတယ် မသိဘူး။ အီဂျစ်နိုင်ငံကတော့ နိုင်ငံအတွင်းမှာ ရှိတဲ့ ဝက်အကောင်ရေ ၃၅၀၀၀ (သုံးသောင်းခွဲ)ကျော်ကျော်ကို အကုန်သတ်ဖြတ်ဖို့ လွှတ်တော်က ဆုံးဖြတ်လိုက်တယ်တဲ့။ ဒီအဖြစ်တွေကို အစပျိုးလိုက်တာကတော့ မက္ကစီကိုနိုင်ငံပါပဲ။ မက္ကစီကိုက အမေရိကန်၊ အမေရိကန်က ဥရောပ၊ ဥရောပက အာရှအထိ ကူးစက်လာလိုက်တာ အခုဆို အရှေ့တောင်အာရှနိုင်ငံတွေတောင် ရောက်နေပါပြီ။ ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံ ထိုင်းကိုတောင် ရောက်နေပြီဆိုတော့ ကျွန်တော်တို့နိုင်ငံမှာလည်း အလေးထား ဂရုပြုရမယ့် အခြေအနေ ရောက်နေပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က တပ်လှန့်မှုက အဆင့် ၅ တောင် ရောက်နေပြီ။ တစ်နိုင်ငံ တစ်နိုင်ငံ ကူးစက်နေပြီဆိုတဲ့ သဘောပေါ့။ အမြင့်ဆုံးအဆင့်က အဆင့် ၆ ပါ။ အဆင့် ၆ဆိုတာက ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါလို့ သတ်မှတ်လိုက်တာပါပဲ။ သေဆုံးသူ ရာဂဏန်း ကူးစက်ခံရသူ ထောင်ဂဏန်းသာ ဖြစ်လို့ စိုးရိမ်ဖွယ်မရှိဘူးလို့တော့ ယူဆလို့ မရပါဘူး။ အခု လက်သစ်တုပ်ကွေး ရောဂါဟာ လူတုပ်ကွေး၊ ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေးသုံးမျိုး ပေါင်းစပ်ပြီးဖြစ်တဲ့ ဗိုင်းရပ်စ်အသစ် (A/H1N1) ဖြစ်တယ်လို့ ဆိုပါတယ်။ FAO ကမ္ဘာ့စားနပ်ရိက္ခာA ဖွဲ့ကြီးကတော့ ဘယ်ကစ ဘယ်လို ဖြစ်လာတယ်ဆိုတာ မသိသေးဘူးလို့ ဆိုပါတယ်။ OIE A`ဒါက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးA ဖွဲ့တဲ့။ A`ဒီA ဖွဲ့ကတော့ ဒီတုပ်ကွေးရောဂါဟာ ဝက်ကနေလူကို ကူးတာလား။ လူက ဝက်ကိုကူးတာလား။ သေသေချာချာ မသိသေးတဲ့A တွက် ဝက်တုပ်ကွေးလို့ မသုံးသင့်သေးဘူးလို့ ကန့်ကွက်ပါတယ်။ ဝက်တွေကြားထဲက A ချောင်နာမည်ပျက်ရတာ မရှုစိမ့်ဘူး ထင်ပါရဲ့ ခင်ဗျာ။ မက္ကစီကိုက စဖြစ်တာမို့ မက္ကစီကိုတုပ်ကွေးလို့ ခေါ်သင့်တယ်လို့ A ကြံပေးပါတယ်။ မက္ကစီကို နိုင်ငံသားတွေ နာမည်ပျက်ရင် ပျက်ပါစေဆိုတဲ့ သဘောလား မသိပါဘူး။

A ခုတော့ ဒီကိစ္စဟာ လုံးလည်လိုက်နေဆဲ ရှိပါတယ်။ A မေရိကန်က သူ့လူတွေ မက္ကစီကို မသွားဖို့ တားတယ်။ ဥရောပသမဂ္ဂ ကျန်းမာရေးဝန်ကြီးကလည်း ဥရောပသားတွေ A မေရိကန်မသွားဖို့ တားတယ်။ မက္ကစီကိုမှာတော့ လူစုလူဝေး ဖြစ်နိုင်တဲ့နေရာဖြစ်တဲ့ စာသင်ကျောင်းတွေ၊ စာကြည့်တိုက်တွေ၊ ရုပ်ရှင်ရုံတွေကို ပိတ်ပင်ထားပါတယ်။ ဒါပေမဲ့ ခက်တာက ဒီရောဂါကူးစက်မှု A ဖြစ်ဆုံး နေရာတွေက ဆေးရုံ ဆေးခန်းတွေတဲ့။ ဒါကြောင့် လူထုကို မလိုA ပ်ဘဲ ဆေးရုံ ဆေးခန်းမသွားဖို့ လှုံ့ဆော်ပညာပေးနေရတယ်။ မက္ကစီကိုမှာ ခေတ်စားတဲ့ ပါးချင်းA ပ် နှုတ်ဆက်တာ၊ ပွေ့ဖက်နှုတ်ဆက်တာတွေကိုလည်း ရှောင်ကြဉ်ကြဖို့ ဆော်သြနေရတယ်။ သူတို့ဆီမှာတော့ တစ်ခါက တရုတ်ပြည်မှာ ဆားစ်ရောဂါ ဖြစ်တုန်းကလို ဆာဂျီကယ်မတ်စ် ခေါ်တဲ့ ခွဲစိတ်ခန်းသုံး နှာခေါင်းကာကလေးတွေနဲ့ လူတိုင်းကိုယ်စီ လှုပနေတာ မြင်ရပါတယ်။

တစ်ခုခက်တာက နာလန်ထဖို့ A ရှိန်ယူနေတဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကို ဒီရောဂါက A ရိုက်ထိုးလိုက်သလို A ထိနာစေတာပါပဲ။ ခရီးသွားလုပ်ငန်း၊ A စားA စာနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ထိခိုက်ကုန်ပါတယ်။ တရုတ်က A မေရိကန်နဲ့ မက္ကစီကိုက ဝက်သားတင်ပို့မှုကို ပိတ်ပင်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါ ဖြစ်ပွားတဲ့ သတင်းကို မကြားရသေးပေမယ့် သက်ဆိုင်ရာက လိုအပ်တဲ့ သတိပေးမှုနဲ့ ပညာပေးမှုတွေကို လုပ်ဆောင်နေပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်တို့ဆီမှာ ပူပြင်းလွန်းတဲ့ နွေရာသီကြောင့်ဖြစ်တတ်တဲ့ ရောဂါတွေရဲ့ ဒဏ်နဲ့အတူ ဝမ်းပျက်ဝမ်းလျှောရောဂါပါ ဖြစ်လာလေတော့ (အထူးသဖြင့် ကျွန်တော်တို့ မြောက်ဥက္ကလာပတွင်) အထူးဂရုစိုက်နေကြပါတယ်။ ခေတ်ပေါ် ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေတဲ့ လမ်းဘေးက ဝက်သားတုပ်ထိုးဆိုင်ကလေးတွေ အတွက်တော့ ဝမ်းနည်းစရာပဲပေါ့ ခင်ဗျာ။ ကဲ... ကျွန်တော်တို့ ဝက်သားစားတာ ခဏရှောင်ကြစို့။

## မိုးကို မျှော်သည်

အမှန်အတိုင်း ပြောရလျှင် ဧပြီလကတည်းက ပူတယ်လေ ဆယ်နေကဲဟု ဆိုရလောက်အောင် နံပြားဖိုထဲ ရောက်နေသည့်အလား အခံရခက်သူများက နွေအမြန်ကုန်စေချင်ကြကာ မိုးကို မျှော်ကြသည်။ ဖားသား စားချင်လို့ မျှော်သူလည်းပါသည်။ မိုးတွင်းဆို မြန်မာ့အသံက အမြဲဖွင့်တတ်သည့် ကိုမြကြီး၏ 'မိုး' သီချင်းကို နားထောင်ချင်လို့ မျှော်သူလည်းပါမည်။ တီဗွီက အဆက်မပြတ် ကြော်ငြာနေသော ခေါက်ထီးလှလှ၊ မိုးကာဂျာကင် လှလှတွေကို ရှိုးတပြပြဝတ်ချင်ကြ၍ မိုးမျှော်သူလည်းပါမည်။ ကျွန်တော်မျှော်တာကတော့ တစ်မျိုးခင်ဗျ။ မိုးရာသီရောက်လျှင် အချိန်ပြည့် လျှပ်စစ်မီး သုံးစွဲနိုင်တော့မည့်အရေး တွေးမိကာ မျှော်နေရခြင်းပါ။

ကျွန်တော်တို့နိုင်ငံက အဓိက ရေအားလျှပ်စစ်ကို အဓိကအားပြုနေသော နိုင်ငံ။ မိုးရောက်လျှင် ဆည်တွေ ရေကာတာတွေ ရေပြည့်ရေလျှံပြီ။ ဒါဆို နွေထက် လျှပ်စစ်မီး ပိုထုတ်နိုင်ပြီ။ ဒါက နှစ်စဉ် ကြုံနေကျ သဘာဝပင်။ နွေပေါက်လို့ ဆည်တွေထဲမှာ ရေတွေ နည်းရင်တော့ ထုံးစံအတိုင်း အလှည့်ကျစနစ်ပေါ့။ ပျက်တဲ့အခါလည်း ပျက်ပေမပေါ့။ ကျွန်တော်တို့ မပြောနဲ့ တလောက အိမ်ဖြူတော်တောင် မီးပျက်သွားတယ်တဲ့။ မနစ်က ဖွန် ၁၃ ကပါ။ ၁၃ ကပဲ ကံမကောင်းတာလား။ ရုတ်တရက် မီးပြတ်တဲ့ဒဏ်ကို လျှပ်စစ်မီး သုံးစွဲသူပေါင်း ၇၀၀၀ ခန့် ထိခိုက်ခဲ့တယ်လို့ ပက်ကိုကုမ္ပဏီ(မြို့တော် လျှပ်စစ်ဝန်ဆောင်မှု ထောက်ပံ့ရေး)က ပြောပါတယ်။ အဲဒီအထဲမှာ ဒုတိယသမ္မတရဲ့ ရုံးအဆောက်အအုံတစ်ခုလုံးလည်း ပါတယ်တဲ့။ ဒါကြောင့် အရေးပေါ်သုံး ဂျင်နရေတာစက်နဲ့ မီးပေးခဲ့တယ်လို့ အိမ်ဖြူတော်ပြောခွင့် ဆိုခွင့်ရသူက ပြောပါတယ်။ လျှပ်စစ်ဓါတ်အားစက်ရုံ အလုပ်မလုပ်လို့ ပျက်ခဲ့တာပါ။ ဒီမတော်တဆမှုဟာ အကြမ်းဖက်သမားတွေနဲ့ ဆက်စပ်မှု တစ်စုံတစ်ရာ မရှိဘူးလို့ ပြည်တွင်းလုံခြုံရေးဌာနက ပြောကြားခဲ့ပါတယ်။

ငယ်စဉ်က လျှပ်စစ်ဌာနက ကြော်ငြာစာသားကလေးကို တစ်ခါတစ်လေ သတိရမိတယ်။ လျှပ်စစ်ကို တလက်လက်လင်းပေးတာ။ သင်က မီတာခကို မပျက်မကွက်ရှင်းပေးပါ ဆိုလားပဲ။ မှန်ပါတယ်။ မီတာခတော့ မှန်မှန်ပေးသင့်တာပေါ့။ ဟုတ်ပါရဲ့။ မီတာခ မှန်မှန်မပေးလို့ နာမည်ပျက်ရတဲ့ သူက မကြာခင်က သမ္မတနိုင်ငံထူထောင်ဖို့ ရာထူးစွန့်ခဲ့ရတဲ့ နီပေါဘုရင်ဟောင်းပါ။ အခုတော့ အရင် ထွက်တော်မူနန်းကခွာခဲ့ရာမှာ ယခင်နှစ် ကာလများစွာ နန်းတော်အဆောက်အအုံတွေမှာ သုံးစွဲခဲ့တဲ့ မီတာခ အကြွေးတွေ ဒေါ်လာ တစ်သန်းပေးဆောင်ဖို့ လျှပ်စစ်ဌာနက ကြွေးတောင်းခံရတာပါ။ အရင်ကတော့ ဘုရင်မို့ မတောင်းလေသလား စဉ်းစားစရာပေါ့ဗျာ။ ဘုရင်လူထွက် မစ္စတာ Gyanendra ဟာ အခု သူ့အရင်က အမဲလိုက်ရင် သုံးခဲ့တဲ့ စခန်းချအိမ်ဟောင်းမှာ စံမြန်းနေပါတယ်။ သူ့သာ မီတာခ မပေးနိုင်ရင် အဲဒီအိမ်ဟာ မီးဖြတ်ခံရမယ်လို့ နို့တစ်ပေးထားတယ်တဲ့။ အင်း... ဒါလည်း တရားရစရာ တစ်ခုလို့ မဆိုနိုင်ဘူးလားခင်ဗျာ။

## ကူညီပါရစေ ဆိုသော်လည်း

ရယ်သောသူသည် အသက်ရှည်၏ဆိုတဲ့ စကားကို ဖိလစ်ပိုင်ရဲချုပ်က ကောင်းကောင်းသဘောပေါက်ပုံ ရပါတယ်။ ဖိလစ်ပိုင်ရဲတွေ လူထုရှေ့မှာ ပြုံးရယ်နေရမယ်လို့ အမိန့်ထုတ်လိုက်ပါတယ်။ မရှိသွားဖြဲကလေး ဖြစ်ဖြစ်၊ ငါးသလောက် ပြုံးလေးပဲဖြစ်ဖြစ် ပြုံးမနေရင် ဒါဟာ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ အမူအရာ လုပ်ဖို့ ကြိုးစားနေတယ်ဆိုပြီး ရာထူးချ အပြစ်ဒဏ်ပေးမယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ ရာဇဝင်မှာ အင်မတန်နာမည်ကြီးတဲ့ တစ်သက်လုံးမှာမှ သုံးကြိမ်ပဲ ပြုံးတယ်ဆိုတဲ့ သီလဝမင်းသားကြီးသာ အဲဒီနိုင်ငံမှာ ရဲလုပ်ရင် မြန်မြန်အလုပ်ပြုတ်မယ့် ကိန်းပေါ့။

'ကူညီပါရစေ' ဆိုတာ ကျွန်တော်တို့ဆီမှာ အင်မတန် ရေပန်းစားတဲ့ စကားလုံးလေးပါ။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ပါ။ ၁၉၉ ကိုသာ ဖုန်းလှည့်လိုက်။ အမေရိကန်မှာလည်း အကူအညီလိုချင်ရင် ၉၁၁ ကိုပဲ ဖုန်းဆက်ရတာပဲ။ သို့သော်လည်း အဆက်မတော်တစ်ခွန်းဆိုသလို ၉၁၁ ကို ဖုန်းဆက်ကာမှ အဖမ်းခံရတဲ့ လူလည်းရှိတယ်။ အမေရိကားက ကားလို့စ်ဆိုတဲ့ လူတစ်ယောက်ဟာ ပိုက်ဆံထည့်ပြီး ဈေးဝယ်တဲ့ စက်ထဲ ပိုက်ဆံထည့်ပေမယ့် လိုချင်တဲ့ပစ္စည်း ထွက်မလာတဲ့အတွက် အဲဒီစက်က သူ့ပိုက်ဆံခိုးပါတယ်ဆို ၉၁၁ကို ဖုန်းဆက်လို့ အနှောင့်အယှက်ပေးမှုနဲ့ အဖမ်းခံရတယ်တဲ့။ ဖလော်ရီဒါက ငနဲတစ်ယောက်က သူ အသားညှပ်ပေါင်မုန့် စားရာမှာ သုံးတဲ့ အချဉ်ရည်ဘူး မြေအောက်ရထားပေါ်မှာ မေ့ကျန်ခဲ့တာ ပြန်ယူပေးဖို့ ဖုန်းဆက်တဲ့အတွက် အဖမ်းခံရတယ်တဲ့။ ကူညီပါရစေဆိုပေမယ့်လည်း တော်ရုံကိစ္စပဲ အကူအညီတောင်းဖို့ ကောင်းတာပေါ့ ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၉ခုနှစ်။*

## စင်ဒရဲလားက စခဲ့တဲ့ ဖိနပ်

ကမ္ဘာမှာ လူသိအများဆုံး ဖိနပ်ဟာ စင်ဒရဲလားရဲ့ ဖန်ဖိနပ်ကလေးလို့ ထင်ပါတယ်။ ကျွန်တော်တို့ဟာ ကလေးဘဝကတည်းက ဒီပုံပြင်ကလေးနဲ့ ရင်းနှီးခဲ့ကြတယ်။ မင်းသားက သူ့အတွက် သတို့သမီးလောင်း ရွေးချယ်ရာမှာ ဒီကျန်ခဲ့တဲ့ ဖိနပ်လေးတစ်ဖက်နဲ့တော် မတော် ကြည့်ပြီး ဆုံးဖြတ်တာကလည်း တကယ့်ကို စိတ်ဝင်စားစရာ ဖြစ်ခဲ့ရတယ်။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝမှာ ဆိုဗီယက်ဝန်ကြီးချုပ် ကရုးရှက်က ကုလသမဂ္ဂညီလာခံမှာ သူ့ရှူးဖိနပ်ကို ချွတ်ပြီး စားပွဲကိုခေါက် စကားပြောတယ်ဆိုတာ ကြားရတော့ လူငယ်ပီပီ သဘောကျခဲ့တာပါပဲ။ (အမှန်တော့ နိုင်ငံတကာအဆင့် ခေါင်းဆောင်တစ်ယောက် အနေနဲ့ဆို မယဉ်းကျေးတဲ့ အပြုအမူမို့ ရှုတ်ချထိုက်ပါတယ်) ဖီလစ်ပိုင်ရဲ့ ရာသက်ပန် ခေါင်းဆောင်ကြီးဆိုတဲ့ မားကို့စ် သူ့နိုင်ငံက ထွက်ပြေးရတော့လည်း (ဂျောင်းတော့ မားကို့စ်ဆိုတဲ့ ဗန်းစကားတောင် အဲဒီတုန်းက တွင်ကျယ်ခဲ့ပါသေးတယ်) သူ့မဟေသီ အီမယ်ဒါး ယူမသွားနိုင်လို့ စံအိမ်တော်မှာ ကျန်ခဲ့တဲ့ ဖိနပ်အရန်ပေါင်း ၂၇၀၀ ကျော်ကျော်ကို ကြည့်ပြီး ကမ္ဘာ့ပြည်သူတွေနဲ့အတူ အံ့သြခဲ့ရပါတယ်။

အခုနောက်ဆုံး အဲဒီသူတွေကို ကျော်ပြီး ဖိနပ်နဲ့ ကျော်ကြားသွားတဲ့သူကတော့ အီရတ်သတင်းထောက် အယ်လ်ဇေဒီ ဖြစ်ပါတယ်။ သူက အများသိတဲ့အတိုင်း သတင်းစာ ရှင်းလင်းပွဲတစ်ခုမှာ အမေရိကန်သမ္မတ ဂျော့ဘုရှ်ကို ဖိနပ်နဲ့ ပေါက်ခဲ့သူ ဖြစ်ပါတယ်။ (သူဟာ ဒီလို ဖိနပ်နဲ့ပေါက်နိုင်ဖို့အတွက် ၂ နှစ်လောက် လေ့ကျင့်ခဲ့တယ်လို့တောင် ဆိုပါတယ်တဲ့) ဒါပေမယ့် ဂျော့ဘုရှ်ဆိုတာကလည်း အရှောင်အတိမ်း ဂျက်ဆီဂျိမ်းတို့ အရပ်က လာတာဆိုတော့ လွတ်အောင် ရှောင်နိုင်ပါတယ်။ သူက ပြက်လုံးတောင် ထုတ်လိုက်သေးတယ်။ "ပေါက်တဲ့သူကိုတော့ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ သူ့ဖိနပ်ကတော့ တော်တော်ကြီးတယ်။ နံပါတ် ၁၀ ဖြစ်ရမယ်"တဲ့။

အဲဒီကိစ္စဟာ ကမ္ဘာမှာ ဟိုးလေးတကျော် ဖြစ်သလို အယ်လ်ဇေဒီ (အသက် ၃၀) ဟာလည်း အာရပ် မွတ်စလင်ကမ္ဘာမှာ ဟီးရိုး ဖြစ်လို့သွားပါတယ်။ သူ့ဖိနပ်ကို ဒေါ်လာ သန်းကျော်ပေးပြီး ဝယ်ဖို့ ကမ်းလှမ်းတဲ့သူက ကမ်းလှမ်းတယ်။ ဒါပေမဲ့ အဲဒီဖိနပ်ဟာ တစ်စစီ ဖြစ်သွားရပါပြီ။ ဒီဖိနပ်ထဲမှာ ပေါက်ကွဲစေနိုင်တဲ့ ပစ္စည်း တစ်စုံတစ်ရာ ပါမပါ အမေရိကန်နဲ့ အီရတ် ထောက်လှမ်းရေးတွေက ဖျက်ပြီး ရှာဖွေခဲ့လို့ပဲ ဖြစ်ပါတယ်။ အယ်လ်ဇေဒီတို့ မျက်နှာပွင့်ပုံက သမက်တော်ပါရစေလို့ ကမ်းလှမ်းတဲ့သူတွေက ကမ်းလှမ်းကြပါတယ်။ သူ့ဖိနပ်ကို ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကိုလည်း ဖိနပ်အော်ဒါတွေ မှာတဲ့ စာတွေ တဖွဲဖွဲ ရောက်လာတယ်တဲ့။ တူရကီ (မွတ်စလင်နိုင်ငံပါပဲ) က ထုတ်တဲ့ အဲဒီဖိနပ်ဟာ ဘုရှ်ဘွတ်(ဖိနပ်)လို့တောင် နာမည်တွင်သွားပါတယ်တဲ့။ ဒါပေမဲ့ အယ်လ်ဇေဒီ လောလောလတ်လတ် ရလိုက်တဲ့ဆုကတော့ နိုင်ငံခြားဧည့်သည် သမ္မတကို စော်ကားတဲ့ပြစ်မှုနဲ့ ထောင်ဒဏ် ၃ နှစ် ကျခံစေဆိုတဲ့ စီရင်ချက်သာ ဖြစ်ပါတယ်ဗျ။ ဒါပေမဲ့ ခံသာတာတစ်ခုတော့ ရှိပါတယ်။ အဲဒီဘုရှ်ကို ပစ်ပေါက်ခဲ့တဲ့ ဖိနပ်ပုံစံတူပန်းပုကို တီကရစ်မြို့ ကလေးများဥယျာဉ်ထဲမှာ ပန်းပု ထုပြထားတာပါပဲ။ အဲဒီဖိနပ် ပန်းပုဟာ ၃မီတာ အမြင့်ရှိပြီး ရွှေရောင်ဖြစ်ပါတယ်။ တီကရစ်ဆိုတာ ဆက်ဒမ်ဟူစိန်ရဲ့ ဇာတိမြို့ပါ။ ၂၀၀၃ ခုနှစ် အမေရိကန် ဝင်ရောက်တိုက်ခိုက်စဉ်ကစပြီး သေဆုံးသွားတဲ့

သူတွေရဲ့ (မိဘမဲ့) ကလေးတွေ ဖောင်ဒေးရှင်းဖွဲ့ပြီး စောင့်ရှောက်နေတဲ့ နေရာ ဖြစ်ပါတယ်။ အခုတော့ အဲဒီပန်းပုကို ဖယ်ရှားပေးဖို့ တောင်းဆိုတဲ့သူက တောင်းဆိုနေပြန်ပြီတဲ့။

## အသည်းကြားက မဲတစ်ပြား

ဤရာသီကို ရွေးကောက်ပွဲရာသီလို့ ဆိုရင် လွန်အံ့မထင်ဘူး ခင်ဗျ။ ကမ္ဘာ့အရပ်ရပ်က နိုင်ငံအတော်များများမှာ (အိန္ဒိယ၊ အင်ဒိုနီးရှား အပါအဝင်) ရွေးကောက်ပွဲတွေ အပြိုင်အဆိုင် ကျင်းပခဲ့ကြသလို မကြာခင်မှာ ရွေးကောက်ပွဲ ကျင်းပဖို့ စီစဉ်နေတဲ့ နိုင်ငံတွေ (ဂျပန်၊ အီရန်) စီစဉ်နေကြလို့ပါပဲ။ သူကလည်း ခေသူ မဟုတ်ပါ။ အီးယူဆိုတဲ့ ဥရောပသမဂ္ဂမှာ ဘတ်ဂျက်ဌာန အကြီးအကဲပါတဲ့။ ဒါပေမဲ့ လစ်သူနီးယားနိုင်ငံဟာ ဥရောပမှာ စီးပွားရေးကျဆင်းမှုအရ အမြင့်ဆုံးနိုင်ငံ ဖြစ်နေပါတယ်။

ဒါကြောင့်များ (ကမ္ဘာ့စီးပွားပျက်ကပ် ဆိုက်ချိန်ပေါ့) ပနားမားပြည်သူတွေဟာ သမ္မတရွေးကောက်ပွဲမှာ ရီကာဒိုမာတီနယ်လီကို ရွေးလိုက်သလားလို့ တွေးတောစရာ ဖြစ်ရပါတယ်။ ရီကာဒိုက နိုင်ငံရေးသမား မဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းရှင် သန်းကြွယ်သူဌေးကြီးပါ။ လက်ဝဲယိမ်း နိုင်ငံရေးသမားတွေ ကြီးစိုးလေ့ရှိတဲ့ ပနားမားနိုင်ငံအတွက်လည်း ဒီကိစ္စဟာ တကယ့်အပြောင်းအလဲပါပဲ။ ကြုံတွေ့နေရတဲ့ ဘဏ္ဍာရေးအကျပ်အတည်းကို ရီကာဒိုလို လူမျိုးကသာ ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ်လို့ ယုံကြည်ကြဟန်တူပါတယ်။ ဖြစ်နေတာကတော့ အခုခေတ် မဲဆန္ဒရှင် ပြည်သူတွေရဲ့ မဲပေးပုံက အကဲခတ်ရ ခက်နေတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲမှာ Celebrity လို့ ခေါ်ကြတဲ့ ထင်ပေါ်ကျော်ကြားသူတွေ ဝင်အရွေးခံတာ အောင်ပွဲတွေ ရကုန်တာကြောင့်ပါပဲ။ ရုပ်ရှင်မင်းသမီး သုံးယောက်နဲ့ လူရွှင်တော်တစ်ယောက်ဟာ ပါလီမန်အမတ်တွေအဖြစ် အရွေးခံခဲ့ကြပါတယ်။ နိုင်ငံရေးအတွေ့အကြုံထက် လူသိများတာ၊ ကျော်ကြားတာကို အခြေခံရွေးချယ်ရင်း အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံရေးအနာဂတ်ဟာ အနှစ်သာရကင်းမဲ့လာလိမ့်မယ်လို့ သုံးသပ်ဝေဖန်သူတွေက သုံးသပ်ဝေဖန်ကြပါတယ်။ အဲဒီလို ရွေးချယ်ခံရတဲ့ အထဲမှာ ရမ္မက်နိုးကြားစေတဲ့ အဝတ်အစားတွေ အမြဲဝတ်တတ်တဲ့ နာမည်ကြီးမော်ဒယ်လ် 'ဝေနာမဲလင်ဒါ' လည်း ပါ ပါတယ်။ သူကတော့ ပါလီမန်အမတ်ဖြစ်ပြီးတဲ့နောက် အဝတ်အစား အနေအထိုင် ဆင်ခြင်ပါ့မယ်လို့ ကတိပေးပါတယ်။ အဲသလို ပုဂ္ဂိုလ်တွေက လွှတ်တော်ထဲမှာ ဘယ်လို ဥပဒေတွေ ပြုကြမလဲဆိုတာ စဉ်းစားစရာပေါ့ခင်ဗျာ။

မကြာသေးခင်ကပဲ ဗြိတိန်လို ပါလီမန်ဘိုးအေလို့ ခေါ်နိုင်တဲ့ နိုင်ငံကြီးမှာတောင် ပြဌာန်းထားတဲ့ ဥပဒေတွေက လူရယ်စရာ ဖြစ်နေလို့ အတိုက်အခံတွေက ကန့်ကွက်သံတွေ ကြားရပါသေးတယ်။ ဥပမာ- မကြာသေးခင်က ထုတ်ပြန်လိုက်တဲ့ ဥပဒေက 'ကြက်ဥများကို အနှောင့်အယှက်ပေးခြင်းမှ တားမြစ်သော ဥပဒေ' တဲ့။ တနင်္ဂနွေနေ့ဆို ဗြိတိန်မှာ ကြက်ဥဖောက်တမ်း ကစားကြတယ်။ အဲဒီအတွက် ရည်ရွယ်ပြီး ကြက်ဥရောင်းတာကို တားမြစ်ထားတာပဲ။ ဝေဖန်ခဲ့သူတွေက ဒီလိုဥပဒေတွေဟာ ဘာမှအကျိုးမရှိတဲ့အပြင် ရာဇဝတ်မှုအသစ်လို့ သတ်မှတ်တာတွေ တိုးပွားလာပြီး တရားစီရင်ရေးကို ပိုမိုရှုပ်ထွေးစေတယ်လို့ မှတ်ချက်ချကြပါတယ်။ ၁၉၉၇ လေဘာပါတီ အာဏာရပြီးကတည်းက ရာဇဝတ် ပြစ်မှုအသစ်ပေါင်း ၃၆၀၀ လောက် ဖန်တီးခဲ့ပြီးပြီလို့ ဆိုပါတယ်။ ကြောက်ခမန်းလိလိပါပဲ။ လွှတ်တော်အမတ်တွေဟာ အလုပ်မရှိတာနဲ့ ပျင်းပျင်းနဲ့ ကြောင်ရေချိုး လုပ်နေကြပုံ ရပါတယ်။

လွှတ်တော်ဆိုတာ ကလေးကစားစရာ နေရာ မဟုတ်ပါဘူး။ လွှတ်တော်အမတ်တွေဟာ ထိုက်သင့်သလောက် အရည်အချင်းတွေ ပြည့်ဝဖို့ အရေးကြီးသလို၊ မဲဆန္ဒရှင်တွေက တန်ဖိုးရှိရှိ ထိုက်သင့်အောင် ကိုယ့်မဲပြားကို အသုံးချတတ်ဖို့ လိုပါတယ်။ နိုဝင်ဘာ ၄ ရက်နေ့က အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပတဲ့အခါ တစ်နိုင်ငံလုံးသာမကဘူး၊ ကမ္ဘာကနေ ကီလိုမီတာ ၃၅၀ ဝေးပြီး တစ်နာရီကို ကီလိုမီတာ ၂၈၀၀ နှုန်းနဲ့ လည်ပတ်နေတဲ့ အာကာသစခန်းကနေတောင် မဲလှမ်းပေးကြတယ်တဲ့။ ကိုယ့်အခွင့်အရေးကို လက်လွှတ်မခံတဲ့ သဘောပဲ။

ရွေးကောက်ပွဲကာလဆိုတာ ကျွန်တော်တို့ရင်ထဲမှာ တကယ်ရှိနေတဲ့ ဆန္ဒကို တကယ်ထုတ်ဖော်ပြခွင့်ကာလ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်နိုင်ငံ ပါလီမန် ရွေးကောက်ပွဲကာလကို ကောင်းကောင်းမီလိုက်တဲ့ သူတစ်ဦးပါ။ 'အသည်းကြားက မဲတစ်ပြား' ဆိုတဲ့ စကားဟာ အင်မတန် ခေတ်စားနေပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ပြိုင်ကြတဲ့ ပါတီကြီးနှစ်ခုဟာ အပြိုင်အဆိုင် မဲဆွယ်ကြတဲ့အခါ ထဘီဝါတွေ၊ ထဘီနီတွေ လက်ဆောင်ပေးတယ်။ မဲရုံရှိရာကို ဒေါ့ဂျ်ကားနဲ့ အကြိုအပို့လုပ်တယ်။ မဲတစ်ပြားကို ငွေနှစ်ကျပ်နဲ့ ဝယ်တယ်။ ဒါမှမဟုတ် ခေါက်ဆွဲကြော်တစ်ထုပ် ပေးတာ ကြုံခဲ့ရဖူးပါတယ်။

ထိုင်းရွေးကောက်ပွဲတုန်းကတော့ ရွေးကောက်ပွဲကော်မရှင်က ဒီလို ကားနဲ့ အခမဲ့ အကြိုအပို့လုပ်ခြင်းဟာ ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်ရာကျတယ်။ ဥပဒေချိုးဖောက်မှုနဲ့ အရေးယူခံရမယ်လို့ ကြေညာတာ ကြားလိုက်ရပါတယ်။ မကြာမီ ၂၀၁၀ မှာ ကျွန်တော်တို့ဆီမှာလည်း ရွေးကောက်ပွဲတွေ ကျင်းပကြပါလိမ့်မယ်။ အထက်က ဥပမာတွေကို သင်ခန်းစာယူပြီး လွတ်လွတ်လပ်လပ် မျှမျှတတနဲ့ အသည်းကြားက မဲတစ်ပြားကို အသုံးချနိုင်ရင်တော့ အကောင်းဆုံးနေမှာပေါ့ ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၉ခုနှစ်။*

## သူရဲကောင်း သုံးယောက်

ယခုလောလောဆယ် ကမ္ဘာမှာ လူသိများပြီး စိတ်ဝင်စားနေတဲ့ အရာသုံးခုကတော့ အီရန်သမ္မတရယ်၊ ဝက်တုပ်ကွေးရယ်၊ မြောက်ကိုရီးယား ဒုံးကျည်ရယ်ပဲ ဖြစ်ပါတယ်။ ဆရာကြီး အလက်ဇန္ဒားဒူးမားသာ အသက်ထက်ရှားရှိသေးရင် ခေတ်သစ်သူရဲကောင်းသုံးယောက် ဝတ္ထုများ ရေးဖြစ်မလား မသိဘူး။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက A/H1N1 (ဝက်တုပ်ကွေး) ကို A ဆင့်ခြောက် နိုင်ငံတကာ ကပ်ရောဂါA ဖြစ်ရာထူးတိုးပေးလိုက်ရတဲ့ A ခြေA နေ ရောက်သွားပါပြီ။ ဥရောပကနေ A ခုတော့ A ၁ရှ-ပစိဖိတ်ဒေသကိုပါ ဒီရောဂါ ခြိမ်းခြောက်နေပြီ။ ဂျပန်၊ ဩစတြေးလျသာမကဘူး ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားတို့မှာလည်း ဖြစ်ပွားနေပြီ။ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားပါ မကျန်တော့ဘူးဆိုတော့ ကျွန်တော်တို့နိုင်ငံကို ကူးစက်မလာရေA ၁င် A ထူးဂရုစိုက် ကာကွယ်ကြဖို့ပဲ လိုပါတယ်။ (A ခုလောလောဆယ်ကို တချို့ စိုးရိမ်တတ်တဲ့သူတွေဟာ လူထူထူထဲ သွားလာတဲ့A ခါ နှာခေါင်းကာ တပ်သွားနေတာ တွေ့ရပါတယ်)

A ခုဆိုရင် နောက်ဆုံး ထုတ်ပြန်ချက်သတင်းA ရ ဒီ A/H1N1 တုပ်ကွေးရောဂါဟာ နိုင်ငံပေါင်း ၁၀၀ က လူပေါင်း ငါးသောင်းကျော်ကို ကူးစက်ပြန့်ပွားနေပြီး သေဆုံးသူဦးရေက ၂၃၁ ဦး ရှိခဲ့ပြီလို့ ဆိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ A သက် ၄၉ နှစ်A ရွယ် A မျိုးသမီးတစ်ဦး ဒီရောဂါနဲ့ သေဆုံးခဲ့ပြီး သူမဟာ A ၁ရှမှာ ဒီရောဂါနဲ့ ပထမဆုံး သေဆုံးသူA ဖြစ် စံချိန်ဝင်သွားပါတော့တယ်။ (ဒီလို စံချိန်မျိုးတော့လည်း မလိုချင်ကြပါဘူး) A`ဒီA ထဲမှာ ကံထူးတဲ့သူက A က်ဂါဟာနန်ဒက်ပါ။ သူက A သက် ၅ နှစ်သာရှိသေးတဲ့ မက္ကစီကိုနိုင်ငံက ကလေးတစ်ယောက် ဖြစ်ပါတယ်။ သူဟာ ပထမဆုံး A/H1N1 ရောဂါ စတင်ဖြစ်ပွားခဲ့တဲ့သူပါ။ A သက်တော့ မသေခဲ့ပါဘူး။ သူ့ကြောင့် ဒီရောဂါဟာ စတင်ပြီး ကမ္ဘာမှာ ထင်ရှားလူသိများလာခဲ့တာကြောင့် သူ့ပုံကို ရုပ်ထုသွန်းလုပ်ထားဖို့ A စိုးရက ထုတ်ပြန်ကြေညာထားပါတယ်။ သူနေထိုင်တဲ့ ရွာကလေးဟာလည်း A ခုဆို ကမ္ဘာလှည့် ခရီးသည်တွေကို ဆွဲဆောင်နိုင်တဲ့ နေရာတစ်ခု ဖြစ်နေပါတယ်။ ကုသိုလ်ထူးတဲ့ လူကတော့ A ရှုံးထဲက A မြတ်ရခဲ့တာပေါ့။

A စ္စရေးနိုင်ငံကို ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်သွားေA ၁င် လုပ်ရမယ်လို့ မဆင်မခြင် ခပ်ကြမ်းကြမ်း စကားပြောတတ်တဲ့ ဘိုင်ကြီး A မာဒီနီဂျက်ပဲ Aီရန်သမ္မတရွေးကောက်ပွဲမှာ A နိုင်ရခဲ့ပြန်တယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို တောင့်တ မျှော်လင့်နေတဲ့သူတွေA တွက် ရင်လေးစရာ ဖြစ်ခဲ့ပါတယ်။ (A`ဒီရွေးကောက်ပွဲမှာ မဲလိမ်လည်မှုတွေ ရှိတယ်ဆိုပြီး Aီရန်နိုင်ငံမှာ A တိုက်A ခံ ထောက်ခံသူတွေက ဆန္ဒပြပွဲတွေ ဆင်နွှဲနေပါတယ်။ ဒီနီဂျက်ရဲ့နှိမ်နင်းပုံတွေက ပြင်းထန်တဲ့A တွက် နိုင်ငံတကာနဲ့ ကုလသမဂ္ဂ A တွင်းရေးမှူးချုပ်ကိုယ်တိုင် ဝင်ရောက်ပြီး ဟန့်တားစကားပြောနေတာ ကြားရပါတယ်)

ရန်သူတော် A စ္စရေးကတော့ A မာဒီနီဂျက် A ရွေးခံရတာကိုပဲ ဝမ်းသာA ၁းရ 'ဗရာဘို' လုပ်လိုက်ကြပါတယ်။ သူ့လို A စွန်းရောက်တစ်ဦး သမ္မတဖြစ်သွားမှ Aီရန်နဲ့ ရင်ဆိုင်ရတဲ့A ခါ နိုင်ငံတကာက A စ္စရေးကို A ပြည့်A ဝ ထောက်ခံကြမယ့် A ချက်ကို မျှော်တွေးပြီး ကြိုဆိုလိုက်တာပေါ့။ A မာဒီနီဂျက်ရဲ့ A ဓိကပြိုင်ဘက် မူဆာဗီကတော့ A လယ်A လတ်သမားဆိုတော့ Aီရန်ဆန့်ကျင်ရေးဟာ

အများအတွက် သွေးအေးသွားနိုင်တဲ့ အလားအလာ ရှိပါတယ်။ မူဆာဗီကို ထောက်ခံကြတဲ့သူတွေက ပြုပြင်ရေးဝါဒီတွေ၊ ပညာတတ်တွေ၊ မြို့နေလူလတ်တန်းစားတွေ၊ ဘာသာရေးနဲ့ နိုင်ငံရေးကို ခွဲခြားထားချင်တဲ့သူတွေပေါ့။ မူဆာဗီက အမာဒီနီဂျက်နဲ့ပတ်သက်ပြီး ပြောရာမှာလည်း "သူဟာ အီရန်ကို အာဏာရှင်နိုင်ငံဘ၀ ရောက်အောင် တွန်းပို့နေတယ်။ သူ့ရဲ့နိုင်ငံခြားရေးမူဝါဒဟာ ကိုယ်ရည်ကိုယ်သွေးမှု အပေါ် အခြေခံတဲ့ ပေါ့ပျက်ပျက် စွန့်စားရေးဝါဒ" လို့ ဆိုထားပါတယ်။ ခက်တာက အခုထိ အာဏာရှိနေဆဲ ဖြစ်တဲ့ ဘာသာရေးခေါင်းဆောင်ကြီး ခိုမေနီက အမာဒီနီဂျက်ကို အကာအကွယ်ပေး ထောက်ခံနေတာပဲ ဖြစ်ပါတယ်။ အီရန်ရဲ့ နျူကလီးယားစက်ရုံ တည်ဆောက်နေတဲ့ ကိစ္စကလည်း ကမ္ဘာ့အလယ်မှာ အလေးထားရမယ့်ပြဿနာ ဖြစ်နေပါတယ်။

လာမယ့်ဘေး ပြေးတွေ့မယ် ဆိုသူကတော့ မြောက်ကိုးရီးယားက ကင်ဂျုံအီ ဖြစ်ပါတယ်။ သူကတော့ ပါရှန်းတွေလို နျူကလီးယားစက်ရုံဟာ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ဖို့ သက်သက်ပါလို့ အီယောင်ဝါးအကြောင်းပြ မနေပါဘူး။ ပြောင်ပြောင်တင်းတင်းပဲ နျူကလီးယားလက်နက် ထုတ်လုပ်ဖို့လို့ ဆိုပါတယ်။ လုံခြုံရေးကောင်စီက အရေးယူဖို့ စီစဉ်တာကိုလည်း ဂရုစိုက်ဟန် မတူပါဘူး။ အခု နောက်ဆုံးသတင်းအရ (ဂျပန်နိုင်ငံ ထောက်လှမ်းရေးအဖွဲ့၏ အဆို) အမေရိကန် ဟာဝိုင်အီကျွန်းကို အဏုမြူထိပ်ဖူးတပ် ဒုံးပျံနဲ့ (ခရီးက မိုင် ၄၅၀၀ လောက်ကွာဝေးတယ်) ပစ်ခတ်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့ ဇူလိုင်လ ၄ ရက်နေ့ကို တားဂတ်ဒိတ်အဖြစ် သတ်မှတ်ထားသေးတယ်တဲ့။ နောက်ဂျပန်နိုင်ငံရဲ့ အိုကီနာဝါကျွန်းကိုလည်း ပစ်ခတ်နိုင်ပါတယ်။ သူ့ကိုယ်သူ ကာကွယ်ဖို့ ဒုံးခွင်းဒုံး အစီအစဉ်တွေရှိတဲ့ အမေရိကန်ဟာ အခုတော့ ဂြိုဟ်တုကတဆင့် စက္ကန့်မလပ် စောင့်ကြည့်နေရတဲ့ အခြေအနေ ရောက်နေပါပြီ။ နျူကလီးယားစစ်ပွဲဟာ အာရှက စတယ်ဆိုရင်တော့ သမိုင်းမှာ မျက်နှာပျက်စရာတော့ ဖြစ်တော့မှာပေါ့ ခင်ဗျာ။

## ကလေးတို့ ဝမ်းမြောက်ဖွယ်

ဒီသတင်းကတော့ ကျောနဲ့ ကြိမ်နဲ့ ပြတ်တယ်လို့ မရှိတဲ့ နပ်ချေးထူ၊ နပ်ချေးယိုနဲ့ နပ်ချေးတွဲလောင်းတို့အတွက် ဝမ်းမြောက်စရာ သတင်းပါပဲ။ မြို့နယ်ငါးခုမှာ စတင်ပြီး 'ကလေးသူငယ်များအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ထိရောက်တဲ့ အရေးယူမှုတွေ ပြုလုပ်တော့မယ်' ဆိုတဲ့ သတင်းပါပဲ။ အဲဒီမြို့နယ်တွေက ကွမ်းခြံကုန်း၊ ဒလ၊ ရွှေပြည်သာနဲ့ ပုဂံ(ညောင်ဦး)၊ လှိုင်တာယာတို့ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဌာနက အရာရှိတစ်ဦး ဦးစီးပြီး 'ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကော်မတီ' ဖွဲ့စည်းဆောင်ရွက်တော့မယ်တဲ့။ မြို့နယ်တော်တော်များများမှာလည်း အထူးသဖြင့် လက်ဖက်ရည်ဆိုင်နဲ့ စားသောက်ဆိုင်တွေမှာ ကလေးသူငယ် အရွယ်မရောက်သေးတဲ့ စားပွဲထိုးတွေကို အလွယ်တကူ မြင်တွေ့နိုင်ပါတယ်။ (အဲဒါဟာ ၁၈နှစ်ပြည့်မှ ခိုင်းရမယ်ဆိုတဲ့ အလုပ်သမား ဥပဒေနဲ့လည်း ငြိစွန်းနေပါတယ်) အဲဒီကလေးတွေဟာ မဖြစ်စလောက် လစာနဲ့ ထမင်းစား ကျွန်ခံ သဘောမျိုး တစ်နေ့ ၁၂ နာရီလောက် အလုပ်လုပ်ရပြီး ဆိုင်ရှင်တွေရဲ့ မထင်ရင် မထင်သလို နှိပ်စက်ကလူ ပြုမှုတွေကို ခေါင်းငုံ့ခံနေကြရပါတယ်။ အခုတော့ အကာအကွယ် ရတော့မယ် ထင်ပါတယ်။ ဒီထုတ်ပြန်ချက်ဟာ မိဘတွေအတွက်လည်း အကျိုးဝင်ပါတယ်။ တချို့မိဘတွေဟာ သားသမီးကို ဆုံးမတယ်ဆိုပြီး လူနဲ့လက်နက်နဲ့မမျှ၊ ကျွဲရိုက် နွားရိုက် ရိုက်တတ်ပါတယ်။ ခါးမနဲ့ပေါက်လို့ သေတယ်ဆိုတာတောင် ဖတ်ရဖူးပါတယ်။ ဒီတော့ ကိုယ့်သားသမီးကိုယ် ရိုက်ရင်လည်း ဒီဥပဒေနဲ့ မငြိအောင် ဆင်ဆင်ခြင်ခြင် ရှိကြဖို့ လိုနေပါပြီ။ အရွယ်မရောက်ခင် သားသမီးမွေးပြီး ခိုင်းစားချင်တဲ့ အဲသလို မိဘတွေကြောင့် ကျောင်းနေရမယ့် အရွယ်ကလေးတွေကလည်း စာသင်ခန်းနဲ့ ပြတ်နေကြရပါတယ်။ ၁၉၉၃ ခုနှစ်က အာဆီယံထိပ်သီး အစည်းအဝေးက ၂၀၂၀ ပြည့်နှစ်မှာ ဒီဒေသအတွင်း ကလေးသူငယ်အားလုံး အခြေခံပညာ တတ်မြောက်ကြရမယ်လို့ ဆုံးဖြတ်ချက်ချ လျာထားခဲ့ကြပါတယ်။ ကုလသမဂ္ဂရဲ့ ထောင်စုနှစ် ရည်မှန်းချက်မှာလည်း ၂၀၁၅ ခုနှစ်မှာ ကမ္ဘာတစ်ဝန်းလုံးက ကလေးသူငယ်တွေ မူလတန်းပညာ သင်ယူတတ်မြောက်ရမယ်ဆိုတာ ပါပါတယ်။ အခုအချိန်မှာလည်း လူမှုဝန်ထမ်းဌာနက လမ်းပေါ်နေ ကလေးများ ပပျောက်ရေးကို စီမံကိန်းချ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လမ်းပေါ်နေ ကလေးတွေဟာ လျော့သွားတယ်မရှိဘဲ တိုးတိုးလာနေတယ်လို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုညွှန်ချုပ် ဦးအောင်ထွန်းခိုင်က ၁၂-၅-၂၀၀၉ ရက်နေ့က ပြောကြားခဲ့တယ်ဆိုတဲ့ သတင်းလည်း ဖတ်ရပါတယ်။

ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံကို မဆိုထားနဲ့ အာရှမှာ စီးပွားရေးအရ ခေါင်းဆောင်နေတဲ့ အိန္ဒိယလို နိုင်ငံကြီးရဲ့ အဓိကမြို့တော် မွန်ဘိုင်း ပတ်ဝန်းကျင်မှာကို ဒီလို အခြေအနေမဲ့ ကလေးငယ်တွေ မှိုလိုပေါက်နေတာ မျက်မြင်ပါပဲ။ အဲဒီအကြောင်း ရိုက်ပြခဲ့တဲ့ Slumdog Millionaire ဆိုတဲ့ ဇာတ်ကားဟာ အော်စကာဆုတွေ တသီကြီး ရသွားပြီး ကမ္ဘာကျော်သွားခဲ့တယ်။ အဲဒီထဲက သရုပ်ဆောင်ကလေးတွေ သဘာဝကျတာလည်း မပြောနဲ့။ သူတို့ကိုယ်တိုင်က အပြင်မှာလည်း တကယ့်ကျူးကျော်ရပ်ကွက်ထဲမှာ ကြီးပြင်းလာကြတဲ့ အခြေအနေမဲ့ ကလေးတွေကိုး။ တစ်လောကတော့ အဲဒီအထဲက သရုပ်ဆောင် ကလေးနှစ်ယောက် (အဇာဂူဒင်မိုဟာမက်နှင့် ရူဘီနာအလီ)ရဲ့ ကျူးကျော်တဲတွေဟာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ဖျက်သိမ်းတဲ့အထဲမှာ ပါသွားပြီး နှစ်ယောက်လုံး ဘုံပျောက်တာ တကယ့်ကို ရုပ်ရှင်ထဲကအတိုင်း အပြင်မှာလည်း အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြပါတယ်။

အခုတော့ အဆင်ပြေသွားပြီ။ သူတို့ ပါဝင်တဲ့ ရုပ်ရှင်ကားက ငွေကြေးအရပါ အောင်မြင်မှု ရရှိခဲ့တဲ့အတွက် ထုတ်လုပ်သူက ကလေးနှစ်ယောက်ကို ရူပီးငွေနှစ်သန်းခွဲလောက်တန်တဲ့အိမ်ခန်းတွေ တစ်ယောက်တစ်ခန်း ဝယ်ပေးခဲ့ပါတယ်။ ဒီကြားထဲ အစိုးရကလည်း ဒီကလေးတွေကို တိုက်ခန်းတစ်ခန်းစီ ပေးဖို့ စီစဉ်နေတယ်ဆိုတော့ သားရွှေအိုး ထမ်းလာတဲ့ကိန်းလို့ပဲ ဆိုရတော့မှာပေါ့ ခင်ဗျာ။ ဒါပေမယ့် အာရှ ပစိဖိတ်ဒေသမှာ ရှိတဲ့ သန်းပေါင်းများစွာသော ဆင်းရဲမွဲတေနေတဲ့ ကလေးတွေ သူတို့လို ကံကောင်းဖို့ ဆိုတာကတော့...။

*ရယ်စရာမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၉ခုနှစ်။*

## စာအုပ်အရောင်းမြှင့်တင်ရေး

ကမ္ဘာမှာ ဖြစ်ပေါ်ခဲ့တဲ့ ရီဆက်ရှင်း ခေါ်တဲ့ ငွေကြေး အကျပ်အတည်းဟာ A/H1N1 လိုပဲ နိုင်ငံတစ်ကာကို ကပ်ရောဂါတစ်ခုလို ကူးစက်သွားခဲ့တဲ့A တွက် ကျွန်တော်တို့ မြန်မာနိုင်ငံလည်း ထိုက်သင့်သလောက် A ရိုက်ခတ်ခံခဲ့ရတာ ဝန်ခံရပါလိမ့်မယ်။ A ဘက်ဘက် စီးပွားရေးနယ်ပယ်တွေမှာ ထိခိုက်သလို ကျွန်တော်တို့ စာပေလောကမှာလည်း ထိခိုက်ခဲ့ပါတယ်။ စာA ုပ်တန်းမှာ ဈေးဝယ်သောသူ မရှိသလောက် နည်းပါးပြီး ခြောက်ကပ် တိတ်ဆိတ်နေတာ မြင်ရတယ်။ စာA ုပ် A ရောင်းကျတယ်။ စာA ုပ်ဈေးကွက် မပျက်ေA ာင် A မျိုးမျိုး ကြိုးစားကြရတယ်။ A ်ဒါကတော့ စာA ုပ်စာပေကို လူတွေစိတ်ဝင်စားေA ာင် နည်းA မျိုးမျိုး A သုံးပြုဆွဲဆောင်လာတာပဲ။ စာပေတိုက်တွေA လိုက်၊ တစ်တိုက်ချင်းပဲ ဖြစ်ဖြစ်၊ စုပေါင်း၍ပဲဖြစ်ဖြစ် စာA ုပ်A ရောင်းပြပွဲတွေ လုပ်တယ်။ A ်ဒီမှာ ဈေးလျှော့ရောင်းတယ်။

စာA ုပ်ဖြန့်ချိတဲ့A ခါ A ်ဒီစာA ုပ်ကို ပြုစုရေးသားတဲ့ စာရေးဆရာကိုယ်တိုင် A ရှင်လတ်လတ် ထိုင်ပြီး လက်မှတ်ထိုးပေးတယ်။ ထိုက်သင့်သလောက် ေA ာင်မြင်ပါတယ်။ ဒီလို ကိုယ်သဘောကျတဲ့ စာရေးဆရာကို မြင်လိုက်ရတော့ ကျေနပ်မှုရမှာA မှန်ပါပဲ။ နိုင်ငံခြားမှာလည်း ဒီလို ဓလေ့တွေ ရှိပါတယ်။ ပေါ်လိုကိုးဟိုဆို A ်ဒီဘက်မှာ နာမည်ကြီးပါပဲ။ သူ့လက်မှတ်ကလေး ရဖို့ လေးငါးနာရီ တန်းစီရတဲ့A ခါတွေ ရှိပါတယ်။

တချို့ကတော့ စာနယ်ဇင်းသမားတွေ စုံစုံညီညီ ဖိတ်ပြီး စာA ုပ်မိတ်ဆက်ပွဲ လုပ်တယ်။ တကယ်တော့ စာA ုပ်မိတ်ဆက်ပွဲဆိုတာ A ခုမှ စာပေလောကထဲ ဝင်လာတဲ့ ကလောင်သစ်ကလေးကပဲ A စဉ်A လာA ရ လုပ်ခဲ့ကြတာပါ။ A ခုတော့ ကလောင်တစ်ပတ်နွမ်းတွေ၊ ကလောင်မရင့်တရင့်တွေကပါ လုပ်လာကြတာ တွေ့ရပါတယ်။ ဩစတြေးလျရောက် မနောဟရီက စင်ထရယ်ဟိုတယ်မှာ ၃၅ A ုပ်မြောက် စာA ုပ်မိတ်ဆက်ပွဲလုပ်လို့ ကျွန်တော် ရောက်သွားပြီး စကားနည်းနည်း ပြောခဲ့ရသေးတယ်။ တစ်ခါကတော့ ပန္နမ်ဒီရိုင်းဟာ သူ့ရဲ့ 'တက္ကသိုလ် လူပျော်' စာA ုပ် မိတ်ဆက်ပွဲကို A ဒရုပလာဇာဟိုတယ်မှာ လုပ်ပြန်တယ်။ ဒါက သူ့ရဲ့ တတိယမြောက် စာA ုပ်မိတ်ဆက်ပွဲ ခင်ဗျာ။ နှစ်ထပ်ရှိမှ မှတ်မိတယ် ဆိုတာထက်တောင် နည်းနည်းလွန်နေပြီ။ နောက်တော့ ဆရာချမ်းမင်းA ိမ်။ (A င်း... လုံးချင်းလောကမှာတော့ လူငယ် လက်တက်ကလေးလို့ ပြောလို့ရတယ်ပေါ့) လင်းညှို့သွေး၊ ပန်းရတု၊ နှင်းသီရိ ကျက်သရေစသဖြင့် A ခုA ချိန်မှာ ဒီလို စာA ုပ်မိတ်ဆက်ပွဲလေးမှ မလုပ်လိုက်ရရင် ခေတ်မမီတဲ့ A ခြေA နေ ရောက်နေပြီ။ ဒါကြောင့် ဆရာသရဝဏ်တောင် နောက်က ပြေးလိုက်ဖို့ ကြံနေပြီ။

ကောင်းပါတယ်။ စာA ုပ်ကို လူတွေ စိတ်ဝင်စားေA ာင် လုပ်တာ ကောင်းတာပေါ့။ ဒါမှ ရောင်းရမယ်။ စာA ုပ်ရောင်းရမှ စာပေလောကကြီးလည်း A ရှည်သဖြင့် တည်တံ့နိုင်မယ်။ ဘာကြောင့်လဲဆိုတော့ A ပျော်ဖတ်စာပေဆိုတာ A ဓိကA ားဖြင့် ဖွတ်ကလီဒင်္ဂါးပေါ်မှာ A ခြေတည်ဆောက်ထားရတာကိုး။ (တကယ်တမ်းပြောရရင်တော့ A ဆင့်မြင့်စာပေဆိုတဲ့ Literature ဆိုတာကလည်း ရောင်းရဖို့တော့ လိုတာပါပဲခင်ဗျာ) ဒီတော့ ရောင်းရေA ာင် လုပ်တာ A ပြစ်ဆိုစရာ မရှိပါဘူး။ မကြာခင်က ထုတ်ဝေလိုက်တဲ့ ကျွန်တော်တို့ရဲ့ ညီမတော် ယဉ်မင်းဦးရဲ့ ပရမတ္တA လင်္ကာဆိုတဲ့ (A ပျော်ဖတ်စာပေ

မဟုတ်ပါ။ ဘာသာရေးဆောင်းပါး ပေါင်းချုပ် ဖြစ်ပါသည်) စာအုပ်လေးဟာ MRTV 4 ရဲ့ အရောင်းရဆုံး စာအုပ်စာရင်းမှာ သုံးလေးပတ်လောက် စာရင်းဝင်တာ တွေ့လိုက်ရပါတယ်။ ထူးခြားတာတစ်ခုက သူ့စာအုပ် ဝယ်ယူသူတိုင်းကို ဗုဒ္ဓဂါယာက ဝယ်ယူပူဇော်တဲ့ သစ်ကနက် နဂါးဆင်းတုတော်တွေကို ကံစမ်းမဲ ဖောက်ပေးခြင်းပါပဲ။ အရောင်းမြှင့်တင်နည်း တစ်မျိုးလို့ ဆိုနိုင်တာပေါ့။ တလောက ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ်မှာလည်း People မဂ္ဂဇင်းက မဂ္ဂဇင်းနဲ့အတူ ဗီစီဒီတစ်ချပ်ကို အခမဲ့ မေတ္တာလက်ဆောင် ထည့်ပေးထားတယ်လို့ သိလိုက်ရတယ်။ ကျွန်တော့်မိတ်ဆွေကြီး ကာတွန်း ကိုဆန်းထွန်းတို့ လုပ်နေတဲ့ ပုတက် ကလေးကာတွန်းစာအုပ်မှာလည်း ဒီလို ဗီစီဒီအခွေလေးတွေ လက်ဆောင်ပါနေတာ တွေ့ရပါတယ်။ တချို့ ဆေးမဂ္ဂဇင်းတွေကတော့ ငုံဆေးပြားတို့ ဘာတို့ကို ပူးတွဲ လက်ဆောင်အဖြစ် ထည့်ပေးတယ်လို့ သိရပါတယ်။

ဂျပန်မှာတော့ ခပ်ဆန်းဆန်း ခင်ဗျ။ အဲဒီ နေမျိုးနွယ် ကိုဂျူဆူဇူကီ (Koji Suzuki) ဟာ သရဲဝတ္ထု ရေးတဲ့နေရာမှာ ဟောလီးဝုဒ်က Ring အမည်နဲ့ ရိုက်ထားတာ ကြည့်ဖူးကြလိမ့်မယ်ထင်ပါတယ်) အခု သူဟာ သူ့ဝတ္ထုတစ်ပုဒ်ကို အိမ်သာသုံး စက္ကူပေါ်မှာ ရိုက်နှိပ် ထုတ်ဝေလိုက်တယ်လို့ သိရပါတယ်။ အဲဒီ Drop လို့ အမည်ရှိတဲ့ ဝတ္ထုကို ပေ ၃၀ ရှိတဲ့ စက္ကူလိပ်မှာ ရိုက်နှိပ်ထားပြီး မိနစ်အနည်းနယ်နဲ့ ဖတ်ရှုနိုင်တယ်လို့ ဆိုပါတယ်။ ဒါကလည်း ဂျပန်အတော်များများရဲ့ အိမ်သာထဲ သရဲရှိတယ်ဆိုတဲ့ အယူသီးမှုကို အမြတ်ထုတ်ထားတာ ဖြစ်ပါတယ်။ စာတစ်လုံး ဘုရားတစ်ဆူလို့ အယူရှိခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံမှာတော့ ဘယ်ဖြစ်နိုင်မှာလဲ ခင်ဗျ။

မကြာသေးမီကတော့ လတ်တေဇအောင် ဆိုတဲ့ လုံးချင်းစာရေးဆရာပေါက်စလေး တစ်ယောက်က ကျွန်တော့်ကို အထင်တကြီးနဲ့ အကြံဉာဏ်တောင်းတယ်။ "ကျွန်တော့်စာအုပ်တွေ သိပ်မရောင်းရလို့ ရောင်းရအောင် ဘယ်လိုလုပ်ရမလဲ ဆရာတဲ့" ဒါနဲ့ ကျွန်တော်က သင့်မြတ်တဲ့ အကြံဉာဏ်ပေးလိုက်တယ်။ "မင်းစာအုပ်ကို အမေရိကန်သမ္မတ အိုဘားမားကို လက်ဆောင်ပေးလိုက်" လို့။ အမှန်ပဲခင်ဗျ။ မကြာသေးခင်က အိုဘားမားကို တွေ့ဆုံဆွေးနွေးပွဲတစ်ခုမှာ ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်က စာအုပ်တစ်အုပ် လက်ဆောင်ပေးခဲ့တယ်။ Eduardo Galeano ရေးတဲ့ Open Veins of Latin America ဆိုတဲ့ စာAုပ်ပဲ။ လက်တင်Aမေရိကနိုင်ငံတွေက Aမေရိကန်Aပေါ် မြင်တဲ့Aမြင်ပေါ့။ A`သလို ပေးပြီး နောက်တစ်ရက်မှာ A`ဒီစာAုပ်ဟာ Amazon.com Aမေဇုန်ဝက်ဘ်ဆိုက်မှာ Aရောင်းရဆုံး နံပါတ် ၂ နေရာကို ရောက်ရှိသွားတယ်တဲ့။ ကဲ... ဒီAရောင်းမြှင့်တင်ရေးနည်းလေးကတော့ သုံးကြည့်ဖို့ မသင့်ပါလား ခင်ဗျာ။

## ဥသျှစ်သီး ကြွေကျခြင်း

စကြဝဠာဟာ Big Bang ဆိုတဲ့ မဟာပေါက်ကွဲမှုကြီးက စတင်တယ် ဆိုတဲ့ စတီဖင်ဟော့ကင်းရဲ့ အယူဝါဒကို ယခုအခါ သိပ္ပံပညာရှင်တော်တော်များများက ယုံကြည်လက်ခံထားခဲ့ကြပါတယ်။ အဲဒီလို ပေါက်ကွဲမှုကနေ အာကာသဟင်းလင်းပြင်ထဲမှာ အင်မတန် ကြောက်စရာကောင်းတဲ့ အလင်းရောင်တောင် မလွတ်အောင် စုပ်မျိုနိုင်တဲ့ တွင်းနက်ကြီးတွေ (Black Hole) ဖြစ်ပေါ်လာတယ်လို့လည်း ယူဆကြတယ်။ အဲဒီလို စကြဝဠာအစ အခြေအနေတွေကို တုပဖန်တီးဖို့အတွက် LHC ခေါ်တဲ့ စက်ကြီးတစ်ခုကို သိပ္ပံပညာရှင် တစ်သောင်းကျော်ဟာ စီမံကိန်းဖွဲ့ပြီး စုပေါင်းတည်ဆောက်ခဲ့ကြတယ်။ အဲဒီစက်ကြီး Large Hardon Collider ဟာ မြေအောက်မှာ ၁၇ မိုင် ရှည်လျားတဲ့ ဥမင်တစ်ခု ဖြစ်ပြီး ပြင်သစ် ဆွစ်ဇာလန်နယ်စပ်မှာ ရှိပါတယ်။ အဲဒီစက်ကြီးရဲ့ ကုန်ကျစရိတ်က ယူရိုငွေ ၄ ဒသမ ၄ ဘီလျံ ရှိတယ်။ အဲဒီစက်ကြီးရဲ့ ခလုတ်တွေကို ဖွင့်လိုက်ရင် ကမ္ဘာကြီး ပေါက်ကွဲပျက်စီးသွားလိမ့်မယ်လို့ ကောလဟာလတွေလည်း ထွက်ခဲ့တယ်။ တချို့ ရုပ်မြင်သံကြားလိုင်းခွဲတွေကလည်း ကမ္ဘာပျက်ကိန်း ရှိတယ်လို့ ခန့်မှန်းတွေးတောခဲ့ကြတယ်။ အဲဒီရုပ်သံသတင်းကို ကြည့်ပြီး ကြောက်ရွံ့သွားတဲ့ အိန္ဒိယက ၁၆ နှစ်သမီးလေး ချာယာဟာ ကမ္ဘာပျက်မှာ ကြောက်ပြီး သူ့အိမ်မှာ အဆိပ်သောက် သေသွားရတယ်။

တကယ်တမ်း အဲဒီစက်ကြီးကို လည်တော့ ကမ္ဘာမပျက်ဘဲ အဲဒီစက်ကြီးဟာ ပျက်သွားတာ တွေ့ရတယ်။ ပြန်ပြင်ရင်လည်း ပြင်စရိတ်က ၁၄ သန်းလောက် ကုန်ဦးမယ်တဲ့။ ကဲ... နေရာတကာ တွေးကြောက်မနေဖို့ တွေးမိကြအောင် ပြောလိုက်ရပါတယ် ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၇ခုနှစ်။*

## နွားနို့၊ နွားကျင်ငယ်ရည်၊ ဗော့ဒ်ကာနဲ့ ကိုယ်ဝန်ဆောင်စက်

ဒီတစ်ပတ်တော့ ဖတ်လိုက် သိလိုက်ရတဲ့ တိုတိုထွာထွာ မှတ်စရာလေးတွေအကြောင်း ဖောက်သည်ချချင်ပါတယ်။ 'မင်းက နို့မသောက်ဘူးလား' ကျွန်တော်ပြောတဲ့စကား မဟုတ်ပါ။ မော်ဒယ်လ်ဂဲလောကရဲ့ မိခင်ကြီးဆိုတဲ့ တင်မိုးလွင်ရဲ့ PEP နို့မှုန့်ကြော်ငြာက အဖွင့်စကားပါ။ ညတိုင်း ရုပ်မြင်သံကြား၊ ကြော်ငြာမှာ တွေ့မြင်နေကြမယ် ထင်ပါတယ်။ တင်မိုးလွင်ကို အားနာလို့ပဲ သောက်သောက်၊ ကိုယ်တိုင် နွားနို့ကို ကြိုက်လို့ပဲ သောက်သောက်၊ နွားနို့ ဝယ်တော့မယ်ဆိုရင် သတိထားရမယ့် အချက်ကလေးတွေ ရှိပါတယ်တဲ့။ ကြည်လင်တဲ့ နွားနို့ပုလင်းတွေ ထည့်ထားတဲ့ မှန်ပုံးတွေက နွားနို့ပုလင်းကို ယူမယ်ဆိုရင် နောက်ဘက် ခပ်ကျကျ အမှောင်ထဲက ပုလင်းကို ယူပါတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အလင်းရောင်ထဲမှာ ထားတဲ့ နွားနို့ဟာ အောက်ဆီဂျင်နဲ့ ဓါတ်ပြုပြီး အရသာ ပျက်စီးသွားတတ်လို့ပါတဲ့။ ဒါကြောင့်လည်း နွားနို့တွေကို အလင်းပိတ် အရာဝတ္ထုဖြစ်တဲ့ စက္ကူကတ်ထူဘူးတွေထဲမှာ ထည့်ရောင်းကြတာပေါ့။ ဒါက နွားနို့ဝယ်တဲ့သူတွေ သတိထားရမယ့် အချက်ပေါ့။

တချို့ကတော့ နွားနို့ မကြိုက်ကြဘူး။ ဖျော်ရည်မျိုးစုံကိုတော့ စုံစုံမက်မက် သောက်သုံးကြတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းမှာ ကုတ်ယဉ်ကျေးမှု (ကိုကာကိုလာ ယဉ်ကျေးမှု) ရယ်လို့ ပေါ်ပေါက်လာခဲ့တာပေါ့။ ဖျော်ရည်တွေကလည်း အမယ်စုံ တံဆိပ်အစုံပါပဲ။ ညည ရုပ်မြင်သံကြား ကြော်ငြာတွေ စောင့်ကြည့်ရင်တော့ တွေ့ရပါလိမ့်မယ်။ လိမ္မော် သောက်မလား၊ စတော်ဘယ်ရီ သောက်မလား၊ ကမ္ဗလာ သောက်မလား၊ မန်ကျည်း၊ စပျစ် သောက်မလား၊ ဒါမှမဟုတ် အရော သောက်မလား။ အဲဒါကိုမှ မကျေနပ်နိုင်သေးဘဲ ဆန်းဆန်းပြားပြား သောက်ချင်သူတွေအတွက် ထပ်ထွင်လိုက်ပြန်ပါတယ်။ အိန္ဒိယ အမျိုးသားရေးဝါဒီ လှုပ်ရှားမှုအဖွဲ့က ဂူဂျာဆိုတဲ့ အဖျော်ရည်တစ်မျိုးကို သောက်သုံးရအောင် ဖန်တီးထုတ်လုပ်လိုက်တာပါ။ အဲဒါကတော့ နွားကျင်ငယ်ရည်နဲ့ ပြုလုပ်ထားတဲ့ ဖျော်ရည်တဲ့။ နွားကျင်ငယ်ရည်နဲ့ စိမ်ထားတဲ့ ဖန်ခါးသီးဟာ ဘုရားရှင်လက်ထက်တော်ကတည်းက ထိရောက်တဲ့ ဆေးနိုင်ဆေးတစ်မျိုး ဖြစ်ခဲ့ပါတယ်။ ဂူဂျာဖျော်ရည်ဟာ နွားကျင်ငယ်ရည်နံ့ လုံးဝမရှိတဲ့အတွက် လူကြိုက်များနိုင်ပါတယ်။ ကျန်းမာရေးအတွက် ကောင်းကောင်း အထောက်အပံ့ ဖြစ်နိုင်တယ်လို့ ထုတ်လုပ်သူတွေက ပြောပါတယ်။ အဲဒီဖျော်ရည်ကို နိုင်ငံခြားဈေးကွက်ကို တင်ပို့ဖို့အတွက် ရည်ရွယ်ချက်ရှိတယ်လို့ ပြောတဲ့အတွက် တကယ်လို့ မြန်မာနိုင်ငံ ဈေးကွက်ကိုများ ရောက်ရှိလာခဲ့မယ်ဆိုရင်… … …

ဖျော်ရည်တွေ ဘယ်လိုကောင်းကောင်း နွားနို့တွေ ဘယ်လိုကောင်းကောင်း တို့ကတော့ ယမကာဆိုရင် အရက်မှ အရက်ပဲဆိုတဲ့ အသူရာမင်းသားတွေလည်း ရှိပါသေးတယ်။ ရမ်၊ ဘရန်ဒီ၊ ဝီစကီ၊ ဝိုင်စသဖြင့် အမျိုးအစားတွေ စုံလင်လှပါတယ်။ နိုင်ငံအလိုက် နာမည်ကြီးတဲ့ အရက်တွေလည်း ရှိသေးတယ်။ ဂျပန်က ဆာကေ၊ အခု ကိုးရီးယားက ဆိုဂျူ၊ သူတို့မတိုင်ခင်က ယမကာလောကမှာ နာမည်ကြီးတာက ရုရှားနိုင်ငံက ထုတ်လုပ်တဲ့ ဗော့ဒ်ကာ အရက်ပါပဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပစ္စည်းတင်သွင်းတဲ့အခါ ဒီလို စီးကရက်၊ အရက်စတဲ့ ကုန်ပစ္စည်းတွေအပေါ် ကောက်တဲ့ အခွန်ဟာ တော်တော်များပါတယ်။ ဒါကြောင့် ဒီလိုပစ္စည်းတွေကို အကောက်ခွန်လွတ်အောင် နယ်ခြားမှာ ခိုးသွင်းလေ့ရှိကြတယ်။ ရုရှားနဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေတဲ့ အက်စတိုးနီးယားကို ဗော့ဒ်ကာအရက်တွေ ခိုးသွင်းပုံကတော့ နည်းယူမှတ်သား

လောက်ပါတယ်။ လူမြင်သူမြင်လည်း မဟုတ်ဘူး။ ပုလင်းလိုက် သယ်ရတာထက်လည်း ထိရောက်တယ်။ ဘယ်လို ပို့သလဲဆိုတော့ နှစ်နိုင်ငံအကြား သွယ်ထားတဲ့ ရေအောက်ပိုက်လိုင်းကနေတစ်ဆင့် ပို့တာတဲ့။ ကဲ... အကြံမပိုင်ဘူးလား။ ဗော့လ်ကာအရက်ဟာ ရုရှားနိုင်ငံမှာဆိုရင် အက်စတိုးနီးယားမှာထက် သုံးပုံတစ်ပုံ ဈေးချိုတယ်တဲ့။ ဒါဟာ တရားမဝင် အခွန်ရှောင်နည်းပေါ့။ အခုတော့ အကောက်ခွန်ဌာနက ဖော်ထုတ်နိုင်လို့ လူ ၁၁ ယောက်ကို ဖမ်းဆီးအရေးယူထားတယ်တဲ့။

အခုတလော ရေပန်းစားပြီး လူသိများနေတာက အေးမြတ်သူလည်း မဟုတ်၊ စီရော်နယ်ဒိုလည်း မဟုတ်၊ ဘရစ်တနီစပီးယားလည်း မဟုတ်ပါ။ ဝက်ကစဖြစ်လို့ ဝက်တုပ်ကွေးလို့ ခေါ်ရာမှ အခု လူတုပ်ကွေးလို့ ခေါ်ဝေါ်နေတဲ့ A/H1N1 ရောဂါ ဖြစ်ပါတယ်။ ကမ္ဘာA ရပ်ရပ်မှာ ကူးစက်နှုန်း မြန်မြန်နဲ့ ဖြစ်ပွားနေလို့ ကြောက်တတ်တဲ့ သူတွေကလည်း A မျိုးမျိုး တွေးကြောက်ကြပါတယ်။ A`ဒီရောဂါရဲ့ ကာကွယ်ဆေးကလည်း ပေါ်မလာသေးတော့ နှာခေါင်းစည်း ကာဘာကလေးတွေနဲ့ သွားလာနေကြတာ တွေ့ရပါတယ်။ ဘယ်လောက်တောင် A ဝယ်လိုက်သလဲ ဆိုရင် ဈေးကွက်ထဲမှာ A`ဒီနှာခေါင်းစည်းကာဘာတွေ A ဆမတန် ဈေးတက်သွားရုံမက ဈေးကွက်ထဲမှာတောင် ပြတ်လပ်တဲ့A ထိ ဖြစ်သွားပါတယ်တဲ့။ (ဒါပေမယ့် A`ဒီနှာခေါင်းစည်းပဝါကို စနစ်တကျ မှန်မှန်ကန်ကန် မသုံးတတ်တဲ့ သူတွေ များပါတယ်။ ဒါကြောင့် ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးA တွက်ကြောင့် လေးနေတတ်ပါတယ်) တွေးတွေးဆဆရှိတဲ့ ဆရာဝန်ကြီးတစ်ယောက်က (နိုင်ငံတကာမှာလည်း ဒီလို A သိပေးစကားတွေ ပြောနေပါပြီ) လူတုပ်ကွေး ကာကွယ်ဆေးဟာ လေထဲမှာပဲရှိတယ်။ ဒါကြောင့် နှာခေါင်းစည်းပဝါကို A သုံးပြုမနေကြပါနဲ့လို့ တိုက်တွန်းတာ ဖြစ်ပါတယ်။ လေထဲမှာ ပါဝင်တဲ့ A`ဒီ တုပ်ကွေးပိုးကို ရှူရှိုက်မိခြင်းA ၁းဖြင့် ကိုယ်ခံစွမ်းA ၁း (Immunity) မြင့်တက်လာပြီး A`ဒီရောဂါကို ကာကွယ်နိုင်ပါလိမ့်မယ်လို့ A ယူA ဆ ပြောင်းလဲခဲ့တာပါ။ တီဘီဆေး၊ ကျောက်ကပ်ရောဂါဆေး၊ ပိုလီယိုရောဂါဆေး ဆိုတဲ့ ကာကွယ်ဆေး A မျိုးမျိုးဟာလည်း မွေးမြူထားတဲ့ ပိုးA ယဉ်ကောင်တွေကို လူခန္ဓာကိုယ်ထဲ ထည့်သွင်းပြီး (ရောက်စေပြီး) ရောဂါပြီးငA ၁င် ဖန်တီးခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒီဆရာဝန်ကြီးရဲ့စကားဟာ လေးစားလိုက်နာစရာ ကောင်းတယ်လို့ ကျွန်တော်ကတော့ တွေးဆမိပါတယ် ခင်ဗျာ။

သားသမီးA ပေါ် ထားတဲ့ မိဘမေတ္တာဆိုတာ A နှိုင်းမဲ့တဲ့ A ကြောင်း ပြောဆိုရေးသားထားတာတွေကို ကျွန်တော်မကြာခဏ ဖတ် မေ သုတံ မိပါတယ်။ မိဘတိုင်းလိုလိုပဲ ကိုယ့်သားသမီးကို ဆင်စီးမြင်းရံတာ မြင်ချင်တယ်။ ဒါ သဘာဝပဲ။ ဒါကြောင့် တတ်နိုင်သလောက် တတ်နိုင်သူတွေက ချဲ့ကားကြတယ်။ I.L.B.C တို့လို ဈေးကြီးတဲ့ ကျောင်းတွေမှာ ထားကြတယ်။ စင်္ကာပူလွှတ် ပညာသင်ကြတယ်။ ဩစတြေးလျလွှတ်၊ A မေရိကား လွှတ်ပညာသင်ကြတယ်။ ငယ်ငယ် မွေးကင်းစ A ရွယ်ကတည်းက Pre မူကြိုပေါ့။ လသားA ရွယ်ကလေးကို ရင်ခွင်ပိုက်ကျောင်းပို့တဲ့သူက ပို့တယ်။ မိဘပါ A တူလိုက်နေရတယ်။ တစ်ပတ် နှစ်ခါ သုံးခါ ကျောင်းကို သွားရတယ်။ A`ဒီကျောင်းက သီချင်းတွေ ဖွင့်ပြတယ်။ A င်္ဂလိပ် စကားပြောသံတွေ ကြားရမယ်။ A`ဒါဟာ ကလေးကို နားရည်ဝစေပြီး ပင်ကိုယ်A ရည်A သွေး တိုးတက်စေဖို့ A ထောက်A ပံ့ ဖြစ်စေတယ်လို့ ယုံကြည်ကြတယ်။ A`ဒါထက် တစ်ဆင့်တက်လာတာက A`ဒီကလေး A ပြင်ကို မရောက်ခင် ကိုယ်ဝန်ဆောင် မိခင်လောင်းတွေက ဗိုက်ထဲက ကလေးA တွက် ရည်ရွယ်ပြီး ကျူရှင် သွားတက်ကြတာပဲ။ ဗိုက်ထဲက သန္ဓေသား ကလေးငယ်တွေဟာ မိခင်းစားသမျှ A ၁ဟာရတွေကို တစ်ဆင့်ခံ စားသုံးနိုင်သလို သူတို့A တွက် ရည်ရွယ်ပို့ချတဲ့ သင်ခန်းစာတွေကိုလည်း ဗိုက်ထဲက ခံယူနိုင်ကြတယ်ဆိုလို့ ယုံကြည်ယူဆကြတယ်။ ဩော်... မိဘတွေများ သားသမီးA တွက်ဆို

ဘာပဲ လုပ်ရလုပ်ရ ဆိုတဲ့ ခံယူချက်ပဲ ထင်ပါရဲ့။ အခု ခပ်ကဲကဲ မိခင်လောင်းတွေအတွက် ခပ်ဆန်းဆန်း ပစ္စည်းတစ်မျိုး ထပ်မံထွက်ပေါ်လာပြန်ပါပြီ။ အဲဒါကတော့ Baby Plus လို့ အမည်ရတဲ့ နောက်ဆုံးပေါ် နည်းပညာသုံး ပညာသင်ကိရိယာ အသစ်ကလေးပါပဲ။ အဲဒီကိရိယာလေးကို မိခင်လောင်းရဲ့ ဗိုက်မှာ ကပ်ထားရုံနဲ့ ဗိုက်ထဲက သန္ဓေသားဟာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေမယ်တဲ့။ ကိုယ်ဝန် ၁၈ ပတ်ကနေ ၃၂ ပတ်အတွင်း စတင်သုံးစွဲနိုင်ပြီး ဘေးထွက်ဆိုးကျိုး မရှိပါဘူးတဲ့။ ဒီကိရိယာ တပ်ဆင်ထားရင် သန္ဓေသားဟာ အမေဖြစ်သူရဲ့ နှလုံးခုံသံအပြင် နောက်ထပ် နှလုံးခုန်သံ ၁၆ မျိုးကိုလည်း မှတ်သားနိုင်မယ်တဲ့။ အမေရိကန် ဝါရှင်တန် စိတ်ဖွံ့ဖြိုးမှုပါရဂူ ဒေါက်တာ ဘရန့်လိုဂန် (Brient Logan) ၂၅ နှစ်တိုင်တိုင် ကြာအောင် သုတေသနပြုနေပြီး မြန်မာနိုင်ငံကိုလည်း ရောက်ရှိနေပါပြီ။ ဗိုက်မှာ အမြဲတပ်ထားဖို့ မလိုပါဘူး။ တစ်နေ့ နာရီအနည်းငယ် တပ်ထားရုံနဲ့ လုံလောက်ပါတယ်တဲ့။ တန်ဖိုးကတော့ မြန်မာငွေ နှစ်သိန်းလေးသောင်းပါ။ ကဲ… သားသမီး ဆင်စီးမြင်းရံတာ မြင်ချင်တဲ့ မိဘတွေ ငွေပိုငွေလျှံလေးများ ရှိရင် စမ်းသပ်ကြည့်ဖို့ မကောင်းပေဘူးလား ခင်ဗျာ။

*ရယ်စရာမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၉ခုနှစ်။*

## အခွင့်မရှိ မရိုက်ရ

ကမ္ဘာက အရှေ့အလယ်ပိုင်းဒေသလို့ သတ်မှတ် ခေါ်ဝေါ်လေ့ရှိတဲ့ အာရပ်ကမ္ဘာဟာ အစ္စလာမ်ဘာသာရေး ကြီးစိုးလွှမ်းမိုးတဲ့ ဒေသဆိုတာ အများသိပြီး ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု အနုပညာပါမကျန် အရာရာဟာ ဘာသာရေးရဲ့ လက်အောက်ခံပြီး သူတို့ဆီက ဘာသာရေးခေါင်းဆောင် ဆိုသူတွေဟာလည်း (ခိုမေနီတို့လို) နိုင်ငံအုပ်ချုပ်သူတွေအပေါ် ဩဇာညောင်းတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ဆီက အမျိုးသမီးတွေဟာ ခေါင်းမြီးခြုံ မပါဘဲ အပြင်ထွက်ခွင့် မရှိဘူး။ မော်တော်ကားမောင်းခွင့် မရှိဘူး။ အရက်ဆိုင် မရှိဘူး။ ရုပ်ရှင်ရုံ မရှိဘူး။ (အရက်ဆိုင် မရှိဘူးဆိုတော့ သူတို့ဆီက ကဗျာဆရာတွေ ဘာသောက်နေကြသလဲ မသိဘူး။ အိုမာခယမ်ကို သတိရစရာပေါ့ဗျာ)

အီရန်သမ္မတလောင်း မစ္စတာ မော်ဆာလီကတော့ လစ်ဘရယ်အမြင် ရှိပုံရပါတယ်။ သူက ၁၉၇၉ က စတင်ခဲ့တဲ့ အစ္စလာမ် တော်လှန်ရေးရဲ့ ရည်မှန်းချက်ဟာ လွတ်လပ်မှုပဲလို့ မဲဆွယ်ပွဲမှာ ကြွေးကြော်ခဲ့တယ်။ ရွေးကောက်ပွဲကျတော့ အမာဒီနီဂျက်ကို ရှုံးပါလေရော။ အဲဒီ အီရန်ရဲ့ ဩဇာဟာ အိမ်နီးချင်း အီရတ်နိုင်ငံ အပေါ်မှာပါ လွှမ်းမိုးမှု ရှိခဲ့ပါတယ်။ (ဖယ်ရှားခံရတဲ့ ဆဒမ်ဟူစိန်ဟာ ဘာသာရေးနဲ့ ကင်းတဲ့ အုပ်ချုပ်ရေးစနစ်ကို ထူထောင်ဖို့ ကြိုးစားခဲ့တဲ့သူ ဖြစ်ပါတယ်) အီရတ်အမျိုးသမီးတွေ ခေါင်းမြီးပြန်ခြုံရပြီး အရက်ဆိုင်တွေလည်း ပိတ်လိုက်ပါတယ်။ ဘာသာရေးကို အခြေခံတဲ့ နိုင်ငံရေးပါတီတွေလည်း အပြိုင်းအရိုင်း ပေါ်ပေါက်လာတယ်။

အယူသီးလွန်းတယ်လို့ အပြစ်တင်ချင်ရင် မွတ်စလင်ကမ္ဘာကိုပဲ ကွက်ပြောလို့ မဖြစ်ပါဘူး။ အိန္ဒိယမြောက်ပိုင်း ကန်ပူရ်မြို့က ကောလိပ်ကျောင်းလေးခုမှာ ကျောင်းသူတွေ ဂျင်းဘောင်းဘီ ဝတ်တာကို ပိတ်ပင်တဲ့ အမိန့်ထုတ်လိုက်ပါတယ်။ ဂျင်းဘောင်းဘီသာ မဟုတ်ဘူး၊ စကတ်တို့၊ အကျႌ ခပ်ကျပ်ကျပ်တို့ကိုလည်း ဝတ်ခွင့်မပေးဘူးတဲ့။ ဒါက ဟိန္ဒူ လူ့အဖွဲ့အစည်းထဲက အဖြစ်တစ်ခုပါ။ ကေရာလာပြည်နယ်မှာတော့ (အဲဒီပြည်နယ်မှာ ကွန်မြူနစ်ပါတီရဲ့ ဩဇာလွှမ်းမိုးနေပါတယ်) ကောလိပ်ကျောင်း ပွဲလမ်းသဘင်တွေထဲမှာ အိန္ဒိယရုပ်ရှင်တွေထဲကလို အကမျိုးတွေ ခွင့်မပြုဘူးလို့ ဆိုပါတယ်။ အမျိုးသမီးရေးရာဝန်ကြီးဟောင်း ရာနူကာ ချောင်ဒရီကတော့ "ဒါဟာ အိန္ဒိယမှာ တာလီဘန်ပုံစံ သွတ်သွင်းလာတာ"လို့ ဝေဖန်ခဲ့ပါတယ်။

အဲဒီ အိန္ဒိယမှာပဲ ဂါလင်ကောလို့ အမည်ရတဲ့ ကျောင်းသူတစ်ယောက်ဟာ ဆစ်ဘာသာရေးမြို့တော် အာမီစတာက ဆေးဘက်ဆိုင်ရာ ကောလိပ်ဝင်ခွင့် အပယ်ခံရပါတယ်။ သူ့အပြစ်က မျက်ခုံးမွေး နှုတ်လို့တဲ့။ အဲဒီကိစ္စကို တရားရုံးတင်ပေမယ့်လည်း အိန္ဒိယတရားရုံးက ကျောင်းသူလေးကို အရှုံးပေးလိုက်ပါတယ်။ (မျက်ခုံးမွေးကို မရိတ်ဘဲ ထားတာဟာ ဆစ်ဘာသာရေးမှာ အင်မတန် အရေးကြီးတယ်တဲ့) မော်လဝီဆရာတွေရဲ့ မုတ်ဆိတ်လို နေမှာပေါ့။ တစ်ကျောင်း တစ်ဂါထာပဲပေါ့ ခင်ဗျာ။

## အကြီးကြီးနဲ့ သေးသေးလေး

သေးသေးလေးဆိုတော့ ရှည်ရှည်ဝေးဝေး တွေးမနေနဲ့ ဒြပ်စင်ပေါ့ဗျာ။ အဏုမြူ (အက်တမ်)ကို ခွဲစိတ်လိုက်ရင် ပရိုတွန် နျူထရွန် အီလက်ထရွန်စသဖြင့် အစိတ်စိတ်အမွှာမွှာ ထွက်ပေါ်လာပါတယ်။ အဲဒီမတိုင်မီကတော့ အက်တမ်ကိုပဲ အခိုင်မာဆုံး အခြေခံအကျဆုံး ရုပ်ပစ္စည်းလို့ လက်ခံခဲ့ကြဖူးတယ်ပေါ့။ မကြာမီက ဂျာမန်သိပ္ပံပညာရှင် ဟော့ဖ်မင်း ခေါင်းဆောင်တဲ့ လူစုဟာ ဒြပ်စင်အသစ်တစ်ခု ဖြစ်တဲ့ ဒြပ်စင် ၁၁၂ ခုကို တွေ့ရှိခဲ့ကြလို့ ဒြပ်စင်ဇယားလို့ခေါ်တဲ့ Periodicatable မှာ ထည့်သွင်းဖို့ စီစဉ်နေပါတယ်။ လောလောဆယ် အဲဒီဒြပ်စင်ကို ပေးထားတဲ့ အမည်ကတော့ Ununbiun တဲ့။

သေးသေးလေး အရာသွင်းခံရတဲ့ အချိန်မှာ အကြီးကြီးကတော့ ငယ်စာရင်း ဖျက်ခြင်း ခံလိုက်ရပါတယ်။ အဲဒါကတော့ ပလူတိုဂြိုဟ်ပါပဲ။ ဒီဂြိုဟ်ဟာ နေစကြဝဠာအတွင်း မိသားစုဝင်အဖြစ် နှစ်ပေါင်း ၂၄၈ နှစ်ကြာအောင် အသိမှတ်ပြုခံခဲ့ရတဲ့ ဂြိုဟ်ပါ။ အဝေးကြည့်မှန်ပြောင်း နည်းပညာသစ် ၂၀၀၆ ပေါ်ထွက်လာခဲ့ပြီးမှ ဒီပလူတိုဂြိုဟ်ဟာ ဂြိုဟ်တစ်ခု ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ မပြည့်စုံဘူးဆိုပြီး (အရန်ဂြိုဟ်မရှိတဲ့ အချက်လည်း ပါတယ်) ဂြိုဟ်စာရင်း အဖျက်ခံရတော့တာပဲ။ နက္ခဗေဒင်ဆရာတွေနဲ့ ဘုရားကိုးဆူဆရာတွေ အတွက်တော့ ကသိကအောက် ဖြစ်စရာပေါ့ခင်ဗျာ။ သူ့ခမျာ ဂြိုဟ်ပြုတ်ဘဝ ရောက်ခါမှ နာမည်ပါ ပြောင်းပေးခံရသေးတယ်။ အခုနာမည်က ပလူတွိုက်တဲ့ဗျာ။

## ကျွန်ုပ်တို့ အပူကင်းရေး

မိုးကုန်စ ရှိသေးတယ်။ လူတွေ ပူပြင်းဒဏ်ကို အလူးအလဲ စတင်ခံကြရပါတော့တယ်။ A`ဒီလို ရာသီဥတု ပြောင်းလဲမှုဟာ လူသားတွေ ကျန်းမာရေးA တွက် A ရေးကြီးတဲ့ စိန်ခေါ်မှုလို့ ပညာရှင်တွေက ဆိုနေကြပါတယ်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းနဲ့ နောက်ဆက်တွဲ A ကျိုးဆက်တွေကြောင့် သေဆုံးနေကြတဲ့ သူတွေဟာ ကမ္ဘာမှာ နှစ်စဉ် ၃ သန်းA ထက် ရှိတယ်တဲ့။ ဗြိတိန်က ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဝန်ကြီး A က်မီလီဘန့်ကတော့ ဒီလို ရာသီဥတု ပြောင်းလဲ ဖောက်ပြန်ခြင်းကို ထိန်းသိမ်းဖို့ဆိုရင် လူတွေရဲ့ နေထိုင်မှုပုံစံကို ပြောင်းလဲဖို့ လိုတယ်လို့ A ကြံပေးပါတယ်။ ဖန်လုံA ိမ်ဓါတ်ငွေ့ A ၁နိသင် လျှော့နည်းဖို့ (လေA းပေးစက် တပ်ဆင်မယ့်A စား ယပ်တောင်တွေ မသုံးသင့်ဘူးလား) ထင်းနဲ့ ချက်ပြုတ်ခြင်း၊ မော်တော်ကားတွေ ထုတ်လွှတ်တဲ့ A ိတ်ဇောငွေ့။ (ခရီးတိုတွေမှာ စက်ဘီးကို သုံးရင် လောင်စာဆီ ချွေတာရာလည်း ရောက်ပါတယ်) သစ်တော ပြုန်းတီးမှုဘေး။ A ိုဇုန်းလွှာ A ပေါက်လျော့ကျA ၁င် ကျွန်တော်တို့ ဘာတွေလုပ်ကြမလဲ။

ဖန်လုံA ိမ်ဓါတ်ငွေ့ ၆ မျိုးမှာ မီသိန်းဓါတ်ငွေ့လည်း တစ်ခု ပါပါတယ်။ A`ဒီ ဓါတ်ငွေ့က မိလ္လာတွင်း၊ ကျောက်မီးသွေးတွင်းတွေကသာ ထွက်လာတာ မဟုတ်ဘူး။ ကျွဲ၊ နွား၊ သိုး၊ ဝက်စတဲ့ မွေးမြူရေး တိရစ္ဆာန်တွေ လေပို့လေA န်ရာကလည်း ထွက်ရှိလာပါတယ်။ A`ဒါက မီသိန်းဓါတ်ငွေ့A ၁းလုံးရဲ့ လေးပုံတစ်ပုံ ရှိတယ်တဲ့။ A`ဒါကို ဘယ်လို ထိန်းချုပ်ရမယ်ဆိုတာကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်တွေA တွက် ခေါင်းခဲစရာပဲ ဖြစ်၍နေပါတယ် ခင်ဗျား။

*ရယ်စရာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၀ခုနှစ်။*